PUN HLAING + SILOAM HOSPITALS

The VOICE Sunday

Vol. 4 / No. 281 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ တနင်္ဂနွေနေ့၊ (Sunday, March 5 , 2017)

# ရန်ကုန်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးပါက ကျပ် ၉၀၀ ဘီလီယံနီးပါး အရှုံးပေါ်နိုင်

ရန်ကုန်၊ မတ် ၄

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် လျှပ်စစ်ပမာဏကို အပြည့်အဝ ထုတ်လုပ် ဖြန့်ဖြူးမည်ဆိုပါက အစိုးရက ကျပ် ၉၀၀ ဘီလီယံနီးပါး အရှုံးခံရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က မတ်လ ၃ ရက်နေ့က ကျင်းပသည့် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေးဖိုရမ်တွင် ပြောကြားသည်။

အဆိုပါအရှုံးပေါ်နေသည့် ပြဿနာကိုအဖြေရှာရန် ဝိုင်းဝန်းဆွေးနွေး P - 2

## မကွေးမြို့နယ်ရှိ ကျေးရွာအချို့သောက်သုံးရေခက်ခဲ




P - 5

သောက်သုံးရေအခက်အခဲဖြစ်နေသည့် မကွေးမြို့နယ်အတွင်းရှိ ကျေးရွာနှင့် တဲတိုက် စုစုပေါင်း ၁၆ နေရာခန့်ရှိသည်

## အောင်ဘာလေထီလက်မှတ် မူရင်းဈေးနှုန်းထက် ပိုမိုရောင်းချမှုများကို အရေးယူမည်

ရန်ကုန်၊ မတ် ၄

မြန်မာနိုင်ငံအနှံ့တွင် မတ်လ ၁ ရက်မှ စတင်ဖြန့်ချိသည့် ကျပ်ငါးရာတန် ထီလက်မှတ်အပေါ် လူထုအနေနှင့် စိတ်ဝင်စားမှုမြင့်တက်နေသော်လည်း သတ်မှတ်ဈေးနှုန်းထက် ပိုရောင်းချခြင်းများကို အရေးယူမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနထံမှ P - 11

## အလုပ်ရှင် အလုပ်သမား ချုပ်ဆိုမည့် စာချုပ်ကို မတ်လအတွင်း အတည်ပြုနိုင်မည် P - 13

## လဟယ်တွင် ချောင်းဆိုးရောဂါကြောင့် လူ ၁၄ ဦး သေဆုံး P - 12

## လောက်ကိုင်ရှိ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများကို နေရပ်ပြန်ရန်ပြော P - 9

## ရှေ့နေဦးကိုနီအား လုပ်ကြံသူကြည်လင်း အပါအဝင် လေးဦးကို စတင်တရားစွဲ

ရန်ကုန်၊ မတ် ၄

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ကိုနေဝင်းအား သေနတ်ဖြင့် ပစ်သတ်သူကြည်လင်းနှင့် ပူးပေါင်းပါဝင်သူများကို မတ်လ ၃ ရက်မွန်းလွဲပိုင်းက မြောက်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

အဆိုပါတရားစွဲဆိုခံရသူများမှာ ဦးကိုနီအား သေနတ်ဖြင့်ပစ်သတ်သူ အသက်၅၄ နှစ်အရွယ်ကြည်လင်း၊ အသက် ၄၆ နှစ်အရွယ် အောင်ဝင်းဇော်၊ P - 2

## လိပ်ကျွန်းလူသတ်မှု အစိုးရ ကူညီပေးရန် ဆန္ဒပြ

ရန်ကုန်၊ မတ် ၄

ထိုင်းနိုင်ငံ၊ လိပ်ကျွန်း လူသတ်မှုဖြင့် မြန်မာနိုင်ငံသားနှစ်ဦးကို အယူခံတရားရုံးက သေဒဏ် ထပ်မံချမှတ်ခဲ့ခြင်းကို ဖြေလျှော့နိုင်ရေး အစိုးရက ပူးပေါင်းပါဝင်ပေးရန် ဆန္ဒပြတောင်းဆိုမှုကို ရန်ကုန်မြို့တွင် မတ်လ ၄ရက်နေ့က ပြုလုပ်ခဲ့သည်။ P - 3




KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY
EUROMONEY 2016

# ကြားဖြတ်ရွေးကောက်ပွဲအပေါ် လူထုစိတ်ဝင်စားမှု မြှင့်တင်ရေးဆောင်ရွက်ရန် အရပ်ဘက်အဖွဲ့အစည်းများ တိုက်တွန်း

**ရန်ကုန်၊ မတ် ၄**

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူများ စိတ်ဝင်စားရန်နှင့် လူထုပါဝင်မှု မြင့်မားလာစေရေး တိုးမြှင့်ဆောင်ရွက်ရန် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့် အရပ်ဘက်အဖွဲ့အစည်းများက တိုက်တွန်းပြောကြားလိုက်သည်။

လာမည့်ကြားဖြတ်ရွေးကောက်ပွဲကို စိတ်ဝင်စားမှုနည်းပြီး မဲပေးသူဦးရေ ကျဆင်းနိုင်သောကြောင့် အရပ်ဘက်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲမူဘောင် ပြုပြင်ပြောင်းလဲရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ERCB) က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများသို့ တိုက်တွန်းသည့် သဘောထားထုတ်ပြန်မှုကို မတ်လ ၄ ရက်နေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းများကို ပြည်သူများ ပိုမိုသိရှိစေရန် ရုပ်မြင်သံကြား၊ ရေဒီယို၊ SMS စာတိုပေးပို့ခြင်း စသည့်သမားရိုးကျ နည်းလမ်းများအပြင် အများပြည်သူနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံနိုင်မည့် နည်းလမ်းများကို သုံးစွဲသင့်ကြောင်း ERCB အဖွဲ့က အကြံပြုထားသည်။

"ကော်မရှင်အနေနဲ့က သမားရိုးကျနည်းလမ်းတွေအပြင် ပြည်သူနဲ့ တိုက်ရိုက်ထိတွေ့နိုင်တဲ့နေရာ ဥပမာဆိုရင် Myanmar Idol လိုနေရာမျိုးမှာ ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို ပြသခြင်းက လူထုရဲ့စိတ်ဝင်စားမှုကို ပိုရနိုင်တယ်" ဟု ERCB မှ ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း အမှုဆောင်ဒါရိုက်တာ ဒေါ်ရွှေရည်ဝင်းက ပြောသည်။

အလားတူ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများအနေနှင့်လည်း မဲဆွယ်စည်းရုံးမှုများကို ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန်နှင့် မဲဆွယ်စည်းရုံးရေးအပြင် မဲဆန္ဒရှင်အသိပညာပေးမှုများကိုပါ ထည့်သွင်းရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

ရွေးကောက်ပွဲမူဘောင် ပြုပြင်ပြောင်းလဲရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ERCB)ကို ၂၀၁၆ ခုနှစ်တွင် အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်သော MYNFEL၊ Rainmaker၊ ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း (PJM)၊ ဒါနရှေ့ဆောင်မြန်မာ (COM)၊ ပဏ္ဍိတဖွံ့ဖြိုးရေး အင်စတီကျူ၊ ဖန်တီးအိမ်လူမှုအဖွဲ့အစည်း (Creative Home)၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)၊ မြန်မာလူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးကွန်ရက်၊ ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (PACE)၊ ရောင်ခြည်သစ်၊ လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့နှင့် အောက်ချင်းလူမှုအဖွဲ့အစည်းတို့ဖြင့် ဖွဲ့စည်းထားကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။



ဓာတ်ပုံ - ရိုနီ

လာမည့် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးနိုင်သူ ၂ ဒသမ ၂ သန်းခန့်ရှိပြီး လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာ(မြို့နယ် ၂၂ မြို့နယ်)တွင် ရွေးကောက်ပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

ထို့ပြင် အခြေခံမဲစာရင်းများကိုမတ်လ ၁၇ ရက်နေ့မှ ၂၅ ရက်နေ့အထိ ၂ ပတ်ကြာ ပြန်လည်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။ ■ **J-09**

---

**မျက်နှာဖုံး - ရှေ့နေဦးကိုနီအား လုပ်ကြံသူ ကြည်လင်း မှ အဆက်**

အသက် ၄၂ နှစ်အရွယ် ဗေယျာဖြိုးနှင့် ထွက်ပြေးတိမ်းရှောင်နေသူ အောင်ဝင်းခိုင်တို့ဖြစ်ပြီး ခရိုင်တရားရုံးမှရာဇဝတ်အမှုကြီးအမှတ် ၄၅/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် လည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ အောင်ဝင်းခိုင်အား ရာဇဝတ်အထွေထွေအမှတ် ၂၀/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ကျင့် ၅၁၂ ဖြင့် လည်းကောင်း၊ ကြည်လင်းနှင့် အောင်ဝင်းဇော်တို့ကို ရာဇဝတ်အမှုကြီးအမှတ် ၄၆/၁၇၊ ၁၈၇၈ ခုနှစ် လက်နက် များဥပဒေပုဒ်မ ၁၉(ဃ)(စ)ဖြင့်လည်းကောင်း၊ မြောက်ပိုင်းခရိုင် တရားသူကြီး ဦးတင်ထွေးက စစ်ဆေးရန် လက်ခံဆောင်ရွက်ခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

"မတ်လ ၃ ရက်နေ့က အမှုနှစ်မှုနဲ့ စတင်တရားစွဲခဲ့တာပါ၊ လူသတ်မှုပုဒ်မ ၃၀၂ နဲ့ကတစ်မှု၊ လက်နက်ပုဒ်မ ၁၉ (ဃ)(စ) နဲ့က တစ်မှုပါ၊ မတ်လ ၁၇ ရက်နေ့ကျရင်တော့ အမှုကို စစ်မယ်လို့သိရပါတယ်" ဟု ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှ အမည်မဖော်လိုသည့် ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဇန်နဝါရီလ ၂၉ ရက် နေ့က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ အင်ဒိုနီးရှားနိုင်ငံတွင် Senior Leadership Prigram ကို တက်ရောက်ပြီး ပြန်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal (1) ဂိတ် အနီးတွင် ဦးခေါင်းကို အနီးကပ် သေနတ်နှင့်ပစ်သတ်ခဲ့သူ အသက် ၄၆ နှစ်အရွယ် ကြည်လင်းအား ဖမ်းမိရာမှ နောက်ကွယ်မှ စေခိုင်းသူ စစ်ထောက်လှမ်းရေးဟောင်း ဗေယျာဖြိုးနှင့် ပူးပေါင်းပါဝင်သူများဖြစ်သော တပ်မတော်အရာရှိဟောင်း အောင်ဝင်းဇော်နှင့် အောင်ဝင်းခိုင်တို့ကို ဖော်ထုတ်ဖမ်းဆီးခဲ့ပြီး တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

လူသတ်မှုကျူးလွန်သည့်ကြည်လင်းအား အနီးရှိပြည်သူများနှင့် လေဆိပ်အငှားယာဉ်မောင်းအဖွဲ့မှ ဝိုင်းဝန်းဖမ်းဆီးစဉ် ၎င်းမှ သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင်ညို(၁) လမ်းတွင်နေထိုင်သူ အသက် ၄၈ နှစ် အရွယ် အငှားယာဉ်မောင်း ကိုနေဝင်း (ခ)ဝင်းလွင်မှာ ဆီးအိမ်တွင် သေနတ် ထိမှန်ဒဏ်ရာရရှိခဲ့ပြီး မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံသို့တင်ပို့စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ■**J 16**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

**မျက်နှာဖုံး - ရန်ကုန်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးပါက မှ အဆက်**

နေပြီး မီတာခတိုးကောက်ရန်မှာမူ နည်းလမ်းပေါင်းစုံ၊ အချက်အလက်ပေါင်းစုံနှင့် ညှိနှိုင်းတွက်ချက်ပြီးမှ အဖြေရှာရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကို သုံးစွဲနေပြီး နှစ်စဉ်ဓာတ်အားသုံးစွဲမှု တိုးလာသဖြင့် အစိုးရက အရှုံးခံစိုက်ထုတ်ရသည့်ပမာဏလည်း ပိုမိုများပြားလာကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးထွန်းလှိုင်က ပြောကြားသည်။

လက်ရှိတွင် အိမ်သုံးလျှပ်စစ်မီတာခ တစ်ယူနစ်ကို ၃၅ ကျပ်မှ ၅၀ အထိ ကောက်ခံပြီး လုပ်ငန်းသုံးလျှပ်စစ်မီတာခ တစ်ယူနစ်ကို ၇၅ ကျပ်မှ ကျပ် ၁၀၀ အထိ ကောက်ခံကြောင်း၊ လက်ရှိ၌ အစိုးရအနေနှင့် လျှပ်စစ်ဓာတ်အား တစ်ယူနစ်ရောင်းချတိုင်း ၂၃ ကျပ် အရှုံးပေါ်နေကြောင်း ၎င်းကရှင်းပြသည်။

"အစိုးရက လျှပ်စစ်သုံးစွဲခွင့်ရရှိသူ ၃၅ ရာခိုင်နှုန်းအတွက် တစ်နှစ်ကို ကျပ်ဘီလီယံ ၃၀၀ ကျော်၊ ၄၀၀ နီးပါး စိုက်ထုတ်ပေးနေရတယ်။ ဒီပိုက်ဆံတွေကို သုံးစွဲသူတွေက အရင်းကျေအောင်ပေးနိုင်မယ်ဆိုရင် ဒီပိုက်ဆံတွေက မီးမရရှိသေးတဲ့ဒေသတွေအတွက် အထောက်အပံ့ဖြစ်မှာပါ။ အခုအစိုးရက အရှုံးခံနေရတော့ အခြားဒေသတွေမီးရရှိဖို့ ဆောင်ရွက်တဲ့နေရာ ဘတ်ဂျက်အကန့်အသတ်တွေကြောင့် နှေးကွေးနေတယ်" ဟု ၎င်းကဆိုသည်။

ယခင်ဘဏ္ဍာနှစ်က ရန်ကုန်တိုင်းဒေသကြီးလျှပ်စစ်သုံးစွဲမှုအတွက် အစိုးရက ကျပ်ဘီလီယံ ၄၇၀ ကို အရှုံးခံစိုက်ထုတ်ပေးခဲ့ရကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနထံမှ သိရသည်။

"အစိုးရက လျှပ်စစ်ကို အရှုံးခံလုပ်ပေးနေတယ်လို့ပြောနေတယ်။ ကျွန်မတို့ဆိုလည်း ထမင်းချက်၊ ရေတင်၊ တီဗီကြည့်တာလေးကို တစ်လကို တစ်သောင်းနီးပါး မီတာခဆောင်နေရတယ်။ ပြီးတော့ မီတာဖတ်တာတွေလည်း မမှန်ဘူး။ ပုံမှန်သုံးတာကိုပဲ တစ်သောင်းကျလိုက်၊ တစ်သောင်းခွဲကျလိုက်နဲ့ ဘယ်လိုတွေ ကောက်မှန်းမသိဘူး" ဟု လျှပ်စစ်မီးသုံးစွဲသူ ဒေါ်ရင်လှိုင်က ပြောကြားသည်။

■ **J-13**

# ပဲခူးတိုင်း အစိုးရအဖွဲ့ကို တိုင်းလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဝေဖန်

**ပြည်၊ မတ် ၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများအနေနှင့် အောက်ခြေ ဝန်ထမ်းများနှင့် ထိတွေ့မှု အားနည်းနေပြီး အစိုးရအဖွဲ့ ကတိကဝတ်များဖြင့် လုပ်ဆောင်ရန် လိုအပ်နေကြောင်း ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က ဝေဖန် ပြောကြားသည်။

အဆိုပါ ပြောဆိုမှုကို မတ်လ ၃ ရက်နေ့က ပြည်မြို့သို့ လူငယ့်ရိပ်မြုံ ဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲသို့ ခေတ္တရောက်ရှိသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက မီဒီယာအချို့နှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

မြို့နယ် အဆင့်ရှိ ကိစ္စရပ်များကို ပဲခူးတိုင်းဒေသကြီး အစိုးရအဆင့်မှ ဝန်ကြီးတစ်ဦးဦးက ဌာနဆိုင်ရာအလိုက် အဆင့်ဆင့် အချက်အလက် ရယူရာတွင် အချက်အလက်များ လွဲချော်မှုများ ရှိနေကြောင်း၊ ယင်းအခြေအနေကြောင့်အောက်ခြေ ဝန်ထမ်းများနှင့် ထိစပ်မှု အားနည်းနေသည်ကို တွေ့ရကြောင်း ၎င်းက ရှင်းပြသည်။

"အစိုးရအဖွဲ့က ကတိကဝတ်ပေးထားပြီး လုပ်ဆောင်ပြီးတာ၊ မလုပ်ရသေးတဲ့ ကိစ္စတွေ၊ ခွဲခြားသတ်မှတ်ပြီး လာမည့် လွှတ်တော်မှာ ကတိကဝတ် ကော်မတီကနေ အဆိုတင်ဖို့ရှိတယ်" ဟု ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က ပြောဆိုသည်။

တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များက မြို့နယ်တစ်ခုတွင် နှစ်ဦးစီရှိပြီး၊ ပါတီရုံးများမှာလည်း ကျေးလက်အထိရှိသောကြောင့် လွှတ်တော် အနေနှင့် တင်ပြသည့် အချက်အလက်များ လွဲမလွဲ သိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

"အစိုးရအဖွဲ့တွေက အောက်ခြေနဲ့ထိတွေ့မှုနည်းတာကို လက်ခံပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်ကတော့ ကိုယ့်ဒေသအလိုက် လုပ်စရာတွေ တင်ပြတယ်၊ အစိုးရအနေနဲ့ကတော့ ရတဲ့ဘတ်ဂျက်ပေါ်မူတည်ပြီး ဒေသအလိုက် ခွဲဝေပေးရတာရှိတယ်၊ လွှတ်တော်ကိုယ်စားလှယ်က ဒေသအတွက် တောင်းတယ်၊ အစိုးရက မျှတတဲ့အချိုးနဲ့ ဘဏ္ဍာငွေ ခွဲပေးရတော့ မလောက်ဘူး၊ လွှတ်တော်နဲ့ တိုင်းအစိုးရကြား ပွတ်တိုက်မှုလေးတွေရှိတယ်" ဟု ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွှန့်ရွှေက ပြောသည်။

မတ်လ ၂၀ ရက်နေ့တွင် စတင်မည့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် အစိုးရက ကတိကဝတ်ပြုပြီး လုပ်ဆောင်ပြီးသည်များ၊ လုပ်ဆောင်ရန် ကျန်ရှိနေသေးသည်များ ခွဲခြားပြီး လုပ်ဆောင်ရန် အဆိုတင်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး လွှတ်တော်ထံမှ သိရသည်။ ■

[illegible]

## မျက်နှာဖုံး - လိပ်ကျွန်းလူသတ်မှု အစိုးရ ကူညီပေးရန် မှ အဆက်



ဓာတ်ပုံ- မြင့်မိုးညို

ထိုင်းနိုင်ငံ အယူခံတရားရုံးမှ မူလတရားရုံး အမိန့်အတိုင်း မြန်မာနိုင်ငံသား ကိုဝင်းဇော်ထွန်းနှင့် ကိုဇော်လင်းတို့ကို မတ်လ ၁ ရက်နေ့တွင် သေဒဏ်ထပ်မံ ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းဆုံးဖြတ်ချက်ကို လက်မခံနိုင်ကြောင်းနှင့် အစိုးရက ပူးပေါင်းကူညီပေးသွားရန် အမျိုးသားရေးတက်ကြွလှုပ်ရှားသည့်အဖွဲ့အစည်းများ ဦးဆောင်၍ အင်အား ၃၀၀ကျော်ခန့် မတ်လ ၄ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

"အစိုးရတစ်ရပ်အနေနဲ့ နိုင်ငံတော်သမ္မတအဆင့်ကနေ သက်ဆိုင်ရာဝန်ကြီးဌာနအဆင့်ဆင့်အထိ ထိုင်းနိုင်ငံရဲ့တရားစီရင်ရေး မှားယွင်းနေမှုအပေါ်မှာ သွားရောက်ပြီးတော့ မေတ္တာရပ်ခံတောင်းဆိုတာမျိုးတွေ၊ တွေ့ဆုံဆွေးနွေးတာမျိုးတွေ လုပ်ပေးသင့်တယ်။ အခု အယူခံထပ်တင်မယ့်အပေါ်မှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ပေးသင့်တယ်လို့မြင်တယ်။ လိုအပ်ရင်လည်း ကျွန်တော်တို့လည်းပဲ အစိုးရရဲ့ဆောင်ရွက်မှုအပေါ်မှာ ထောက်ခံနေမှာဖြစ်ပါတယ်" ဟု ဆန္ဒထုတ်ဖော်ရာတွင်ပါဝင်သည့် မြန်မာအမျိုးသားရေးကွန်ရက် (MNN) မှ ဥက္ကဋ္ဌ ဦးဝင်းကိုကိုလတ်က ပြောကြားသည်။

၂၀၁၄ ခုနှစ် စက်တင် ဘာလ ၁၅ ရက်နေ့က ထိုင်းနိုင်ငံ၊ လိပ်ကျွန်းတွင် ကိုဇော်လင်းနှင့် ကိုဝင်းဇော်ထွန်းတို့ နှစ်ဦးသည် ဗြိတိန်နိုင်ငံသား အသက် ၂၄ နှစ်အရွယ် ဒေးဗစ်မေလာနှင့် အသက် ၂၃ နှစ်အရွယ် ဟန်နာဝစ်သာရစ်ဂျ်တို့ ၂ ဦး အသတ်ခံရမှုနှင့်ပတ်သက်၍ သံသယတရားခံများအဖြစ် စွပ်စွဲဖမ်းဆီးခံရပြီး ပြစ်မှုကျူးလွန်သည်ဟုဆိုကာ သေဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

"ပြည်သူတွေလည်း တာဝန်ကျေပြီ။ အနုပညာရှင်တွေလည်း လမ်းပေါ်ကို ထွက်ခဲ့ပြီးပြီ။ ပြည်သူတွေလည်း အကြိမ်ကြိမ်အခါခါ ထွက်ပြီးတော့ မတရားသေဒဏ်ပေးခံရတဲ့အပေါ်မှာ ကမ္ဘာကော မြန်မာကော သိအောင် ကြေညာခဲ့ပြီးပြီ။ နောက်ဆုံး အစိုးရပိုင်းတွေ ကျန်နေသေးတယ်" ဟု မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂအတွင်းရေးမှူး ဆရာတော် ဦးသုစိတ္တက ယင်းဆန္ဒပြပွဲတွင် မိန့်ကြားခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်ပြီး ကိုဝင်းဇော်ထွန်းနှင့် ကိုဇော်လင်းတို့က ကျူးလွန်ခဲ့ကြောင်း စတင်ဖမ်းဆီးစဉ်က ထွက်ဆိုခဲ့ကြပြီး နောက်ပိုင်းတွင် ထိုင်းရဲ၏ နှိပ်စက်ဝန်ခံခိုင်းခဲ့မှုကြောင့် ဝန်ခံခဲ့ရခြင်းဖြစ်ကြောင်းနှင့် အမှုကို မကျူးလွန်ကြောင်း ပြန်လည်ထွက်ဆိုခဲ့ကြသည်။

သို့သော်လည်း တရားရုံးက ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ၎င်းတို့ ၂ ဦးကို လူသတ်မှုအပါအဝင် ပုဒ်မ ၇ ခုဖြင့် အမြင့်ဆုံး သေဒဏ်ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

အယူခံတရားရုံးက သေဒဏ် ထပ်မံချမှတ်ခဲ့ပြီးနောက် ယင်းဆန္ဒပြပွဲ ဦးဆောင်သည့် အမျိုးသားရေးညွန့်ပေါင်း အဖွဲ့အနေနှင့် နိုင်ငံတော်အစိုးရက ကယ်တင်ဆောင်ရွက်ပေးရန် တောင်းဆိုကြောင်းနှင့် လိပ်ကျွန်းအမှုကို ကန့်ကွက်သည့် လက်မှတ်များ ပြည်သူများထံမှ ကောက်ယူကာ ထိုင်းနိုင်ငံ အစိုးရထံ ပေးပို့တောင်းဆိုမည့် လက်မှတ်ထိုး လှုပ်ရှားမှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့အစည်းထံမှ သိရသည်။ ■

**ရွှေဖူးခင်**



# ကျေးရွာပိုင်မြေ ကျူးကျော်လုပ်ကိုင်၍ အစိုးရက ဖြေရှင်းပေးရန်ပြော

**သပိတ်ကျင်း၊ မတ် ၄**



ဓာတ်ပုံ - တင်ဇော်ဦး

ပုံစံ ၇ ပယ်ဖျက်ကာ ကျေးရွာပိုင်မြေအဖြစ်သတ်မှတ်ထားသော မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု လမ်းလယ်ကျစ်ကျေးရွာ ရှမ်းတဲဒေသတွင် ကျေးရွာပိုင်မြေကို ကျူးကျော်ဝင်ရောက်ကာလုပ်ကိုင်နေသည်ကို အစိုးရတာဝန်ရှိသူများက ဖြေရှင်းပေးရန်လိုကြောင်း လမ်းလယ်ကျစ်ကျေးရွာဒေသခံများက ပြောကြားသည်။

ကျေးရွာပိုင်မြေ ရှမ်းတဲဒေသရှိ ကွင်းအမှတ်(OSS)ကွင်းအမည် ဝါးဖြူတောင်ကြေးပြင်ကွင်း ဦးပိုင်အမှတ် (N-139) ၁၈ ဒသမ ဝ၄ ဧကကို လယ်ယာမြေဥပဒေလုပ်ထုံးလုပ်နည်းနှင့် မညီသည့်အတွက် အဆိုပါပုံစံ ၇ ကိုပယ်ဖျက်ထားပြီးဖြစ်ရာ ယင်းမြေပေါ်တွင် ၇ မိုင် ချမ်းသာကျေးရွာသားတစ်ဦးက ဝင်ရောက်လုပ်ကိုင်နေသည့်အတွက် ကျေးရွာပိုင်မြေပျောက်ဆုံးခဲ့မှုနှင့် ပတ်သက်၍ မတ်လ ၄ ရက်နေ့က သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများ၏ အဆိုအရ သိရသည်။

“ကျေးရွာမိသားစုတွေ ထင်းခွေ၊ ရေခပ်၊ နွားကျောင်းနေတဲ့ ရွာစားကျက်မြေနေရာပါ။ ပုံစံ ၇ ပယ်ဖျက်ထားတဲ့နေရာကို အခုလုပ်ငန်းရှင်က ဖယ်မပေးဘူးဖြစ်နေတယ်” ဟု လမ်းလယ်ကျစ်ကျေးရွာဒေသခံ ဦးမြင့်ကျော်က ပြောဆိုသည်။

ယင်းသို့ကျေးရွာပိုင်မြေကို ကျူးကျော်ဆက်လက်လုပ်ကိုင်နေသည်ကို ရပ်မိရပ်ဖများက မြို့နယ်တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်လျက် ရှိသော်လည်း လုပ်ငန်းရှင်ကဆက်လက်ဝင်ရောက်လုပ်ကိုင်နေကြောင်း ဒေသခံများက ပြောကြားသည်။

လယ်ယာမြေဥပဒေ လုပ်ထုံးလုပ်နည်းနှင့်မညီသည့်အတွက် ယခင်အုပ်ချုပ်ရေးမှူးဟောင်းက ပုံစံ ၇ ကို ပယ်ဖျက်ထားပြီး ကျေးရွာမြေပေါ်တွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အကြိမ်ကြိမ်တားမြစ်ထားသော်လည်း လိုက်နာမှုမရှိရာ ဒေသခံများနှင့် ပဋိပက္ခဖြစ်လာနိုင်သည့်အတွက် သက်ဆိုင်ရာအဖွဲ့များကို ကွင်းဆင်းစစ်ဆေးရန်ညွှန်ကြားထားကြောင်း သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ပြောကြားသည်။

■ R-05

The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

## Editor's Word

# ပြည်သူ့ဝန်ဆောင်မှု ဆိုတာ

တစ်နေ့က ဓာတ်လှေကားထဲရောက်နေတုန်း မီးပျက်သွားတာနဲ့ ကြုံလို့ မိနစ်အနည်းငယ်လောက် တစ်ယောက်တည်း ပိတ်မိသွားရာကနေ ဒီလိုပိတ်မိသွားတဲ့အတွက် ပြည်သူတစ်ယောက်၊ စားသုံးသူတစ်ယောက်အနေနဲ့ ဘယ်သူ့ကို ဘယ်လို စောဒကတက်ရမလဲ စဉ်းစားကြည့်မိတယ်။

စင်ကာပူမှာ ဆယ်နှစ်ကျော်နေခဲ့တဲ့ အတွေ့အကြုံရှိမိတ်ဆွေတစ်ယောက်ကတော့ အထပ်မြင့်တိုက်တွေများတဲ့ စင်ကာပူမှာလည်း မကြာခဏဆိုသလို ဓာတ်လှေကားပိတ်မိတာတွေ ဖြစ်တတ်ပေမယ့် ဖြစ်ပြီဆိုတာနဲ့ မိနစ်ပိုင်းအတွင်း မီးသတ်ကရောက်လာသတဲ့။

အစိုးရက ဖွဲ့ပေးထားတဲ့ HDB ခေါ် အိမ်ရာဖွံ့ဖြိုးရေးဘုတ်အဖွဲ့က စီမံခန့်ခွဲတဲ့ အဆောက်အအုံတွေဆိုရင် ဓာတ်လှေကား ဖွင့်ပေးတာ၊ အထဲကလူကို ဖွင့်ထုတ်ကယ်ဆယ်ပေးတာတွေအတွက် Civil Defence ခေါ် မီးသတ်က အခမဲ့ လုပ်ပေးပြီး ပုဂ္ဂလိကပိုင် အဆောက်အအုံဆိုရင်တော့ စင်ကာပူဒေါ်လာငါးထောင်ကို အဆောက်အအုံပိုင်ရှင်က ရှင်းပေးရသတဲ့။

စင်ကာပူ မီးသတ်ကယ်ဆယ်တဲ့နည်းလမ်းက ဓာတ်လှေကားတံခါးကို အင်အားနဲ့ ဖွင့်ပြီး အထဲကလူကို ကယ်ပေးတာဆိုတော့ ဓာတ်လှေကားပျက်လို့ ပြင်ဆင်စရိတ်ကိုလည်း အဆောက်အအုံပိုင်ရှင်ကပဲ အကုန်အကျခံ ပြင်ပေးရသတဲ့။

ထိုင်ဝမ်မှာဆိုရင် ဒီလို ဓာတ်လှေကား ပိတ်မိတာမျိုးအပါအဝင် အရေးပေါ်ကယ်ဆယ်ရတဲ့ ကိစ္စမှန်သမျှ အစိုးရက အိတ်စိုက်ကျခံရသတဲ့။ ထိုင်ဝမ် မီးသတ်ကတော့ အိမ်ထဲ မြွေဝင်လို့ ဖမ်းပေးရတာမျိုး၊ အိမ်ထဲ ပျားလာအုံလို့ ပျားသလက်ခြွေ ပျားမောင်းပေးရတာမျိုးအထိ လုပ်ပေးရသတဲ့။

ဒီလို မီးသတ်တွေရဲ့တာဝန်၊ ဝတ္တရားတွေနဲ့ ပြည်သူတွေအပေါ် ဝန်ဆောင်ကူညီပေးရမယ့်ကိစ္စရပ်တွေက ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်၊ လက်စွဲတွေနဲ့ အသေးစိတ် အတိအကျ ပြဋ္ဌာန်းထားပြီး အဲဒီအတိုင်း တစ်သဝေမတိမ်း လေးစားလိုက်နာကြတယ်။

ဒါတွေက ကျွန်တော်တို့နဲ့ သိပ်မလှမ်းမကမ်းမှာ ရှိတဲ့ နိုင်ငံတွေက မီးသတ်တွေရဲ့အလုပ်လုပ်ပုံ၊ တာဝန်ယူ၊ တာဝန်ခံပုံ၊ ဥပဒေက တိတိကျကျ သတ်မှတ်ပုံ၊ လေးစားလိုက်နာပုံ တွေပဲရှိသေးတယ်။ ဒီ့ထက်ပိုပြီး လူ့အခွင့်အရေးနဲ့ လူသားတန်ဖိုးကို အလေးထားတဲ့ ဂျပန်နိုင်ငံတို့၊ ဥရောပနိုင်ငံတချို့တို့မှာဆို ပြည်သူတွေက မီးသတ်နဲ့ ရဲကို ရှာရှာပေါက်ပေါက် ကိစ္စတွေ၊ ပြဿနာတွေကိုပါ အကူအညီတောင်းလို့ လုပ်ပေးရတာတွေ ရှိတယ်။

ကျွန်တော်တို့ မြန်မာပြည်မှာတော့ ဓာတ်လှေကား ပိတ်မိတာမျိုးဆိုရင် မီးသတ်ကို အကြောင်းကြားလို့ လာကူညီတာမျိုးရှိပေမယ့် မီးသတ်တွေ ကိုယ်တိုင်လည်း ဓာတ်လှေကားကို ကျွမ်းကျွမ်းကျင်ကျင် ဖွင့်တတ်ဖို့ သေချာလေ့လာသင်ယူရဦးမယ်။

မြန်မာပြည်က မီးသတ်ကတော့ မီးလောင်ရင် မီးငြိမ်းသတ်ဖို့၊ မီးလောင်နေတဲ့ အဆောက်အအုံထဲက လူတွေကယ်ထုတ်ဖို့၊ သဘာဝဘေးအန္တရာယ်ကြုံတဲ့အခါ ကူညီကယ်ဆယ်ပေးဖို့စတဲ့ တာဝန်မျိုးတွေ ထမ်းဆောင်ပေးနေတာပဲ တွေ့ရများသေးတယ်။

ဒီလောက် လုပ်ပေးတဲ့အပေါ်မှာတောင် မြန်မာပြည်သူတွေက မီးသတ်တပ်ဖွဲ့ဝင်တွေအပေါ် အင်မတန် စာနာ၊ နားလည်၊ ကျေးဇူးတင်ပေးတတ်ကြတာ။ စင်ကာပူ၊ ထိုင်ဝမ်၊ ဂျပန်က မီးသတ်တွေလိုများ လုပ်ပေးလို့ကတော့ ပါးစပ်က တဖွဖွပြောလို့ကို ပြီးမှာမဟုတ်ဘူး။

တကယ်တော့ မီးသတ်ဆိုတဲ့ အဖွဲ့အစည်းရဲ့နောက်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှု၊ အဲဒီဝန်ဆောင်မှုကို တိတိကျကျ ပိုင်းခြားသတ်မှတ်ပေးတဲ့ ဥပဒေနဲ့ အဲဒီ ဥပဒေအတိုင်း အသက်ဝင်အောင် စီမံကြီးကြပ်ရတဲ့ အစိုးရ၊ အဲလိုလုပ်နိုင်အောင် လိုအပ်တဲ့ပံ့ပိုးမှုဆိုပြီး အဆင့်လိုက်ရှိနေတယ်။

အဲဒီ အဆင့်လိုက်ရှိနေတဲ့ နေရာဌာန၊ အင်စတီကျူးရှင်းတွေ အားကောင်းရင်ကောင်းသလို၊ ပံ့ပိုးမှုလို့ပြောတဲ့ ဘတ်ဂျက်၊ အဆောင်အယောင်၊ အထောက်အကူပစ္စည်း၊ ယာဉ်၊ ယန္တရား၊ နည်းပညာ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းတွေ ပြည့်စုံရင် ပြည့်စုံသလို၊ ပြည်သူတွေအတွက် စဉ်းစားရင် စဉ်းစားသလို ပြည်သူတွေကို ကူညီပေးနိုင်ပြီး အဲလိုကူညီပေးတဲ့အတိုင်း အတာအတိုင်း ပြည်သူက မေတ္တာနဲ့ ပြန်တုံ့ပြန်ကြတယ်ဆိုတာ သက်ဆိုင်သူတွေ စဉ်းစားကြည့်ကြဖို့ ပြောလိုရင်းဖြစ်တယ်။

**အယ်ဒီတာ ( ၄ - ၃ - ၂၀၁၇ )**

# ဝမ်းတွင်း၌မီးလင်းရေးကော်မတီအသစ်နှင့် အဟောင်း မသင့်မြတ်၍ မီးလင်းရန်ကြန့်ကြာ

မိတ္ထီလာ၊ မတ် ၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ အိမ်ခြေ ၄၀၀ ကျော်နှင့် လူဦးရေ ၁၈၀၀ ကျော်ရှိသည့် ပင်းတလဲကျေးရွာတွင် ဒေသခံ ၁၂ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည့် လျှပ်စစ်မီးလင်းရေးကော်မတီနှင့် ယခုနှစ် ဇန်နဝါရီလက အသစ်ပြန်ဖွဲ့စည်းသည့် မီးလင်းရေးကော်မတီအသစ်တို့ မသင့်မြတ်သဖြင့် မီးလင်းရေးကိစ္စ ကြန့်ကြာနေကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

လျှပ်စစ်မီးမရသေးသော ပင်းတလဲကျေးရွာတွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ရက်နေ့က မီးလင်းရေး ကော်မတီအဖွဲ့ဝင် ၁၂ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး လျှပ်စစ်မီးရရှိရေးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ရာတွင် ရပ်ရွာစုပေါင်းထည့်ဝင်ငွေ ကျပ် ၄၇၇ သိန်းကျော်ရရှိပြီး မီးပေးရန် အသင့်ရှိကြောင်း၊ သို့ရာတွင် လက်ရှိကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်ဖွဲ့စည်းထားသည့် ကော်မတီအသစ်နှင့် မသင့်မြတ်ကြသဖြင့် မီးလင်းရေးနှောင့်နှေးနိုင်ကြောင်း ကျေးရွာ မီးလင်းရေးကော်မတီဟောင်း ဥက္ကဋ္ဌ ဦးညွန့်လှိုင်က ပြောကြားသည်။

"ထရန်စဖော်မာခွဲရုံတည်ဆောက်ဖို့ ဦးပဥ္စင်းဆီမှာ မြေအလှူခံတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ တာဝန်ခံပါတယ်။ ရပ်ရွာကို ကူညီတဲ့အနေနဲ့ ပေ ၁၇၀ ပတ်လည်မြေကို လှူခဲ့တယ်။ ဒါပေမဲ့ ရပ်ရွာမှာ နာမည်ပျက်ရှိသူ ဥက္ကဋ္ဌဟောင်းနဲ့ သံဃာကို သင်းခွဲတဲ့သူနှစ်ယောက်တော့မပါစေနဲ့လို့ ပြောခဲ့တယ်" ဟု အဆိုပါ မီးလင်းရေးကိစ္စအတွက် မြေလှူခဲ့သည့် ရွှေစည်းခုံဘုရားကြီးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးသုဇာတကမိန့်ကြားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်၍ လက်ရှိအသစ်ပြန်လည်ဖွဲ့စည်းသော မီးလင်းရေးကော်မတီအသစ်တွင် အဆိုပါနှစ်ဦးပါနေသည့်အတွက် မြေကိုလှူဒါန်းလိုခြင်းမရှိတော့ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

"ရွာကကလေးတွေ ၁၀ တန်းစာမေးပွဲမဖြေခင် မီးပေးလိုက်ချင်တာ။ လျှပ်စစ်မီးလိုင်းသွယ်တန်းပြီးတဲ့ အပိုင်းတွေကိုပေးမယ်ဆိုရင်ပေးလို့ရနေပြီ။ အခုလိုဖြစ်တော့ အဆင်မပြေတော့ဘူး" ဟု မီးလင်းရေးကော်မတီအဟောင်းမှ စာရင်းစစ် ဦးကျော်ဝင်းက ဆိုသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ပင်းတလဲကျေးရွာ၏ အုပ်ချုပ်ရေးမှူး ဦးရွှေထွန်းကို ဆက်သွယ်မေးမြန်းရာတွင် ရပ်ရွာမီးလင်းရေးကိစ္စသည် ကော်မတီဟောင်းများ၏ လက်တွင်သာရှိကြောင်း၊ မီးမပေးနိုင်သေးသည်မှာလည်း နောက်ထပ်ထရန်စဖော်မာနှစ်လုံးခန့်ထပ်မံ တည်ထားရန် လိုအပ်နေသေး၍သာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။ ■ R-01


ဓာတ်ပုံ - ပေါ်ဦး

# မကွေးမြို့နယ်ရှိ ကျေးရွာအချို့သောက်သုံးရေခက်ခဲ

မကွေး၊ မတ်၄

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာအချို့နှင့်တဲတိုက်အစုများရှိ အိမ်ထောင်စုများအတွက် နွေကာလတွင် သောက်သုံးရေ အခက်အခဲရှိနေကြောင်း ယင်းဒေသများသို့ ရေအကူအညီများပေးနေသူ ဦးဇော်မင်းထိုက်က ပြောကြားသည်။

မြို့နယ်အတွင်းတွင် ကျေးရွာအချို့မှ တောင်သူအချို့မှာ နေထိုင်ရာရွာနှင့် လုပ်ကိုင်ရမည့်ယာမြေများ ဝေးကွာလှသည့်အတွက် ယာခင်းနီးရာနေရာများသို့ တဲတိုက်အစုများအဖြစ် ယာယီပြောင်းရွှေ့နေထိုင်ကြရာမှ အတည်တကျနေထိုင်လာသူဦးရေများ တိုးပွားလာကြောင်း၊ ယင်းအတွက်ကြောင့် တဲတိုက်များမှာ ပင်မကျေးရွာထက်ပင် လူနေအိမ်ခြေများပြားလာပြီး တိုးပွားလာသည့်လူနေအိမ်ခြေများနှင့်အတူ ၎င်းတဲတိုက်နေအိမ်ထောင်စုများအတွက် နှစ်စဉ်သောက်သုံးရေလိုအပ်ချက်မှာလည်း ပိုများလာကြောင်း ၎င်းက ရှင်းပြသည်။

"မနှစ်ကနွေတုန်းက ကျွန်တော်နဲ့ ပရဟိတအဖွဲ့ပေါင်းစုံစုပေါင်းပြီး ဒီနေရာတွေမှာရေလှူခဲ့တာ ငွေကျပ်သိန်းပေါင်း ၁၆၄၀ကျော် အသုံးပြုခဲ့တယ်။ ဒီနှစ်လည်း ဒီအောက်လျော့သွားနိုင်စရာမရှိဘူး" ဟု ဦးဇော်မင်းထိုက်က ဆိုသည်။

မကွေးမြို့နယ်တွင် ကျေးရွာအများအပြားအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားသော်လည်း တဲတိုက်များအတွက်ကိုမူ ရွာအမည်မပေါက်သည့်အတွက် ကျေးရွာများနည်းတူအကူအညီ ရနိုင်ဖို့မလွယ်ကူလှကြောင်း မကွေးမြို့နယ် ဘုရားချောင်တဲတိုက်မှ တဲတိုက်ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

"တဲတိုက်ဆိုပေမယ့် ပင်မရွာတွေထက် အိမ်ထောင်စုပိုများတာတွေရှိတယ်။ ခက်တာက သူတို့ဆီမှာ စက်ရေတွင်းတွေ ရေကန်ကောင်းကောင်းတွေမရှိဘူး။ ဒါကြောင့် တဲတိုက်တွေကို ဦးစားပေးပြီး ရေအကူအညီပေးနေတာပါ" ဟု ရေအကူအညီပေးနေသူ ဦးစိုးတင့်က ပြောဆိုသည်။

လက်ရှိအချိန်တွင် မကွေးမြို့နယ်အတွင်းရှိ ဘုရားချောင်၊ ကြာကန်ဘိုတွဲ၊ ညောင်ပင်သာ၊ အောင်သာကုန်း၊ ဆုံကုန်း၊ ကြာကန်ကြားကုန်း၊ ကန်နှစ်ဆင့်စသည့် တဲတိုက်များနှင့် ကျေးရွာငယ်အချို့မှ အိမ်ထောင်စုများအတွက် သောက်သုံးရေလိုအပ်ချက်ကို အကူအညီပေးနေရပြီး ရေအတွက် မဖြစ်မနေကူညီပေးရမည့်ကျေးရွာနှင့်တဲတိုက်စုစုပေါင်း ၁၆ နေရာခန့်ရှိနိုင်ကြောင်း ဦးဇော်မင်းထိုက်ထံမှ စုံစမ်းသိရသည်။ ■

# ကြေးစင်တောင်စီမံကိန်းမှ ကြေးတင်ကားများကို ရဲတပ်ဖွဲ့လုံခြုံရေးပေးမည်

မုံရွာ၊ မတ် ၄

လက်ပံတောင်းတောင်စီမံကိန်းမှ ကြေးတင်ယာဉ်များကို ဒေသခံများက တားဆီးပိတ်ဆို့မှုများအပြီးတွင် ယင်းမာပင်ခရိုင် ဆားလင်းကြီး မြို့နယ်တွင်းရှိ စံပယ်တောင်နှင့် ကြေးစင်တောင်ကြေးထုတ်လုပ်ငန်းမှ ကြေးနီသန့်စင်တင်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ပစ္စည်းပို့ဆောင်ရာတွင် ခရိုင်ရဲမှူးကြီးပါဝင်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးပေး၍ သယ်ဆောင်မည်ဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

မြန်မာယမ်မ်စီကြေးထုတ်လုပ်ငန်းမှ ထွက်ရှိနေသော အဆိုပါကြေးနီသန့်စင်တင်ယာဉ်သုံးစီးသည် ရန်ကုန်မြို့သို့ ထွက်ခွာရာတွင် ဆားလင်းကြီး မြို့နယ်အတွင်း ပုသိမ်-မုံရွာလမ်း၌ကြေးစင်တောင် ရဲကင်းစခန်းမှူးက ရှေ့ပြေးလုံခြုံရေးအဖြစ်နှင့် နောက်ပိတ်အဖွဲ့အဖြစ် ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့က လုံခြုံရေးပေးမည်ဖြစ်ကြောင်း ယင်းရုံးထံမှ သိရသည်။

ယင်းသို့လုံခြုံရေးဆောင်ရွက်သည်မှာ ထူးခြားသည့် လုပ်ဆောင်မှုမျိုးမဟုတ်ဘဲ ရဲတပ်ဖွဲ့လုပ်ငန်းစဉ်အရ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ကြောင်း ကြေးစင်တောင်ရဲကင်းစခန်းမှူး ရဲအုပ်ကျော်မင်းနိုင်က ပြောကြားသည်။

မြန်မာယမ်မ်စီကုမ္ပဏီ၊ ဝမ်ပေါင်ကုမ္ပဏီနှင့် အထွေထွေအုပ်ချုပ်ရေးမှူးအပါအဝင် သက်ဆိုင်ရာဝန်ကြီးများနှင့် ဇန်နဝါရီလ ၂၈ ရက်နေ့က တွေ့ဆုံ ဆွေးနွေးခဲ့ပြီး မြေယာလျော်ကြေးတောင်းခံရာတွင်လည်းအကြောင်းပြန်ခြင်းမရှိသေးကြောင်း ကံကုန်းရွာဒေသခံ ဦးတင့်အောင်စိုးက ပြောဆိုသည်။

"ကြေးတင်ယာဉ်တွေတားဖို့ကို အထွေထွေအုပ်ချုပ်ရေးနဲ့ ရဲကိုအကြောင်းကြားပြီးမှတားမှာပါ။ အခုထိသူတို့ဆီက အကြောင်းပြန်ကြားမှုကို စောင့်နေတုန်းပဲ" ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစ၍ သီတင်းတစ်ပတ်ကြာ လက်ပံတောင်းတောင်စီမံကိန်းမှ ကြေးတင်ယာဉ်များကို ဒေသခံများက ပိတ်ဆို့တားဆီးရာမှ တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ ■ R-08




# ဖိုးကျားဆင်စခန်း ခရီးသည်ဝင်ရောက်မှုလျော့

တောင်ငူ၊ မတ် ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဖိုးကျားဆင်စခန်းတွင် ယခုနှစ်ပွင့်လင်းရာသီအစ၌ ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်ဝင်ရောက်မှု လျော့နည်းနေကြောင်း ယင်းစခန်းတာဝန်ခံ သစ်တောအုပ်ကြီး ဦးရဲမြင့်က ပြောကြားသည်။

ယခင်လက ပြည်တွင်းပြည်ပ ခရီးသွား ၉၆၈ ဦး လာရောက်သော်လည်း ဖေဖော်ဝါရီလတွင် ၅၄၈ ဦးသာ လာရောက်ခဲ့ကြောင်း ၊ ဖေဖော်ဝါရီလနဲ့ မတ်လတွင် အခြေခံပညာကျောင်းများ၌ စာမေးပွဲကာလဖြစ်ခြင်းကြောင့် အဝင်နည်းနေပြီး ဆင်စီးသည့် အရေအတွက်လည်းကျဆင်းကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲများပြီးပါက ပြန်လည် မြင့်တက်လာနိုင်ကြောင်း ၎င်းကရှင်းပြသည်။

မိုးရာသီကာလများတွင် ဆင်စခန်းမပိတ်သော်လည်း ခရီးသွား ဧည့်သည်ဝင်ရောက်မှု နည်းပါးတတ်သော်လည်း ပွင့်လင်းရာသီချိန် နိုဝင်ဘာလမှ ဇန်နဝါရီလအထိ သုံးလတာအတွင်း ဧည့်ဝင်ရောက်မှုအလွန်များပြားခဲ့ကြောင်း ဖိုးကျား ဆင်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

"ဆင်စခန်းတွေ အားကိုးရတာကလည်း မိသားစုတွေမှာပါလာတဲ့ကလေးငယ်တွေပါ။ ဆင်စခန်းက ဆင်စီးတာမျိုးက အဓိက ဝင်ငွေဖြစ်နေတယ်လေ" ဟု ၎င်းကရှင်းပြသည်။

ဖိုးကျား ဆင်စခန်းမှာ ၂၀၁၄ ခုနှစ်က ခရီးသွားကုမ္ပဏီတစ်ခု၏ အုပ်ချုပ်မှုအောက်တွင်ရှိပြီး ၂၀၁၅ ခုနှစ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ကို ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ယခင်က တစ်ရက်လျှင် ၁၀ ဦးထက်မပိုသော ခရစ္စမတ်ကာလနှင့် ပွင့်လင်းရာသီ နိုဝင်ဘာလခန့်မှစတင်ကာ ပြည်တွင်းပြည်ပ ဧည့်သည် ဝင်ရောက်မှုမှာ များကြောင်း၊ ခရီးသွားလာရေး ကုမ္ပဏီများနှင့် ချိတ်ဆက်လာရောက်သည့် ပြည်ပခရီးသွား ဧည့်သည်မှာမူ နည်းပါးနေကြောင်း ဖိုးကျား အပန်းဖြေဆင်စခန်းထံမှ သိရှိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် သဘာဝအခြေခံ ခရီးသွားလာရေး လုပ်ငန်းများအတွက် ရေတာရှည်မြို့နယ် သာဂရမြို့အနောက်ဖက်တွင် ဖိုးကျား အပန်းဖြေဆင်စခန်း၊ သိုင်းချောင်း ဆင်စခန်းနှင့် နိုဝင်ဘာလ ၃ ရက်က ဘုရားကြီးမြို့အနီး ဝဂ်ဘော် ဆင်စခန်းနှင့် အမြန်လမ်းပေါ် မိုင်တိုင် ၈၀ အနီး ဆင်စခန်းတစ်ခုကို ထပ်မံ ဖွင့်လှစ်ခဲ့သည်။

ဖိုးကျားအပန်းဖြေဆင်စခန်းတွင် ခရီးသွားဧည့်သည်များ နားခိုနေနိုင်ရန်အတွက် ခရီးသည် အယောက် ၃၀ ခန့် တစ်ပြိုင်နက် တည်းခိုနိုင်သော ဘန်ဂလိုခုနစ်လုံးရှိပြီး စခန်းပိုင် ဆင်ခုနစ်ကောင်ဖြင့် ဆင်စီးခြင်း၊ စခန်းအနီးရှိ ချောင်းထဲတွင် ရေချိုးခြင်း၊ ဆင်ကလေးများနှင့် ဘောလုံးကန်ခြင်း၊ မီးပုံပွဲများကျင်းပခြင်း၊ ဆင်လိမ္မာကပွဲများ တင်ဆက်ခြင်းတို့ ပြုလုပ်ပေးနိုင်သော်လည်း ကြိုတင်ချိတ်ဆက်ထားခြင်း မရှိပါက ဆင်ထိန်းသည့် နေရာစခန်းနှင့် ဝေးသောနေရာတွင် ဆင်များကို မြင်တွေ့ရန် မလွယ်ကူကြောင်း ခရီးသွားလာ ရေး လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောဆိုသည်။ ■

R-15



ဓာတ်ပုံ - ရန်နိုင်

# ကျိုင်းတုံ၌ မီးသတ်ယာဉ်ငါးစီးတိုး

ကျိုင်းတုံ၊ မတ် ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ တွဲဖက် ပြည်နယ်မီးသတ်ဦးစီးမှူးရုံးတွင် မတ်လ ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် လူနာတင်ယာဉ် အပါအဝင် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ပြည်နယ် မီးသတ်ဦးစီးမှူး ရဲသူရိန် သိန်းမြင့်က ပြောကြားသည်။

"မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးနဲ့ လူနာတင်ယာဉ်တစ်စီးအပြင် အပေါ့စားရေစုပ်စက်သုံးလုံးနဲ့ အခြားပစ္စည်းတွေလည်း အများကြီး ထောက်ပံ့ပေးအပ်ခဲ့ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ခရိုင်မီးသတ်စခန်းသုံးခု၊ မြို့နယ်မီးသတ်စခန်း၁၀ခုနှင့် နယ်မြေမီးသတ်စခန်း ၁၈ ခု ရှိရာ မီးငြိမ်းသတ်ယာဉ် အပါအဝင် ယာဉ်မျိုးစုံ ၈၃ စီး၊ အပေါ့စား ရေစုပ်စက် ၃၈ လုံးနှင့် ရေစုပ်စက် ၃၂ လုံးရှိပြီး အရာရှိ ၂၈ ဦး အပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ၂၆၀ ဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူးရုံးထံမှ သိရသည်။ ■ R-16

# အမြန်လမ်း မိုင်တိုင် ၁၄၄ အနီး ယာဉ်နှစ်စီးတိုက်၊ တစ်ဦးသေ

တောင်ငူ၊ မတ် ၄

ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင် ၁၄၄ အနီး မတ်လ ၃ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က လိုက်ထရပ်ယာဉ်ကို Surf အမျိုးအစား ကိုယ်ပိုင်ယာဉ်က ဝင်တိုက်သဖြင့် လိုက်ထရပ်ယာဉ်မောင်း သေဆုံးခဲ့ကြောင်း ဇေယျာဝတီ အမြန်လမ်း ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူက ပြောကြားသည်။

"Surf က နောက်ကနေ အရှိန်နဲ့ ဝင်တိုက်တာ၊ လိုက်ထရပ်ယာဉ်မှောက်ပြီး ယာဉ်မောင်းကနေရာမှာပဲ ဆုံးသွားတာ၊ အဖော်အမျိုးသမီး တစ်ဦးက ဒဏ်ရာရရှိခဲ့တယ်၊ သေဆုံးသူနဲ့ဒဏ်ရာရသူက တောင်ငူကို အပြန်မှာဖြစ်တာ၊ Surf ယာဉ်မောင်းကို ဖမ်းဆီးထားပါတယ်" ဟု ၎င်းက ရှင်းပြသည်။

လိုက်ထရပ်ယာဉ်မှာ အတိုက်ခံရသော အရှိန်ကြောင့် တံတား လက်ရန်းပေါ် တင်ခဲ့ပြီး သေဆုံးသူမှာ လိုက်ထရပ် ယာဉ်မောင်း အသက် ၅၀ အရွယ် ဦးဝင်းဆွေဖြစ်ပြီး အသက် ၄၈ နှစ်အရွယ် ဒေါ်လှလှအေးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် တောင်ငူပြည်သူ့ ဆေးရုံတွင် တင်ပို့ထားကြောင်း၊ တောင်ငူသဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယာဉ်မတော်တဆမှုကြောင့် Surf ကိုယ်ပိုင်ယာဉ်မောင်း ထက်ဝေဖြိုးကို ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈ ဖြင့် အမှုဖွင့်ထားကြောင်း ဇေယျာဝတီ အမြန်လမ်း ရဲစခန်းထံမှ သိရသည်။

အမြန်လမ်း မိုင်တိုင် ၁၃၉ အနီးတွင် မတ်လ ၃ ရက်ညနေ ၆ နာရီခွဲက ကျွန်းသစ်ခွဲသားများ တင်ဆောင်မောင်းနှင်လာသော ဘွန်ဂိုအမျိုးအစား မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးခဲ့ကြောင်း မျက်မြင်တွေ့ရှိသော ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ယာဉ်တန်းနှင့် လိုက်ပါလာသူတစ်ဦးက ပြောကြားသည်။ ■

R-15

# နတ်မောက်၌ စာအုပ်မရှိသည့် စာကြည့်တိုက်များသို့ စာအုပ်လှူမည်

နတ်မောက်၊ မတ် ၄

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့အခြေစိုက် ပရဟိတအဖွဲ့တစ်ခုဖြစ်သည့် မေတ္တာရေကြည် လူမှုအကျိုးပြုအဖွဲ့က နတ်မောက်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရှင်သန်ရေးအတွက် စာအုပ်နှင့်စာကြည့်တိုက်ဆက်စပ်ပစ္စည်းများကို ကူညီ လှူဒါန်းမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

နတ်မောက်မြို့နယ်အတွင်း စာကြည့်တိုက်များကို ကျေးရွာတိုင်းနီးပါး ဖွင့်လှစ်ခဲ့သော်လည်း စာကြည့်တိုက်အများစုမှာ ရှင်သန်ခြင်းမရှိဘဲ လက်ရှိအချိန်စာကြည့်တိုက် အဆောက်အအုံသာရှိပြီး စာအုပ်မရှိသည့်စာကြည့်တိုက်များကိုသာ ကနဦးစတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မေတ္တာရေကြည် လူမှုအကျိုးပြုအဖွဲ့ဦးဆောင်သူ ဦးနိုင်ဦးက ရှင်းပြသည်။

ယင်းမြို့နယ်အတွင်း စာကြည့်တိုက်ရှိပြီး ရှင်သန်မှုအားနည်းနေသည့် စာကြည့်တိုက် ၁၄ ခုရှိရာ စာအုပ်များ၊ စာကြည့်စားပွဲများ၊ စာအုပ်ဗီရိုများကိုပါ လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ယင်းအတွက် သက်ဆိုင်ရာ ကျေးရွာနေပြည်သူများထံမှ မည်သည့်ငွေကြေးကိုမျှ တစ်စုံတစ်ရာကောက်ခံမည် မဟုတ်ကြောင်း ယင်းအဖွဲ့က ပြောဆိုထားသည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်လူငယ် ၃၄ ဦးပါဝင်ကာ နတ်မောက်မြို့ပေါ် ဘုန်းတော်ကြီးကျောင်းများရှိ ကုဋီ (အိမ်သာ) များကို အပတ်စဉ်ကုသိုလ်ပြု သန့်ရှင်းရေးများဆောင်ရွက်နေပြီး ၂၀၁၆ ခုနှစ်က မကွေးတိုင်းဒေသကြီး၏ ရေဘေးကယ်ဆယ်ရေး ကုသိုလ်ပြုလုပ်ငန်းများတွင်လည်း ပါဝင်ကူညီခဲ့သည်။ ■

R-02

# ဥက္ကံတွင် နွားသားရေပိဿာတစ်သောင်းကျော် ဖမ်းမိ

ဥက္ကံ၊ မတ် ၄

ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့ ဘုရင့်နောင်ရပ်ကွက် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် ၆၆/၁ တွင် မတ်လ ၃ ရက် ည ၈ နာရီက ဟီးနိုးယာဉ်နှင့် သယ်ဆောင်လာသော တရားမဝင် နွားသားရေ ပိဿာတစ်သောင်းကျော်ကိုဖမ်းမိကြောင်း ဥက္ကံနယ်မြေရဲစခန်းမှ ဒုရဲအုပ်လှိုင်မင်းထွန်းက ပြောကြားသည်။

အဆိုပါ သားရေများမှာ နွားကောင်ရေ ၉၀၀ မှ ခွာယူထားသော ပိဿာချိန် တစ်သောင်းကျော်ရှိသည့် နွားသားရေအစို အချပ်ရေ ၉၀၀ ရှိကြောင်း၊ ယင်းသားရေများကို ရန်ကုန်မြို့ သားရေ အကျႌဆိုင်များတွင် အသုံးပြုရန်နှင့် သားရေဖြင့် ပြုလုပ်သော အခြားလူအသုံးဆောင် ပစ္စည်းများ ထုတ်လုပ်ရန်အတွက် နွားသားရေများကို တရားမဝင် သယ်ဆောင်လာခြင်းဖြစ်ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

အဆိုပါ တရားမဝင် နွားသားရေများကို သယ်ဆောင်လာသော ၁၂ ဘီးယာဉ်မောင်း ကိုဇော်ထက်နိုင် (၂၃ နှစ်)၊ ယာဉ်နောက်လိုက် လှိုင်မင်းဦး (၃၃ နှစ်)၊ အောင်ကျော်ဦး (၂၄ နှစ်) တို့ကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ (၅) တို့ဖြင့် အမှုဖွင့်ထားကြောင်း ဥက္ကံနယ်မြေရဲစခန်းထံမှ သိရသည်။ ■

မိဘမေတ္တာ (Gas)

အောင်ပြည့်စုံ
မြို့တွင်း/နယ်ဝေးများအတွက်
10',14',16'-ဒိုး ...
09-421041338,
09-73224763,09-250095114

# ပြင်ဦးလွင်ရှိ လုပ်ကွက် ၉၀ ရာခိုင်နှုန်း စီမံကိန်းအကောင်အထည် မဖော်

**မန္တလေး၊ မတ် ၄**

ပြင်ဦးလွင်မြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်ရယူထားသော မြေနေရာများအနက် ၉၀ ရာခိုင်နှုန်းခန့်သည် လုပ်ငန်းဆောင်ရွက်ခြင်းမရှိကြောင်း သစ်တောမြေစစ်ဆေးရေးအဖွဲ့တွင်ပါဝင်သည့် မန္တလေးတိုင်းလွှတ်တော်ကိုယ်စားလှယ်အချို့ထံမှ သိရသည်။

သစ်တောမြေစစ်ဆေးရေးအဖွဲ့က စိစစ်မှုများလုပ်ဆောင်ခဲ့ရာတွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ အကွက်ရိုက်၍ မြေရောင်းစားထားမှုများကိုတွေ့ရသည်ဟု ၎င်းတို့က ပြောဆိုသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလကကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ပြင်ဦးလွင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက စီမံကိန်းအကောင်အထည်ဖော်ခြင်းမရှိသည့် သစ်တောမြေများကို ပြန်လည်စိစစ်ထိန်းသိမ်းရေးအဆိုတင်သွင်းခဲ့ရာ အဆိုအောင်မြင်ခဲ့သည့်အတွက် လွှတ်တော်ဥက္ကဋ္ဌဦးဆောင်၍ စစ်ဆေးနေခြင်းဖြစ်သည်။

"သစ်တောရယ်၊ ကော်ဖီရယ်၊ ပိုးစာရယ် ဒီစီမံကိန်းတွေ အကြောင်းပြပြီး




စစ်ဆေးတွေ့ရှိချက်များကို စာရင်းပြုစုနေသည့် မန္တလေးလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များကို တွေ့ရစဉ်။

အရင်အစိုးရအဆက်ဆက်က ချပေးခဲ့တာ။ ပြီးခဲ့တဲ့အစိုးရလက်ထက်ကစပြီး စီမံကိန်းအတိုင်းမစိုက်ကြဘဲ သစ်တောတွေခုတ် အကွက်တွေရိုက်တယ်။ မြေရောင်းစားတယ်။ ဘာမှမစိုက်တဲ့မြေ ၉၀ ရာခိုင်နှုန်းလောက်အထိရှိတယ်" ဟု မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြောကြားသည်။

ကော်ဖီစိုက်ပျိုးခြင်းနှင့် ပိုးစာပင်စိုက်ပျိုးခြင်း စီမံကိန်းအတွက်ချထားပေးခဲ့သည့် မြေနေရာများတွင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်ပြီး အချို့စီမံကိန်းမြေများတွင် ကိုယ်ပိုင်လျှပ်စစ်ထရန်စဖော်မာများ စိုက်ထူထားကိုလည်းတွေ့ရကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ကွက်အချို့ကို တွေ့ရသော်လည်း အများစုမှာဟန်ပြလုပ်ကိုင်နေခြင်း ဖြစ်ကြောင်း၊ မြေဧက ၁၀၀၀ ခန့်ရရှိထားသော်လည်း ၁၀ ဧကခန့်ကိုသာ စိုက်ပျိုးထားပြီး ကျန်မြေများကို အကွက်ရိုက်ရောင်းချထားသည်ကို တွေ့ရှိရကြောင်း စစ်ဆေးရေးအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များအဆိုအရ သိရသည်။

"စီမံကိန်းအတွက် မြေနေရာချပေးခဲ့တာ ဆယ်နှစ်လောက်တော့ရှိနေပြီ။ တောတွေကိုရှင်းပြီး နေကြတာဆိုတော့ သစ်တောပြုန်းတာနဲ့ ရာသီဥတု ဖောက်ပြန်လာတာပဲ အဖတ်တင်တယ်" ဟု ဦးအောင်ကျော်ဦးက ထပ်လောင်းပြောကြားသည်။

သစ်တောမြေများ ပြန်လည်ထိန်းသိမ်းရေး အဆိုအောင်မြင်ပြီးနောက် နှစ်ပတ်လျှင်သုံးရက်နှုန်းဖြင့် စစ်ဆေးနေခြင်းဖြစ်ပြီး လက်ရှိတွင် စီမံကိန်းမြေ တစ်ဝက်ခန့်ကိုသာ စစ်ဆေးပြီးစီးသေးပြီး မန္တလေးတိုင်းအစိုးရအဖွဲ့၏ အကူအညီတောင်းခံမှုကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ကူညီဆောင်ရွက်နေခြင်းဖြစ်သည်။

စစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များကို စာရင်းပြုစုကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြရမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကို အစိုးရအဖွဲ့ကသုံးသပ်၍ ပြန်လည်သိမ်းယူခြင်းကဲ့သို့သော ဆောင်ရွက်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့ရုံးထံမှ သိရသည်။■ **M-04**

# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်များကို ကျပ်သိန်းတစ်ရာစီ သီတဂူဆရာတော် ပူဇော်မည်

**မန္တလေး၊ မတ် ၄**

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၃ ပါးကို တစ်ပါးလျှင် ကျပ်သိန်းတစ်ရာစီ ပူဇော်မည်ဖြစ်ကြောင်း စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သီတဂူဆရာတော်ဘုရားကြီး၏ သက်တော် ၈၀ ပြည့်မွေးနေ့ကျင်းပရေး စီစဉ်နေသူများထံမှ သိရသည်။

အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများအား ပူဇော်ပွဲကို မတ်လ ၁၃ (တပေါင်းလပြည့်ကျော် ၁ ရက်) နေ့ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီဗိမာန်တော်ကြီးတွင် ပြုလုပ်မည်ဟု သီတဂူဆရာတော်ဘုရားကြီး၏ သက်တော် ၈၀ ပြည့် မွေးနေ့ကျင်းပရေး စီစဉ်နေသည့် ဆရာတော်တစ်ပါးက မိန့်ကြားသည်။

သီတဂူဆရာတော်ဘုရားကြီး၏ သက်တော် ၈၀ ပြည့် မွေးနေ့ပူဇာမင်္ဂလာသဘင်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ တရားပွဲများအပါအဝင် အစီအစဉ်ပေါင်းများစွာဖြင့် ကျင်းပမည်ဖြစ်ပြီး ရပ်ဝေးရပ်နီးမှ ဆရာတော်ဘုရားကြီး၏ တပည့်ဒါယကာ ဒါယိကာမများကိုလည်း ဖိတ်ကြားထားသည်ဟု ထပ်မံမိန့်ဆိုသည်။

သီတဂူဆရာတော်ဘုရား၏ သက်တော် ၈၀ ပြည့် မွေးနေ့ဓမ္မသဘင်သို့ သွားရောက်ကြမည့် ဘုရားဖူးဧည့်သည်များ သွားလာရေး အဆင်ပြေစေရန် မော်တော်ယာဉ်များ ထားရှိပေးမည်ဖြစ်ကြောင်း၊ ဓမ္မသဘင်ကျင်းပမည့် ညစဉ်တိုင်း မော်တော်ယာဉ်များ ပြေးဆွဲပေးမည်ဖြစ်ကြောင်း မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရန်စီစဉ်နေသည့် အောင်မြေသာစံမြို့နယ်မှ ဦးလှဝင်းက ပြောကြားသည်။

သီတဂူဆရာတော်ကြီး၏ မွေးနေ့တွင် ပူဇော်ခံကြမည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများအနက် စစ်ကိုင်းတောင်ရိုးရှိ သက်တော်ရှည် ဇမ္ဗူမင်္ဂလာ ဆရာတော်၊ မန္တလေးမြို့ မဟာဝိဇိတာရုံ ဆရာတော်၊ မန္တလေးမြို့ရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဇန်းမော်ဆရာတော်၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော်၊ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်၊ လယ်ဝေးမြို့ရှိ ပေါက်မြိုင်စာသင်တိုက် ဆရာတော်၊ ချောက်မြို့ရှိ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်း ဆရာတော်၊ မန္တလေးမြို့ ဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်းဆရာတော်၊ ခရမ်းမြို့ရှိ ကိုင်းကုန်းပါဠိတက္ကသိုလ်ဆရာတော်၊ မန္တလေးမြို့ သဒ္ဓမ္မနယူပဒေသကျောင်း ဆရာတော်၊ ညောင်တုန်းမြို့ရှိ ပုဏ္ဏာရာမဈေးကျောင်း ညောင်ကုန်းဆရာတော်ကဲ့သို့သော ဆရာတော်ကြီးများ ပါဝင်နေသည်။

သီတဂူဆရာတော် အသက် ၈၀ ပြည့် မွေးနေ့အလှူတော်နှင့် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီ ဖွင့်ပွဲကို မတ်လ ၁၁ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

■ **M-03**

# အဖေနေ့ကဗျာနှင့်ဝတ္ထု ဆုရသူများစာရင်း ထုတ်ပြန်

**မန္တလေး၊ မတ် ၄**

နဝမအကြိမ်မြောက် အဖေနေ့ အလွတ်တန်းဝတ္ထုပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ၌ ဆုရသူများစာရင်းများကို ဆုရွေးချယ်ရေးကော်မတီက မတ်လ ၃ ရက်နေ့တွင် ကြေညာလိုက်သည်။

ကဗျာရှည်ပြိုင်ပွဲတွင် သမိုင်း (တံတားဦး) ၏ 'အနီရောင်ခြယ် အဘိဓာန်' က ပထမ၊ လွင်မြန်မာ (မန်းတက္ကသိုလ်) ၏ 'ရေမရောတဲ့သွေး အမွေပေးခဲ့သူ' က ဒုတိယနှင့် လင်းဝင့်မြူ (ပြင်ဦးလွင်) ၏ 'အမေ့ရဲ့အိမ်ဦးနတ်ဘုရား' က တတိယ ဆုရရှိခဲ့ပြီး ဝတ္ထုတိုပြိုင်ပွဲတွင် ကြူတာထွန်း (ကသာ) ၏ 'သားနဲ့အတူ အဖေရှိနေမယ်' က ပထမ၊ နှင်းနွယ်၏ 'ဝင့်ကြွေးမရှောင်သာ' က ဒုတိယ၊ ကိုရွှေလတ် (သာစည်) ၏ 'အိုဘယ့်မေတ္တာရှင်' က တတိယဆုရရှိခဲ့ကြသည်။

ပြိုင်ပွဲဝင် ကဗျာနှင့် ဝတ္ထုများအနက် နှစ်သိမ့်ဆု ခြောက်ခုစီချီးမြှင့်ထားကြောင်း၊ ဆုရရှိသူများကို တပေါင်းလပြည့် (မတ်လ ၁၂ ရက်) နေ့တွင် ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အဆိုပါကော်မတီအဖွဲ့ဝင်များက ပြောကြားသည်။

နဝမအကြိမ်မြောက် အဖေနေ့ အထိမ်းအမှတ် အဖေ့ခြေရာခံယူခြင်းကို မတ်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ အခမ်းအနားကျင်းပမည့် ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၈၅ လမ်းထောင့်ရှိ ပရိယတ္တိသာသနဟိတဗိမာန် ရွှေမြင်းစောင်းတန်းတွင် ပြုလုပ်ပေးရန် ယင်းကော်မတီက စီစဉ်ထားသည်။

အဖေနေ့အထိမ်းအမှတ်အဖြစ် အဖေ့ဂုဏ်ရည်၊ အဖေ့ကျေးဇူးများအကြောင်းကို ဟာသသရုပ်ဆောင်မေတ္တာ၊ စာရေးဆရာမ ကြူကြူသင်းနှင့် ကဗျာဆရာ ပြည့်ဖြိုးသီတို့က တပေါင်းလပြည့် (မတ်လ ၁၂ ရက်) နေ့ မွန်းတည့် ၁၂ နာရီအချိန်မှစ၍ ဟောပြောမည်ဖြစ်သည်။

■ **M-02**

# အိုးဘိုထောင်မှထွက်ပြေးသည့် အကျဉ်းသားသုံးဦး မိနစ်ပိုင်းအတွင်း ပြန်မိ

**မန္တလေး၊ မတ် ၄**

မန္တလေးအိုးဘိုအကျဉ်းထောင်မှ နှစ်ကြီးအကျဉ်းသားသုံးဦး အုတ်တံတိုင်းကျော်၍ ထွက်ပြေးခဲ့သော်လည်း မိနစ်ပိုင်းအတွင်း ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း အကျဉ်းဦးစီးဌာန(မန္တလေး)ထံမှ သိရသည်။

ထောင်ဒဏ်နှစ်ရှည် ကျခံနေရသည့် နှစ်ကြီးအကျဉ်းသားသုံးဦးသည် ပုဆိုးများကိုအသုံးပြု၍ မတ်လ ၄ ရက်နေ့နံနက် ၇ နာရီ ၅ မိနစ်ခန့်က ထွက်ပြေးရန် ကြိုးစားခဲ့ခြင်းဖြစ်သည်ဟု အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းစိုးထွန်းက ပြောကြားသည်။

"တစ်သက်တစ်ကျွန်းကျခံနေရတဲ့ အကျဉ်းသားတစ်ယောက်၊ ခိုးမှုနဲ့ နှစ်ကြီးကျနေတဲ့ နှစ်ယောက်ရယ် အုတ်ရိုးကိုကျော်ပြီး ထွက်ပြေးဖို့လုပ်တာ" ဟု ၎င်းကရှင်းပြသည်။

အဆိုပါအကျဉ်းသားသုံးဦးသည် ပုဆိုးရှစ်ထည်ကိုအသုံးပြု၍ အုတ်တံတိုင်းကိုကျော်ကာ ထွက်ပြေးခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းလိုင်းခန်းများအနီးတွင် ပြန်လည်ဖမ်းမိခဲ့ခြင်းဖြစ်သည်ဟု ဦးမင်းစိုးထွန်းက ဆက်လက်ပြောဆိုသည်။

မန္တလေးနန်းတွင်းအကျဉ်းထောင်မှ တပ်ကြပ်ကြီးတစ်ဦးကို သတ်မှုဖြင့် တစ်သက်တစ်ကျွန်းကျနေသည့် သန့်ခိုင်ဦး အပါအဝင် ခိုးမှုနှင့် လုယက်မှု ၄၅ မှုဖြင့် ထောင်ဒဏ် ၄၄ နှစ်ကျနေသည့် အကျဉ်းသားနှစ်ဦးဖြစ်ကြောင်း အကျဉ်းဦးစီးဌာန (မန္တလေး) ထံမှ သိရသည်။

လက်ရှိတွင် အကျဉ်းသားများ ထွက်ပြေးမှုနှင့်ပတ်သက်၍ အကျဉ်းထောင်တာဝန်ကျသူများကိုအရေးယူရန် စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်းလည်း အိုးဘိုအကျဉ်းထောင်ဝန်ထမ်းများ အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။■ **M-04**

## မှုခင်းသတင်းတိုများ

■ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ ၁၀၆ ကားမှတ်တိုင်တွင် မတ်လ ၃ ရက် နံနက် ၃ နာရီက ကယ်ဒီးနား အမျိုးအစား ယာဉ်တစ်စီး အရှိန် မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးရှိ ခရီးသည်နားနေဆောင်နှင့် YBS လမ်းညွှန် ဆိုင်းဘုတ်၊ မြန်မာ့ဆက်သွယ်ရေးတယ်လီဖုန်းတိုင်တို့ကို ဝင်တိုက်မိခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရမှု မရှိခဲ့ပေ။

■ လှိုင်သာယာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စတားလိုက်အိမ်ရာဝင်းရှိ ဗိုလ်ချုပ်လမ်းသွယ်တွင် မတ်လ ၃ ရက် နံနက် ၉ နာရီခွဲက ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည့် အသက် ၄၀ ဝန်းကျင်ရှိ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့သောကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်သိရှိရန် လှိုင်သာယာဆေးရုံသို့ ပို့အပ်စစ်ဆေးနေသည်။

■ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ ပြန်လည်နေရာချထားရေးအပိုင် ကျောင်းလမ်းတွင် မတ်လ ၂ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်က အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင် အပေါ်ထပ်ရှိ မိန်းခုံမှာ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး မီးသတ်ယာဉ် ၁၀ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။

■ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ သံလွင်လမ်းတွင် မတ်လ ၃ ရက် ည ၈ နာရီခွဲက လင်ခရူဆာ အမျိုးအစား ယာဉ်တစ်စီးမှ လမ်းပေါ် ဆော့နေသည့် ၂ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ဝင်တိုက်မိသောကြောင့် ယာဉ်တိုက်ခံရသည့်ကလေးမှာ ပေါက်ပြဲဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့သည်။

■ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်းသွယ်(၄)လမ်းတွင် မတ်လ ၁ ရက် နံနက် ၁၁ နာရီက လောင်းကစားသတင်းရရှိထားသော နေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ နှစ်လုံးသုံးလုံးထီဂဏန်းများ ရေးထားသည့် ဘောက်ချာစာအုပ်များနှင့်အတူ ငွေကျပ် သုံးသိန်းကျော်နှင့် အသက် ၄၉ နှစ်အရွယ် အမျိုးသာ တစ်ဦးကို ဖမ်းမိခဲ့သည်။ **S-03**

# လူစောင့်မရှိဘဲ လျှပ်စစ်ရေမော်တာတင်ရာမှ နေအိမ်လေးလုံး မီးလောင်

**ရန်ကုန်၊ မတ် ၄**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မဥ္ဇူလမ်းရှိနေအိမ်တစ်လုံးတွင် မတ်လ ၄ ရက် နံနက် ၉ နာရီခွဲခန့်က လူစောင့်မရှိဘဲ လျှပ်စစ်ရေမော်တာတင်ထားခဲ့ရာမှ နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါမီးလောင်မှုမှာ လူစောင့်မရှိဘဲ ရေမော်တာဖွင့်ထားခဲ့ရာ ဝါးထရံတွင် ကပ်ထားသော လျှပ်စစ်မိန်းခုံ အပူလွန်ကဲရာမှ ဝါးထရံကိုကူးစက်ကာ စတင်မီးလောင်ခဲ့ပြီး အလျားပေ ၃၀၊ အနံ ပေ ၂၀ ရှိ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းနေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ယင်းမီးလောင်မှုကို မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ် ၄ စီး၊ အုပ်ချုပ်မှုယာဉ် ၁ စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၅၀ ကျော်မှ ၁၅ မိနစ်အကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း ယင်းမီးသတ်တပ်ဖွဲ့ထံမှသိရသည်။

"မီးလောင်မှု ၇၀ ရာခိုင်နှုန်းက ပေါ့ဆမီးတွေပါ၊ အဲဒါကြောင့် မီးဘေးသတိမူရေး ဟောပြောပွဲတွေလုပ်တယ်၊ မီးလောင်နိုင်တဲ့နေရာတွေမှာ စစ်ဆေးတယ်၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ ဈေးတွေ စစ်ဆေးတယ်၊ အဲဒီလိုဟောပြောတာတွေ၊ ဆွေးနွေးတာတွေ၊ စစ်ဆေးတာတွေလုပ်နေပေမယ့် ပြည်သူတွေကလည်း လိုက်နာဖို့လိုတယ်၊ ပူပေါင်း ဆောင်ရွက်ဖို့လိုပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးကြည်ဝင်းက ပြောကြားသည်။

ယင်းမီးလောင်မှုကြောင့် မီးပေါ့ဆသုံးစွဲသူ အသက် ၇၄ နှစ်အရွယ် အိမ်ရှင်ဒေါ်ခင်ဝင်းကို ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မရဲစခန်းမှ (ပ) ၁၂၀/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားသည်။

အလားတူ တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာတွင် မတ်လ ၃ ရက် မွန်းလွဲ ၂ နာရီခန့်က မြေကြီးတူးနေစဉ် အင်ဂျင်ခန်းရှိ လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲရာမှ ဘတ်ဟိုးယာဉ်တစ်စီး မီးလောင်ခဲ့ပြီး အသက် ၄၄ နှစ်အရွယ် ယာဉ်မောင်း ဦးဇော်ဝမ်းကို တွံတေးမြို့မရဲစခန်းက (ပ)၁၄၂/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

■ **J 16**

# ရန်ပြေဂိတ်ဟောင်းမှတ်တိုင်ကို မာ့ခ်တူးယာဉ်ဝင်တိုက်၊ လူနှစ်ဦး ဒဏ်ရာရ

**ရန်ကုန်၊ မတ် ၄**



ဓာတ်ပုံ - ယာဉ်ထိန်းရဲတပ်ဖွဲ့

သာကေတမြို့နယ်၊ ယမုံနာလမ်းတွင် မတ်လ ၄ ရက်နံနက် ၁ နာရီက မာ့ခ်တူးအဖြူရောင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးရှိ ရန်ပြေဂိတ်ဟောင်းမှတ်တိုင်နှင့် အမျိုးသားနှစ်ဦးကို ဝင်တိုက်မိခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ယာဉ်တိုက်ခံရသည့်နှစ်ဦးမှာ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်တွင် နေထိုင်သော အသက် ၁၈ နှစ်နှင့် ၂၂ နှစ်အရွယ် လူငယ်နှစ်ဦးဖြစ်ပြီး ရန်ပြေဂိတ်ဟောင်းမှတ်တိုင်အနီး ရပ်နေစဉ် အရှိန်ဖြင့်မောင်းလာသည့် မာ့ခ်တူးယာဉ်တစ်စီးက ၎င်းတို့ကိုဝင်တိုက်ကာ ခရီးသည်နားနေဆောင် ကားမှတ်တိုင်ကို ထပ်မံဝင်တိုက်မိခဲ့ကြောင်း သာကေတမြို့မရဲစခန်းထံမှ သိရသည်။

"ကားတိုက်ခံရသူနှစ်ယောက် ဒဏ်ရာအခြေအနေက အတော်စိုးရိမ်ရတယ်၊ ရန်ကုန်ဆေးရုံကြီး တင်ပို့ထားပါတယ်" ဟု ယင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သော အသက် ၃၃ နှစ်အရွယ် မာ့ခ်တူးယာဉ်မောင်း ကိုအောင်ဖြိုးလတ်(ခ) အရှည်ကြီးကို သာကေတမြို့မရဲစခန်းက ဖမ်းဆီးထားပြီး အမှုဖွင့်အရေးယူရန် စစ်ဆေးဆောင်ရွက်နေကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ **S-03**

# ကလေးလူကုန်ကူးမှုဖြင့် လင်မယားနှစ်ဦးကို စစ်ဆေး

**ရန်ကုန်၊ မတ် ၄**

တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်တွင် မတ်လ ၂ ရက်နေ့က အရွယ်မရောက်သေးသည့် ကလေးလေးဦးကို အလုပ်ရှာပေးမည်ဟုဆိုကာ ခေါ်ဆောင်လာသည့် လင်မယားနှစ်ဦးကိုလူကုန်ကူးမှုဖြင့် သံသယရှိသောကြောင့် စစ်ဆေးနေကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရှမ်းစုရပ်ကွက်၊ သုခမြိုင်(၁)လမ်းတွင် အိမ်ငှားနေထိုင်သော လင်မယားနှစ်ဦးမှာ ယင်းနေ့နံနက်က ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တင်းချောင်းကျေးရွာတွင် နေထိုင်သော အသက် ၁၂ နှစ်နှင့် ၁၆ နှစ်အရွယ် ယောကျ်ားလေးနှစ်ဦး၊ အသက် ၁၆ နှစ် နှင့် ၁၈ နှစ်အရွယ် မိန်းကလေးနှစ်ဦးတို့ကို အလုပ်ရှာပေးမည်ဟုဆိုကာ ၎င်းတို့နေအိမ်သို့ခေါ်ဆောင်လာခဲ့ကြောင်း တိုင်ကြားချက်များအရ သိရသည်။

"ကလေးတွေ အလုပ်ရမယ်ဆိုလို့ မိဘတွေကိုယ်တိုင်က ထည့်ပေးလိုက်တာ၊ ပခုက္ကူမြို့မှာ အလုပ်သွားလုပ်ဖို့ အိမ်ရှင်လင်မယားက ကားလက်မှတ်သွားဖြတ်ချိန် အိမ်မှာကျန်ခဲ့တဲ့ ကလေးတွေက သူတို့လင်မယားကို မယုံလို့ ပတ်ဝန်းကျင်ကို အော်ဟစ် အကူအညီတောင်းခဲ့တယ်၊ ရပ်ကွက်ရုံးမှာ ကလေးတွေခေါ်လာတဲ့ လင်မယားကို ခေါ်စစ်ဆေးကြည့်တော့ လူကုန်ကူးမှုနဲ့ သံသယရှိခဲ့တာကြောင့် ရဲစခန်းက ဆက်လက် စစ်ဆေးနေတယ်" ဟု ရှမ်းစုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အလုပ်အကိုင်ရှာပေးမည်ဟုဆိုကာ ခေါ်ဆောင်လာသည့် ကလေးလေးဦးအနက် ၁၆ နှစ်အရွယ် မိန်းကလေး၏ ညီမအရင်းဖြစ်သူကို လွန်ခဲ့သည့် တစ်လခန့်က အဆိုပါလင်မယားနှစ်ဦးက အလုပ်ရမည်ဟုဆိုကာ ခေါ်ဆောင်သွားခဲ့ပြီး ယနေ့အချိန်ထိ ၎င်း၏ညီမဖြစ်သူနှင့် အဆက်အသွယ်မရရှိကြောင်း ကလေးများ၏ ထွက်ဆိုချက်အရ သိရသည်။ ■ **S-03**

ဝန်ထမ်းအလိုရှိသည်
အမျိုးသမီးဝန်ထမ်း - (၅)ဦး
အဆောင်စီစဉ်ပေးမည်။
စိန်ကမ္ဘာရည်မွှန်စက်ရုံ A/4(a) ၊(၆၂)လမ်း
သာယာရေးလယ်လမ်း။ ငွေတော်ကျိုးကုန်းရပ်ကွက်
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
Ph : 09-6501608,09-6808176,02-5154824



ဓာတ်ပုံ – ရန်အောင်

# ငြိမ်းချမ်းရေးအတွက် အမြဲပါဝင်ရန်လိုကြောင်း ဝန်ကြီးပြော

**မြစ်ကြီးနား၊ မတ် ၄**

ငြိမ်းချမ်းရေးရရှိရန်အတွက် လက်ရှိမငြိမ်းချမ်းနေသည့် လူများအနေနှင့် ပိုမိုသတိရရန်လိုအပ်ပြီး ငြိမ်းချမ်းရေးအတွက် အမြဲပါဝင်ရန်လိုအပ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားလိုက်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြစ်ကြီးနားမြို့ရှိ ဌာနဆိုင်ရာများ၊ စစ်ရှောင်စခန်းတာဝန်ခံများနှင့် တွေ့ဆုံပွဲကို မတ်လ ၄ ရက်နေ့ နံနက် ၉ နာရီခန့်က မြစ်ကြီးနားမြို့စုပေါင်းရုံးတွင် ကျင်းပရာ ဝန်ကြီးက ယင်းသို့ပြောဆိုခြင်းဖြစ်သည်။

“ပြည်သူတွေကလည်း ငြိမ်းချမ်းရေးလိုချင်တာကို အမြဲဖွင့်ဟဖို့လိုတယ်။ ပြည်သူတွေကလည်း စခန်းကိုရောက်သွားတယ်။ စခန်းမှာနေရတယ်။ ဘယ်နေ့လာပေးမလဲ မပေးရင် ဆင်းရဲမယ်။ ဒါပဲစဉ်းစားနေရင် ငြိမ်းချမ်းရေးကိုမေ့နေမှာစိုးလို့၊ မငြိမ်းချမ်းတဲ့လူကငြိမ်းချမ်းရေးကို ပိုသတိရဖို့လိုတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ဒေါက်တာဝင်းမြတ်အေးက ဆိုသည်။

ထို့ပြင် လက်ရှိကချင်ပြည်နယ်အတွင်းရှိစစ်ရှောင်စခန်းများရှိဒုက္ခသည်များကိုလည်း ၎င်းတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကာ လိုအပ်သည့်အကူအညီထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ရုံးတာဝန်ရှိသူများထံမှ သိရသည်။

မတ်လ ၃ ရက်နေ့ကလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဒုက္ခသည်စခန်း ၁၂ ခုကို သွားရောက်လေ့လာခဲ့သည်။ ■ R-06

# လောက်ကိုင်ရှိ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများကို နေရပ်ပြန်ရန်ပြော

**လားရှိုး၊ မတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင်အတွင်း တိုက်ပွဲများပြန်လည်ဖြစ်ပွားနေသည့်အတွက် ယင်းဒေသရှိရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများကို နေရပ်သို့ပြန်ရန် တိုက်တွန်းပြောကြားထားကြောင်း ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

“ကျွန်တော်တို့က အတင်းအကျပ်ပြန်ခိုင်းတာမျိုးမဟုတ်ပါဘူး။ တိုက်တွန်းတာပါ။ နေရပ်ဒေသမပြန်ချင်လို့နေမယ်ဆိုလည်း အရေးယူဖို့မရှိပါဘူး။ သူတို့သဘောအတိုင်းပဲပေါ့” ဟု လားရှိုးမြို့ရှိ ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ဆိုသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက လောက်ကိုင်တိုက်ပွဲဖြစ်စဉ်တွင် တိုက်ပွဲကာလအတွင်း သွားလာမှုပြတ်တောက်ခဲ့သဖြင့် ဒေသခံများ၊ ပညာရေးဝန်ထမ်းများအပါအဝင် ဝန်ထမ်းမိသားစုများမှာ နေရပ်ပြန်ရန်အခက်အခဲဖြစ်ပေါ်ခဲ့သည့်အတွက် တပ်ဖွဲ့ဝင်အကြီးအကဲများက စေတနာဖြင့် ယခုကဲ့သို့နေရပ်ပြန်ရန်ပြောဆိုခြင်းသာဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင်အတွင်းရှိ ရဲစခန်းများမှတပ်ဖွဲ့ဝင်မိသားစုများကို ၎င်းတို့နေထိုင်ရာ နေရပ်ဒေသအသီးသီးသို့ ခေတ္တပြန်နေထိုင်သင့်ကြောင်း ပြောဆိုမှုများရှိနေကြောင်း တပ်ဖွဲ့ဝင်များ၏ မိသားစုများထံမှ သိရသည်။

“နွေရာသီကျောင်းပိတ်ရက်တိုင်းနှစ်တိုင်းတော့ပြန်တာပါပဲ” ဟု လောက်ကိုင်မြို့ရှိ ရွှေဆင်ရဲစခန်းမှ တပ်ဖွဲ့ဝင်တစ်ဦး၏ ဇနီးဖြစ်သူက ဆိုသည်။

ပြီးခဲ့သည့်နှစ်ကဖြစ်ပွားခဲ့သည့် မုံးကိုးတိုက်ပွဲအတွင်း၌လည်း ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများ ရဲစခန်းတွင်းကျန်ရစ်ချိန်တွင် တိုက်ခိုက်ခံရပြီး သေဆုံးမှုများရှိခဲ့သည့်အတွက် ယင်းဖြစ်ရပ်အပေါ်သင်ခန်းစာယူ၍ နွေရာသီကျောင်းပိတ်ရက်၌နေရပ်သို့ ပြန်ရန်တိုက်တွန်းခြင်းဖြစ်ကြောင်း ရဲမှူးကြီးအောင်မြတ်မိုးက ပြောကြားသည်။

လက်ရှိအခြေအနေတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဝန်းကျင်တွင် တိုက်ပွဲငယ်လေးများဖြစ်နေပြီး လောက်ကိုင်မြို့ကို တိုက်ခိုက်မည်ဟူသည့် သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ■ R-07


ဓာတ်ပုံ – ငြိမ်းသူမင်း

# ကလေးမြို့တွင် အိမ်တစ်လုံး မီးလောင်

**ကလေး၊ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တမူး-ကလေးသွား ကားလမ်းဘေးရှိ ၅၆ မိုင် ကျေးရွာတွင် မတ်လ ၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က မီးလောင်ခဲ့ရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးကြောင်း ဒေသခံဦးဌေးက ပြောကြားသည်။

အသက် ၅၀ အရွယ် အမျိုးသား၏ အလျား ၁၂ ပေ ၊ အနံ ၁၄ ပေ သွပ်မိုးပျဉ်ခင်းနေအိမ်နှင့်တွဲလျက် ကုန်စုံဆိုင်တွင် ဆီလာပြားကြိုးမှ အပူလွန်ကဲပြီး လှမ်းထားသောအဝတ်များကို မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုမှာ ၄၅ မိနစ်ကြာ လောင်ကျွမ်းခဲ့ပြီး ကျေးရွာနေသူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် အိမ်ရှင် ဦးတင်ထွန်းကို ကလေးမြို့မရဲစခန်းတွင် အမှုဖွင့်မည်ဖြစ်ကြောင်း ကလေးခရိုင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူ အောင်ကိုဌေးက ပြောကြားသည်။

“ပူပြင်းတဲ့ ရာသီရောက်လာပြီဆိုတော့ ဆီလာပြား အသုံးပြုသူတွေအနေနဲ့ကြိုးတွေ စစ်ဆေးပြီး ကြိုးလဲတပ်တာမျိုး လုပ်သင့်တယ်” ဟု ၎င်းက ထောက်ပြသည်။ ■

# ဆီဘောက်ဆာဝင်တိုက်၍ အလှူခံနေသည့်သံဃာ ပျံလွန်

**ပခုက္ကူ၊ မတ် ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာကောင်းပြည့် စက်သုံးဆီဆိုင်အနီး ပခုက္ကူ- ရေစကြိုလမ်းတွင် မတ်လ ၃ ရက်နေ့ နံနက် ၈ နာရီခန့်က အလှူခံမဏ္ဍပ်တွင်အလှူခံနေသည့် သံဃာတစ်ပါးကို ဆီဘောက်ဆာယာဉ်ဝင်တိုက်၍ သေဆုံးခဲ့ကြောင်း ရေစကြိုမြို့နယ် မြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ပျံလွန်သူဆရာတော်သည် သာစည်ရွာမ သာသနာ့ရောင်ခြည်ကျောင်းတိုက်မှ သက်တော် ၇၃ နှစ်၊ ဝါတော် ၁၃ ဝါရှိ ဦးအဂ္ဂဝံသဖြစ်ပြီး သာစည်ရွာဦးကျောင်းအတွက် ပခုက္ကူ- ရေစကြိုလမ်းမအနီးမဏ္ဍပ်တွင် အလှူခံချိန်၌ ဆီဘောက်ဆာကဝင်တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့ကြောင်း အဆိုပါစခန်းမှ တာဝန်ကျရဲအရာရှိတစ်ဦးက ပြောဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကိုယာဉ်(ပ)၁၀/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရေစကြိုမြို့နယ် မြို့မရဲစခန်း မှတ်တမ်းအရ သိရှိရသည်။ ■ R-03

# ခရီးသည်တင်ယာဉ်နှင့်ဆိုင်ကယ်တိုက်၊ ဒုတပ်ကြပ်တစ်ဦး သေဆုံး

**တောင်ငူ၊ မတ် ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ နှစ်ဆောင်ပြိုင်ကျေးရွာအနီး ရန်ကုန်- မန္တလေး လမ်းဟောင်းတွင် မတ်လ ၂ ရက် မွန်းလွဲပိုင်းက Princess ယာဉ်လိုင်းပိုင် ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိရာမှ တပ်မတော်လေမှ အသက် ၃၀ အရွယ် ဒုတပ်ကြပ်တစ်ဦး သေဆုံးခဲ့ကြောင်း ကျွန်းကုန်းနယ်မြေရဲစခန်းမှ သိရသည်။

တောင်ငူအခြေစိုက် လေတပ်စခန်းမှဒုတပ်ကြပ် ကျော်သန်းသူ (၃၁ နှစ်) က ဇနီးသည်နှင့် သမီးတို့ကို တင်ဆောင်ကာ ဆိုင်ကယ်မောင်းလာစဉ် ဆိုင်ကယ်ကို ခရီးသည်တင်ယာဉ်က ဝင်တိုက်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဒုတပ်ကြပ်ကျော်သန်းသူမှာ သေဆုံးပြီး ဇနီးနှင့်ကလေးမှာ ဒဏ်ရာရရှိသဖြင့် တောင်ငူဆေးရုံတွင် ဆေးကုသလျက်ရှိရာ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် ခရီးသည်တင်ယာဉ်မောင်း ဦးဟိန်းကို ရာဇသတ်ကြီးပုဒ်မ ပုဒ်မ ၃၀၄-က/ ၃၃၈ /၂၀၂ ဖြင့်အမှုဖွင့်လှစ်ထားကြောင်း ကျွန်းကုန်းနယ်မြေရဲစခန်းမှ ရဲအုပ်အေးနိုင်က ပြောကြားသည်။ ■R-15


မြန်မာပြည်မှာ ဆန်းရှိုင်း

သားရေစစ်စစ် ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ (ပင်ရင်း)

၁။ အမှတ်(၄၃၈)၊ ကုန်သည်လမ်း(၃၄)လမ်းထောင့်၊ ရန်ကုန် 09- 73161424

၂။ အမှတ်(၁၄/A)၊ ၁၈ × ၁၉ လမ်းကြား၊ ၈၃လမ်း၊ မန္တလေး 02- 72806

၃။ မြို့မရုပ်ရှင်ရုံရှေ့၊ ပြင်ဦးလွင်မြို့ ၊ 085- 22927

၄။ လမ်း၈၀ × ၃၃လမ်းထောင့်၊ မန္တလေး၊ 02- 22640, 02- 75134

၅။ ၁၃၃၉၊ ဈေးချိုထပ်၊ မြောက်ဘက်တိုက်တန်း၊ ဈေးချို၊ 02- 22185, 72184

၆။ ၁၉လမ်း၊ ၈၀လမ်းထောင့်၊ မန္တလေး 02- 71006



ဓာတ်ပုံ - ရဲထွဋ် (Dawei Watch)

# ဟိန္ဒားသတ္တုတွင်း မိုးရာသီတွင် ရေနောက်ဆင်းပါက ရပ်နားရမည်

**ထားဝယ်၊ မတ် ၄**

မိုးရာသီတွင် ချောင်းအတွင်းသို့ ရေနောက်ဆင်းပါက ထပ်မံရပ်ဆိုင်းရမည်ဟု ထားဝယ်ခရိုင်၊ မေတ္တာမြို့ရှိ ဟိန္ဒားသတ္တုမိုင်းတွင် သတ္တုတူးဖော်လျက်ရှိသည့် မြန်မာပွန်ပီပက်ကုမ္ပဏီအား သတိပေးထားကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကြောင့် နှစ်ကြိမ်တိုင် ရပ်နားခံခဲ့ရသည့် ဟိန္ဒားသတ္တုမိုင်းကို ပြန်လည်ပတ်ခွင့်ပေးထားပြီး နုန်းစစ်ကန်များကိုပြန်လည်တူးဖော်ရန် ညွှန်ကြားထားသော်လည်း လက်ရှိအချိန်အထိ ပြန်လည်တူးဖော်ခြင်း မရှိသေးသည့်အတွက် ယင်းသို့ ထပ်မံသတိပေးလိုက်ခြင်း ဖြစ်သည်။

"ဟိန္ဒားက ညွှန်ကြားချက်တွေကို လိုက်နာမှုအားနည်းတယ်။ လုပ်သင့်လုပ်ထိုက်တာတွေကိုလည်း လုပ်ခိုင်းထားတယ်။ မိုးတွင်းမှာ ရေအခြေအနေ မကောင်းရင် ထပ်ပိတ်မယ်ပြောထားတယ်" ဟု တိုင်းအစိုးရအဖွဲ့မှ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က ပြောကြားသည်။

သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၏ခရီးစဉ်အတွင်း နုန်းစစ်ကန်ဆယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်းအစိုးရအဖွဲ့မှ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးထံသို့ တစ်ပတ်တစ်ကြိမ် အစီရင်ခံရန် ညွှန်ကြားခဲ့သော်လည်း အစီရင်ခံစာများအရ နုန်းစစ်ကန်ကို ဆယ်ယူထားသည့် အနေအထားမရှိသေးကြောင်း ဝန်ကြီးက ဆိုသည်။

ယင်းကြောင့် မိုးရာသီတွင် နုန်းစစ်ကန်များလျှံကျကာ ရေနောက်များ ချောင်းအတွင်းဆင်းမည်ဆိုပါက ထပ်မံရပ်နားခိုင်းမည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က ပြောကြားသည်။

"ကန်က ပြန်လည်းမတူးထားဘူး။ မိုးရွာလာရင် ကန်ပြိုကျမှာကို အမြဲတမ်းစိုးရိမ်နေရတယ်" ဟု မြောင်းပြိုကျေးရွာမှ ဒေါ်တင်လှက ဆိုသည်။

နုန်းစစ်ကန်များမှာ မြောင်းပြိုကျေးရွာ၏ အမြင့်ပိုင်းတွင် တည်ရှိသည့်အတွက် မြေသားတမံများဖြင့်သာ ကာရံထားသည့် နုန်းစစ်ကန်များ ပြိုကျလာမည်ကို အမြဲစိုးရိမ်နေရသည်ဟု ၎င်းက ဆိုသည်။

ဟိန္ဒားသတ္တုတွင်းကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကြောင့် ပထမအကြိမ်အဖြစ် ဇွန်လ ၂၉ ရက်က ရပ်နားခိုင်းခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် ဟိန္ဒားသတ္တုတွင်း၏ လုပ်ကွက် A၊ B၊ C သုံးကွက်တွင် B နှင့် C တို့ကို စမ်းသပ်လည်ပတ်ခွင့်ပြုခဲ့သည်။

သို့သော် ချောင်းအတွင်းရေနောက်များ စီးဆင်းနေဆဲဖြစ်သည့်အတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်တွင် ထပ်မံရပ်နားခိုင်းခဲ့ပြီးနောက် အောက်တိုဘာလ ၅ ရက်တွင် ထပ်မံလည်ပတ်ခွင့်ပြုထားခြင်းဖြစ်သည်။ ■ **Dawei Watch**

# မြန်မာ- အိန္ဒိယနယ်စပ်အနီး ဗဟိုပြု၍ မြေငလျင်လှုပ်

**ရန်ကုန်၊ မတ် ၄**

မြန်မာ-အိန္ဒိယနယ်စပ် ဟုမ္မလင်းမြို့အနီးကိုဗဟိုပြု၍ မတ်လ ၄ ရက်နေ့ နံနက် ၈ နာရီ ၄၀ မိနစ်ခန့်က အင်အားရစ်ခ််ာစကေး ၅ ဒသမ ၂ အဆင့်ရှိ မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲက သတင်းထုတ်ပြန်သည်။

အဆိုပါမြေငလျင်သည်မြန်မာ-အိန္ဒိယနယ်စပ်အနီး ဟုမ္မလင်းမြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အင်အားအသင့်အတင့်ရှိကြောင်း အဆိုပါဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးက ပြောကြားသည်။

"မြေထုချပ်တွေလှုပ်ရှားတာပါ။ ပြတ်ရွေ့ကနေမဟုတ်ပါဘူး" ဟု ၎င်းက ဆိုသည်။

အိန္ဒိယမြေထုချပ်သည် မြန်မာနိုင်ငံ မြေထုချပ်အောက်သို့ စိုက်ဝင်နေသည့်အတွက် မြေထုချပ်အချင်းချင်းပွတ်တိုက်ကာ မြေငလျင်လှုပ်ခတ်ခြင်းဖြစ်ကြောင်း မြေငလျင်ကျွမ်းကျင်ပညာရှင်များက သုံးသပ်ပြောဆိုသည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့ကလည်း မြန်မာ-အိန္ဒိယနယ်စပ် မဏိပူရ၊ အင်ဖာမြို့အနီးကို ဗဟိုပြု၍အင်အား ရစ်ခ််ာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အား ပြင်းမြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ အိန္ဒိယနိုင်ငံ အင်ဖာမြို့တွင် အဆောက်အအုံများ ပြိုကျပျက်စီးကာ ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူအချို့ရှိခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ရန်ကုန်၊ ပဲခူး၊ သပိတ်ကျင်း၊ တမူး၊ ကလေး၊ ကသာနှင့် ဟားခါး အစရှိသည့် မြို့နယ်များတွင် ငလျင်လှုပ်ခတ်မှုကို သိသာစွာခံစားလိုက်ရသည်။ ■ **E-03**

# မော်တော်ယာဉ်အခွန်နှုန်းတိုး၊ ကျောက်မျက်အခွန်နှုန်းလျှော့

**ရန်ကုန်၊ မတ် ၄**

၂၀၁၆ အခွန်ဥပဒေဟောင်း သတ်မှတ်ချက်ထက် မော်တော်ယာဉ်အထူးကုန်စည်ခွန် တိုးလာပြီး ကျောက်မျက်ရတနာအရိုင်းနှင့် အချောထည် အခွန်နှုန်းများ လျှော့ကျကြောင်း ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေထုတ်ပြန်ချက်အရ သိရသည်။

လူစီးမော်တော်ယာဉ်များ အထူးကုန်စည်ခွန်နှုန်းထားသတ်မှတ်ရာတွင် ယခင်နှစ် ဥပဒေက အင်ဂျင်ပါဝါ ၁၈၀၀ စီစီနှင့်အထက် မော်တော်ယာဉ်များသာ အခွန် ၂၅ ရာခိုင်နှုန်းပေးဆောင်ခဲ့ရရာမှ ယခုနှစ် အခွန်ဥပဒေတွင်မူ ၁၅၀၁ မှ ၂၀၀၀ စီစီအထိကို ၂၀ ရာခိုင်နှုန်း၊ ၂၀၀၁ မှ ၄၀၀၀ စီစီအထိကို ၃၀ ရာခိုင်နှုန်းနှင့် ၄၀၀၁ စီစီနှင့်အထက်ကို ၅၀ ရာခိုင်နှုန်း ပေးဆောင်ရတော့မည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ဖော်ပြထားသည်။

ထို့ကြောင့် အင်ဂျင်ပါဝါမြင့် မော်တော်ယာဉ်များ တင်သွင်းရာတွင်လည်း ဈေးနှုန်းထပ်မံ မြင့်တက်မည်ဖြစ်သည့်အတွက် ယခင်နှစ်များကထက် တင်သွင်းသူလျော့ကျလာမည်ဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက မှတ်ချက်ပြုသည်။

ထို့ပြင် အထူးကုန်စည်ဖြစ်သည့် ကျောက်စိမ်းအရိုင်းထည်နှုန်းထားကို သီးခြားခွဲထုတ်၍ ယခင်နှစ်က ၂၀ ရာခိုင်နှုန်းမှ ယခုနှစ်တွင် ၁၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန်ကျောက်မျက် ရတနာအရိုင်းထည်များကို ယခင်က ၂၀ ရာခိုင်နှုန်းမှ ယခုအခါ ၁၀ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချသတ်မှတ်ထားသည်။

၅ ရာခိုင်နှုန်း အခွန်ကောက်ခံရန် လွှတ်တော်သို့တင်ပြထားသော ၂၀၁၇ ခုနှစ် အခွန်အကောက်ဥပဒေတွင် ရွှေထည်ရောင်းချခြင်းမှလည်း ၁ ရာခိုင်နှုန်း အခွန်ကောက်ခံရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည်။

■ **S-04**

# ဂျပန် SME လုပ်ငန်းရှင်များ ပြည်တွင်းလုပ်ငန်းရှင်များနှင့် လာရောက်တွေ့ဆုံမည်

**ရန်ကုန်၊ မတ် ၄**

ဂျပန်နိုင်ငံမှ အသေးစားနှင့် အလတ်စား (SME) စီးပွားရေးလုပ်ငန်းရှင် ၂၀ ဦးသည် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ရန်အတွက် မတ်လ ၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

Japan-Myanmar Economy & Investment Center မှ Director General Mr.Noriyuki YONEMURA ဦးဆောင်သည့် လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ SME လုပ်ငန်းရှင်များတွေ့ဆုံကာ Japan-Myanmar SME Business Matching 2017 ကို ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ ဂျပန်ကိုယ်စားလှယ်အဖွဲ့တွင် လျှပ်စစ်ပစ္စည်း ထုတ်လုပ်သောလုပ်ငန်း၊ အိမ်သုတ်ဆေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်း ထုတ်လုပ်သောလုပ်ငန်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း၊ အိမ်တွင်းအလှဆင်(ကျွန်းသစ်ဆက်စပ်ပရိဘောဂ) စသည့်လုပ်ငန်းရှင်များ ပါဝင်မည်ဖြစ်သည်။

"ဂျပန်ကုန်သည်အသင်းဥက္ကဋ္ဌ ပြောထားတာက သူတို့အနေနဲ့ မြန်မာနိုင်ငံကို SME တွေကိုပဲ ဦးစားပေးပြီး လွှတ်မယ်ပြောတယ်။ ဂျပန်လုပ်ငန်းအကြီးတွေလည်း ရှိနေတဲ့အတွက် အခုလာတာကလည်း နှစ်နိုင်ငံ SME ချင်း ပူးပေါင်းဆောင်ရွက်ကြဖို့ပါ" ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

ပြည်တွင်းမှ အသေးစား၊ အလတ်စားလုပ်ငန်းများသည် ငွေကြေးအရင်းအနှီး၊ နိုင်ငံခြားဈေးကွက်တို့ အဓိကလိုအပ်နေခြင်းဖြစ်ပြီး ယခုတွေ့ဆုံပွဲသည် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာကိစ္စများကို တိုက်ရိုက်ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများ ရမည်ဖြစ်သဖြင့် မြန်မာ့အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို အဓိကတက်ရောက်ရန် ဖိတ်ကြားထားကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■ **J-11**

# ရန်ကုန်လေဆိပ်လုံခြုံရေးအတွက် နိုင်ငံခြားကုမ္ပဏီကြီး သုံးခု ကမ်းလှမ်း

**ရန်ကုန်၊ မတ် ၄**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ရန် အနောက်နိုင်ငံကြီးများရှိ နိုင်ငံခြားကုမ္ပဏီကြီးသုံးခုက အဆိုပြုကမ်းလှမ်းထားကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

“လက်ရှိမှာတော့အဆိုပြုလွှာကို တင်ခိုင်းထားတယ်။ အမေရိကန်ကုမ္ပဏီတစ်ခုရယ်၊ အစ္စရေးရယ်၊ အင်္ဂလန်က ကုမ္ပဏီတစ်ခုစီပါ။ အခုကကတော့ လုံခြုံရေးကိစ္စကို စီမံခန့်ခွဲမှုကို ကန်ထရိုက်ပေးထားပါတယ်” ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ဆိုသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လုံခြုံရေးဆောင်ရွက်မှုများကို စီမံခန့်ခွဲမှုအတွက် အဆိုပြုလွှာတင်သွင်းထားမှုများ ပြန်လည်စိစစ်ခြင်းကို အချိန်ကန့်သတ်ထားခြင်း မရှိသော်လည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့နှင့် လေကြောင်းပို့ဆောင်ရေးဦးစီးဌာနတို့က ဦးစီးဆောင်ရွက်မည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 ရှေ့တွင် ဇန်နဝါရီလ ၂၉ ရက်က NLD ပါတီ၏ ဥပဒေအထောက်အကူပြုအဖွဲ့ဝင် (ဗဟို) ဦးကိုနီ လုပ်ကြံခံရပြီးနောက် ရန်ကုန်လေဆိပ်၏ လုံခြုံရေး အားနည်းကြောင်းကို ပြည်သူများက ဝေဖန်မှုများရှိခဲ့ပြီးနောက် လေဆိပ်လုံခြုံရေးကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့သည်။



ဓာတ်ပုံ- မြင့်မိုးညို

“တခြားနိုင်ငံတွေနဲ့စာရင် မြန်မာနိုင်ငံရဲ့လေဆိပ်လုံခြုံရေးစနစ်က အများကြီး လိုအပ်နေပါသေးတယ်။ လေကြောင်းလိုင်းအသီးသီး ကိုယ်ပိုင်ခရီးသည် လုံခြုံရေးစနစ်တွေရှိပေမယ့် လေဆိပ်တစ်ခုလုံးကို တာဝန်ယူထားတဲ့ ပုဂ္ဂလိကကုမ္ပဏီအနေနဲ့ ဒီထက်ပိုပြီး လုံခြုံရေးကို စနစ်ကျသင့်ပါတယ်” ဟု ပြည်တွင်းပြည်ပ ပြေးဆွဲနေသော လေကြောင်းလိုင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုပြောဆိုသည်။

ရွေးချယ်ပြီးသော ကုမ္ပဏီအနေနှင့် လေဆိပ် Terminal အတွင်း လုံခြုံရေးဆိုင်ရာများကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး လက်ရှိလေဆိပ်လုံခြုံရေး တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးရဲထွဋ်အောင်က ဆိုသည်။

လက်ရှိ မြန်မာနိုင်ငံတွင် လေယာဉ်ကွင်းပေါင်း ၆၉ ခုရှိသည့်အနက် အပြည်ပြည်ဆိုင်ရာလေဆိပ်အပါအဝင် ပြည်တွင်းလေဆိပ်ပေါင်း ၃၁ ခုသာရှိပြီး အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ ခုနှင့်ပြည်တွင်းလေကြောင်းလိုင်း ၁၀ ခုပြေးဆွဲနေကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။ ■

---

မျက်နှာဖုံး - အောင်ဘာလေထီလက်မှတ် မူရင်းဈေးနှုန်းထက် မှ အဆက်

စုံစမ်းသိရှိရသည်။

ကျပ်ငါးရာတန်ထီလက်မှတ်ကို ဈေးကွက်တွင် စိတ်ဝင်စားမှု ရှိ၊ မရှိ သိရှိရန် စောင်ရေ ၃၂သန်းခန့်သာ စတင်ဖြန့်ချိခဲ့ပြီး ဈေးနှုန်း ပိုမိုရောင်းချမှုကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ ဈေးနှုန်းပိုမိုရယူသည်ဟု တွေ့ရှိပါက သက်ဆိုင်ရာ ထီကိုယ်စားလှယ်များနှင့် မူလသဘောတူညီချက်အတိုင်း ထီအရောင်း ကိုယ်စားလှယ်များကို အမည်ပျက်စာရင်း သတ်မှတ်ကာ လစဉ်ထီစာအုပ် ဝယ်ယူ ခွင့် ရုပ်သိမ်းခြင်း၊ ဌာနသို့ ပေးသွင်းထား သည့် အာမခံငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ပြုလုပ်မည်ဖြစ်ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ဈေးနှုန်းကို ထီလက်မှတ်မှာ ဖော်ပြထားပြီးသားပါ။ အခု ဈေးပိုရောင်းတဲ့ သတင်းစကားတွေ ကြားလာရလို့ စုံစမ်းစစ်ဆေးသွားမယ်။ အခုလည်း ဒါနဲ့ပတ်သက်ပြီး အရေးပေါ်အစည်းအဝေး လုပ်နေပါတယ်” ဟု ၎င်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ဘာလေထီအရောင်းဆိုင်များအနေနှင့် အဆိုပါကျပ် ၅၀၀ တန်ထီ စတင်ရောင်းချသည့် ၂၀၁၇ ခုနှစ်၊ မတ်လသရက်နေ့တွင်ပင် မူရင်းဈေးနှုန်းထက်ပိုမို ရောင်းချမှုများရှိနေကြောင်း အောင်ဘာလေ ထီထိုးသူများထံမှ စုံစမ်းသိရှိရသည်။

“စတင်ရောင်းချတဲ့ မတ်လတစ်ရက်နေ့မှာ ထီအရောင်းဆိုင်နီးပါး မူရင်းဈေးအတိုင်းရောင်းချတာတွေ့ရပါ တယ်။ ဒါပေမဲ့ ၃ ရက်နေ့က စပြီးထီထိုးဖို့သွားတော့ မြို့တွင်းမြို့နယ်က ထီဆိုင်တချို့က ၅၅၀၊ ၆၀၀ နဲ့ ရောင်းချတာတွေရှိလာတဲ့အတွက် အဲဒီဆိုင်တွေကို ဖုန်းဆက်တိုင်ကြားသွားမယ်” ဟု လသာမြို့နယ်တွင် နေထိုင်သူ ကုမ္ပဏီဝန်ထမ်း ဦးသန်းရွှေက ဆိုသည်။

တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ဒေသအသီးသီးသို့မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့်လည်းကောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ပေါ်ရှိ မြို့နယ်များအတွက် အောင်ဘာလေသိန်းဆုဌာနခွဲနှင့် မန္တလေးရုံးခွဲများမှတစ်ဆင့်လည်းကောင်း ကိုယ်စားလှယ်စုစုပေါင်း ၂၃၁၉ ဦးထံ ထီစာအုပ် ၂,၈၆၆,၉၉၉ အုပ်၊ ထီလက်မှတ်စောင်ရေပေါင်း ၃၁,၇၅၆,၉၈၉ စောင့် ဖြန့်ဝေပေးပို့ထားကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲထံမှ သိရသည်။

ယခင်က တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းခဲ့သော အောင်ဘာလေထီလက်မှတ်များ၏ အမြင့်ဆုံးဆုငွေမှာ ကျပ်သိန်း၁၅၀၀ ဖြစ်ပြီး ယခု ကျပ် ၅၀၀ တန် အောင်ဘာလေထီအတွက် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျပ်သိန်း ၁၀၀၀၀ကို အမြင့်ဆုံးဆုငွေအဖြစ်ချီးမြှင့်မည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲထံမှ သိရသည်။

ထီလက်မှတ်တစ်စောင်ချင်းကိုဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ ရောင်းချရာတွင် ထီလက်မှတ်ပါ တန်ဖိုးထက်ပို၍ ရောင်းချသူများတွေ့ရှိပါက သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများအပြင် အောင်ဘာလေသိန်း ဆုဌာနခွဲ (ရန်ကုန်)၀၁-၂၄၉၂၇၃၊ ပြည်တွင်းအခွန်များဦးစီးဌာန(နေပြည်တော်)သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ ကြေညာထားသည်။

အောင်ဘာလေသိန်းဆုဌာနခွဲက ထီလက်မှတ်တန်ဖိုးထက် ပို၍ရောင်းချသူများထံမှ ဝယ်ယူခြင်းမပြုပါရန်နှင့် ထီလက်မှတ်တန်ဖိုးအတိုင်းရောင်းချသည့်ဆိုင်များတွင်သာ ဝယ်ယူကံစမ်းကြပါရန် တိုက်တွန်းနှိုးဆော်ထားသည်။

■ **J-10၊ J-17**

---

## နှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကျော်ခရီးစဉ်များကို တရုတ်ခရီးသွားလုပ်ငန်းရှင်များ ပိုစိတ်ဝင်စား

**ရန်ကုန်၊ မတ် ၄**

တရုတ်-မြန်မာခရီးသွားလုပ်ငန်းမြင့်တင်ရေးဖိုရမ်တွင် နှစ်နိုင်ငံကြားနယ်စပ်ဖြတ်ကျော်ခရီးစဉ်များကို ဈေးကွက်ပိုမိုမြှင့်တင်ရန် တရုတ်ခရီးသွားလုပ်ငန်းရှင်များ စိတ်ဝင်စားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက ပြောကြားသည်။

“တရုတ်တွေကတော့ ယူနန်ဘက်က ခရီးစဉ်တွေကို ပိုပြီးဝင်ချင်တယ်။ သူတို့က နယ်စပ်ဖြတ်ကျော်တာတွေကို ကားတွေနဲ့ဝင်ပြီးတော့ သူတို့ဂိုက်တွေနဲ့ဝင်ချင်တာ။ မြန်မာခရီးသွားလုပ်ငန်းရှင်တွေက ဒီလိုမျိုးတွေကိုတော့ သိပ်ပြီးသဘောမကျဘူး” ဟု ၎င်းက ဆိုသည်။

တရုတ်-မြန်မာခရီးသွားလုပ်ငန်းမြှင့်တင်ရေးဖိုရမ်ကို မတ်လ ၂ ရက်မှ ၃ရက်အထိ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနက နေပြည်တော်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအကြား အပြန်အလှန်ခရီးစဉ်များ ရောင်းချခဲ့ခြင်းဖြစ်သည်။

“လက်ရှိမှာ တရုတ်-မြန်မာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းတွေ မြှင့်တင်ဖို့က ကော်မတီတစ်ခုဖွဲ့ပြီး ဆက်လုပ်ရဦးမယ့် အခြေအနေပါ။ အခုကတော့ နယ်စပ်ဖြတ်ကျော်ခရီးစဉ်တွေကို သူတို့က စိတ်ဝင်စားတယ်” ဟု မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ဆိုသည်။

တရုတ်နိုင်ငံမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အနေနှင့် မြန်မာနိုင်ငံနှင့်နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ခရီးသွားဧည့်သည်များကို ဝင်ရောက်ခွင့်ပြုရန် ညှိနှိုင်းမှုများရှိနေပြီး လက်ရှိတွင် မူဆယ်နယ်စပ်ဝင်ပေါက်ကိုသာ နှစ်နိုင်ငံကြားကူးသန်းရောင်းဝယ်မှု ပြုလုပ်နိုင်သေးကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ဆိုသည်။

တရုတ်-မြန်မာနှစ်နိုင်ငံကြားတွင် ခရီးသည်ဝင်ရောက်မှု မြင့်တက်လာစေရန် လေကြောင်းခရီးစဉ်များတွင် လေယာဉ်လက်မှတ်ဈေးနှုန်း ကြီးမြင့်မှုများကို ဖြေရှင်းရန် ညှိနှိုင်းထားကြောင်း ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနထံမှ သိရသည်။ ■

# လဟယ်တွင် ချောင်းဆိုးရောဂါကြောင့် လူ ၁၄ ဦး သေဆုံး

**ကလေး၊ မတ် ၄**

နာဂ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ လဟယ်မြို့နယ်ရှိ လောနောကုန်းကုန်းနှင့် လေနောက်အင်း ကျေးရွာတွင် ချောင်းဆိုးရောဂါတစ်မျိုး ဖြစ်ပွားမှုကြောင့် ဇန်နဝါရီလမှ မတ်လ ၂ ရက်နေ့အထိ နှစ်လအတွင်း လူ ၁၄ ဦး သေဆုံးခဲ့ကြောင်း လဟယ်မြို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကယ်က ပြောကြားသည်။

အဆိုပါရောဂါမှာ ယခုနှစ် ဇန်နဝါရီလမှ စတင်ဖြစ်ပွားခဲ့ပြီး နှစ်လတာအတွင်း အမျိုးသမီး ခြောက်ဦးနှင့် အမျိုးသားရှစ်ဦးသေဆုံးခဲ့ကြောင်း၊ ယင်းကဲ့သို့ သေဆုံးသူများတွင် အသက်၂နှစ်နှင့် သုံးလအရွယ် ကလေးမှ အသက် ၈၅ နှစ်အရွယ် အမျိုးသမီးကြီးအထိ ပါဝင်ကြောင်းငင်းက ရှင်းပြသည်။

"ဘာရောဂါလဲဆိုတာ တိတိကျကျ သိရဖို့ မတ်လ ၄ ရက်နေ့မှာ မြို့နယ်ဆရာဝန်၊ တပ်နယ် ဆရာဝန်နဲ့တာဝန်ရှိသူတွေက ရောဂါဖြစ်တဲ့နေရာကို သွားနေပြီ" ဟု ၎င်းက ပြောဆိုသည်။

ရောဂါဖြစ်ပွားသော ကျေးရွာနှစ်ရွာမှ တစ်ဆက်တည်းတည်ရှိပြီး လဟယ်မြို့နှင့် မိုင် ၄၀ ကျော် ကွာဝေးပြီး ဆိုင်ကယ်ဖြင့် သွားရောက်ပါက တစ်ညအိပ် နှစ်ရက်သွားရကြောင်း၊ လိုအပ်သည့် ထောက်ပံ့မှုများကို ပေးအပ်ရန် ပြင်ဆင်နေကြောင်း ၎င်းက ရှင်းပြသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဇွန်လမှ နိုဝင်ဘာလ အထိ ဖြစ်ပွားခဲ့သည့် ကူးစက်ရောဂါကြောင့် လူဦးရေ ၇၀ ကျော် သေဆုံးခဲ့ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၏ စာရင်းများအရ သိရသည်။ ■

# ကျောင်းသားများကို အဓမ္မ လိင်တူ ပြုကျင့်သည့် ကျောင်းအုပ်ကို အရေးယူရန် တိုင်းအစိုးရ ဆုံးဖြတ်

**ပုသိမ်၊ မတ် ၄**

မြောင်းမြမြို့နယ်၊ ကဝက် ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာက ကျောင်းသားများကို အဓမ္မလိင်တူပြုကျင့်ခြင်း ၊အဂတိလိုက်စားခြင်းတို့အတွက် အမှုဖွင့်အရေးယူရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေးမှဆုံးဖြတ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဒေါက်တာ လှမြတ်သွေးက ပြောကြားသည်။

ဧရာဝတီတိုင်း ဒေသကြီး အခြေခံပညာဦးစီးဌာန၏ ဌာနတွင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ ကဝက်ကျောင်းအုပ် ဆရာမှာ ဆရာ ဆရာမနှင့် ကျောင်းသားများ တိုင်ကြားချက်အတိုင်း အမှန်တကယ် ပြစ်မှုကျူးလွန်သည်မှာ ထင်ရှားသဖြင့် ဥပဒေအရ အရေးယူရန် ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"တိုင်ကြားမှုတွေက မှန်ကန်တယ် အများပိုင်ဌာန ငွေကြေးကို တစ်ဦးတည်း အလွဲသုံးစားမှုကလည်းရှိတယ် ပညာရေးဌာန အနေနဲ့ အမှုဖွင့်ရမှာဖြစ်တယ်၊ ဒါကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးမှာဆုံးဖြတ်တယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်တွေကို မတ်လဒုတိယအပတ်ထဲမှာ ပြည်ထောင်စု အစိုးရကို ပေးပို့သွားမယ်" ဟု ၎င်းက ရှင်းပြသည်။

စွပ်စွဲခံနေရသူ ကျောင်းအုပ်ဆရာကြီး ဦးအောင်အောင် (၅၀ နှစ်) ကို ဖေဖော်ဝါရီလ ၂၀ ရက်က ဖမ်းဆီးကာ မြောင်းမြမြို့မှ ရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၇၇ ဖြင့် အမှုဖွင့်ထားကြောင်း၊ ယင်းအပြင် ပညာရေးဌာနမှလည်း ယာယီတာဝန်မှရပ်ဆိုင်းပြီး စစ်ဆေးခဲ့ရာ ကျောင်းသားများနှင့် လိင်တူဆက်ဆံခြင်း၊ ကုံကော်စံ ကိုယ်ပိုင် စခန်းသွင်းဘော်ဒါ ဖွင့်လှစ်ခြင်း၊ ကျောင်းသုံး အင်္ဂလိပ်စာအုပ်များ ပြင်ပတွင် ရောင်းချခြင်း၊ ကျောင်းပိုင်ငွေများကို တစ်ဦးတည်း သဘောဆန္ဒဖြင့် သုံးစွဲခြင်း၊ ၎င်း၏ လက်အောက်ရှိ ဝန်ထမ်းများကို ခွဲခြားဆက်ဆံခြင်း၊ ဌာန၏ညွှန်ကြားချက်ကို လိုက်နာမှု မရှိခြင်းတို့ကို တွေ့ရှိရကြောင်း ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး၏ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ တင်ပြသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကဝက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်အောင်က ကျောင်းသားများကို လိင်တူဆက်ဆံပေးရန် လုပ်ဆောင်ခိုင်းသဖြင့် မြောင်းမြမြို့မရဲစခန်းတွင် ဖေဖော်ဝါရီလ ၁၆ ရက်က ဆရာ ဆရာမများနှင့် ကျောင်းသားများက အမှုဖွင့်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၁၇ ရက်မှစတင်ကာ ဌာနတွင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၀ ရက်က မြောင်းမြရဲစခန်းက ဖမ်းဆီးကာ ရာဇသတ်ကြီး ပုဒ်မ ၃၇၇ ဖြင့် အမှုဖွင့် စစ်ဆေးခဲ့သည်။ ■

# ကွတ်ခိုင်ရှိ တပ်စခန်းငယ်တစ်ခုနှင့် လုံခြုံရေးစခန်းများ တိုက်ခိုက်ခံရ

**နေပြည်တော်၊ မတ် ၄**

ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းယုလေးကျေးရွာအနီးရှိ တပ်မတော် စစ်ကြောင်းနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များ ပူးပေါင်း အခြေပြုလျက်ရှိသည့် ပန်လော့စခန်းကို မတ်လ ၄ ရက် နံနက် ၄ နာရီ ၄၀ မိနစ်က KIA/TNLA ပူးပေါင်းအဖွဲ့မှ အင်အား ၇၀ ဦးခန့်က လာရောက်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီး လုံခြုံရေး တာဝန်ယူထားသော ပန်လော့စခန်း တိုက်ခိုက်ခံရချိန်တွင် ကွတ်ခိုင်မြို့အနီး လှုပ်ရှားနေသည့် တပ်မတော်စစ်ကြောင်းက သွားရောက်ပူးပေါင်း တိုက်ခိုက်ရာ KIA/TNLA အကြမ်းဖက်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့သော်လည်း တပ်မတော် မှအရာရှိ၊ စစ်သည်အချို့နှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်အချို့ ကျဆုံးခဲ့ရပြီး လက်နက်ငယ်အချို့နှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင်ဖော်ပြသည်။

ပန်လော့စခန်းကို KIA/TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့မှ လာရောက်တိုက်ခိုက်ချိန်နှင့် တစ်ချိန်တည်းတွင် ရင်ကွဲတောင်စခန်းနှင့် နမ့်ခိုင်တံတား လုံခြုံရေးစခန်းတို့အား KIA/TNLA အင်အား ၁၅ ဦးစီခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ KIA/TNLA အဖွဲ့မှ ပစ်ခတ် လိုက်သည့် လက်နက်ကြီးကျည်သည် စခန်းပေါ်သို့ ကျရောက် ပေါက်ကွဲခြင်းမရှိဘဲ တံတားမြောက်ဘက်ရှိ Oriental Highway Co., Ltd. မှ အလုပ်သမားများ နေထိုင်လျက်ရှိသည့် တဲပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ■

# ကျိုင်းတုံတွင် ကျပ်ငါးရာတန်ထီကို ဈေးတင်ရောင်းချ

**ကျိုင်းတုံ၊ မတ် ၄**



ဓာတ်ပုံ- ရန်နိုင်

ထီလက်မှတ်အရောင်းဆိုင်တစ်ခုတွင် ကျပ်ငါးရာတန် ထီလက်မှတ် ဝယ်ယူကာစမ်းနေသည့် သံဃာတစ်ပါးကို တွေ့ရစဉ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ကျပ် ၅၀၀ တန် အောင်ဘာလေထီ လက်မှတ်ကို တစ်စောင်လျှင် ကျပ် ၆၅၀ ဖြင့် ဈေးတင်ရောင်းချနေကြောင်း ဒေသခံများထံမှ သိရသည်။

"ရန်ကုန်မြို့ အပါအဝင် အခြားဒေသတွေမှာ ထီတစ်စောင်ကို သတ်မှတ်ရောင်းဈေး ၅၀၀ ကျပ်နဲ့ ရောင်းတယ်လို့ သိရတယ်၊ ဒီမှာတော့တစ်စောင်ကို ၆၅၀ ကျပ်နှုန်းနဲ့ ဆယ်စောင်ကို ၆၅၀၀ ကျပ်နဲ့ ရောင်းနေကြတယ်" ဟု ကျိုင်းတုံဒေသခံ ဦးစိုင်းကျောက်က ပြောဆိုသည်။

ထီအရောင်းကိုယ်စားလှယ်များအနေနှင့် ထီလက်မှတ်တစ်စောင်လျှင် ကျပ်ငါးရာနှုန်းဖြင့် ဝယ်ယူရသော်လည်း ပြန်လည်ရောင်းချရာတွင် ထီလက်မှတ်အိတ်၊ ကုန်ကျစရိတ်၊ လေယာဉ်ဖြင့် သယ်ယူစရိတ်၊ ဆိုင်ခန်းစရိတ်များကြောင့် ယင်းကဲ့သို့ ဈေးတင်ရောင်းချရခြင်း ဖြစ်ကြောင်း ကျိုင်းတုံမြို့မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ထီအရောင်းကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ပြည်တွင်းအခွန်ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ အနေနှင့် ကျပ်သိန်းတစ်သောင်း ချီးမြှင့်ပေးမည့် ၅၀၀ ကျပ်တန် ထီလက်မှတ်များကို သတ်မှတ်ဈေးထက်ပိုမရောင်းရန် ထုတ်ပြန်ထားကြောင်း၊ ဈေးတင်ရောင်းချသည့် ထီအရောင်းကိုယ်စားလှယ်များကို အမည်ပျက်စာရင်း သတ်မှတ်ကာလတွင် ထီစာအုပ်ဝယ်ယူခွင့် ရပ်သိမ်းခြင်း၊ ဌာနသို့ပေးသွင်းထားသည့် အာမခံငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက ထုတ်ပြန်ကြေညာထားသည်။

■ R-16

# ဧရာဝတီတိုင်းလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မတ်လ ၈ရက်တွင် စတင်မည်

**ပုသိမ်၊ မတ် ၄**

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို မတ်လ ၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မေးခွန်းနှင့် အဆိုမေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်က ပြောကြားသည်။

"ဘတ်ဂျက်ကိစ္စနဲ့ ဝန်ကြီးခန့်ထားရေးကိစ္စကတော့ လောလောဆယ် မပါသေးဘူး၊ အစည်းအဝေး ကျင်းပတဲ့ကာလမှာ ဖြစ်လာခဲ့ရင်လည်း ဆောင်ရွက်ရမှာပါ" ဟု ၎င်းကရှင်းပြသည်။

ယင်းအစည်းအဝေးတွင် ပုသိမ်မြို့တွင် ကျင်းပခဲ့သော ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းလွှတ်တော် ကိုယ်စားလှယ်များအတွက် နေရာထိုင်ခုံ စီစဉ်ပေးထားခြင်းမရှိသည့် ကိစ္စနှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရန် စီစဉ်ထားကြောင်း ကြံခင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးသော်ဇင်ဝင်းက ပြောကြားသည်။

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် စတင် ကျင်းပခဲ့ကြောင်း၊ တစ်နှစ်တာကာလအတွင်း ပုံမှန်အစည်းအဝေးလေးကြိမ်၊ အထူးအစည်းအဝေးတစ်ကြိမ်၊ အရေးပေါ်အစည်းအဝေး တစ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကာ မတ်လ ၈ ရက်တွင် ပဉ္စမပုံမှန်အစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း လွှတ်တော် မှတ်တမ်းများအရသိရသည်။

■ R-11

# လစ်လပ်ဝန်ကြီးနေရာအတွက် သီးသန့်ထပ်ခန့်ရန်မရှိဟု မွန်ဝန်ကြီးချုပ်ဆို

**မော်လမြိုင်၊ မတ် ၄**

မွန်ပြည်နယ်အစိုးရအဖွဲ့ရှိ လစ်လပ်နေသော စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအတွက် သီးသန့်ဝန်ကြီးခန့်အပ်ရန် အစီအစဉ် မရှိသေးကြောင်း မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံက ပြောကြားသည်။

"NLD ပါတီရဲ့ မူဝါဒအရ ညွှန်ကြားထားတဲ့အတိုင်း တိုင်းနဲ့ပြည်နယ်မှာ ဝန်ကြီး ခုနစ်ဦးပဲ ထားရမယ်၊ လုံနယ်ရယ်၊ ဝန်ကြီးချုပ် အပါအဝင် ဝန်ကြီး ၇ ယောက်ပဲထားရှိရမယ်၊ တိုင်းရင်းသားရေးရာ ဝန်ကြီးကတော့ သုံးယောက်၊ ဥပဒေချုပ်ရှိမယ်၊ စာရင်းစစ်ချုပ်ရှိမယ်၊ အခုက ငါးယောက်ရှိနေပြီး လုံနယ်နဲ့ဆို ခြောက်ယောက်၊ ဝန်ကြီးချုပ်ပါရင် ခုနစ်ယောက်ရှိပြီး တိုးပြီးချဲ့ဖို့ဆိုတာတော့ လောလောဆယ်ဆယ် အစီအစဉ်လည်း မရှိဘူး၊ ချဲ့မယ်ဆိုရင် သမ္မတရဲ့ခွင့်ပြုချက် ယူရမယ်၊ အခုရှိတဲ့ ဝန်ကြီးဌာနတွေကိုပဲ ခွဲပြီးတော့ပေးရမှာပဲ၊ ဘယ်လိုပဲ ခွဲပေးခွဲပေး အဓိကတာဝန်အရှိဆုံးက ဝန်ကြီးချုပ်မှာပဲ ရှိတယ်" ဟု ၎င်းကဆက်လက် ပြောကြားသည်။

စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုပြည်နယ်အစိုးရ၏ အပတ်စဉ် ပုံမှန်အစည်းအဝေးတွင် စည်ပင်သာယာရေးဌာနကို ဝန်ကြီးတစ်ဦး၊ ဆောက်လုပ်ရေးဌာနကို ဝန်ကြီးတစ်ဦး လက်ရှိ ဝန်ကြီးတာဝန်ယူနေသည့် ဝန်ကြီးများက ပူးတွဲ လုပ်ကိုင်စေမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယင်းဝန်ကြီးဌာနနှစ်ခုနှင့် ပတ်သက်၍ မတ်လ ၃ ရက်က ပြုလုပ်သော ဒုတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) ဒုတိယနေ့တွင် ပြည်နယ်အစိုးရမှ ဝန်ကြီးဌာန အမည်ပြောင်းလဲခြင်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးသည့် အပေါ်သုံးသပ်၍ ပြည်နယ်လွှတ်တော်မှ တစ်စုံတစ်ရာ ဆုံးဖြတ်ခဲ့ခြင်း မရှိဘဲ ယင်းအဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ထားခဲ့သည်။

"ပြည်နယ်အစိုးရအနေနဲ့ ဝန်ကြီးဌာန အမည်ပြောင်းလဲမယ်ဆိုရင် နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး ပြည်နယ် အစိုးရအဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်တယ်၊ ဒါကို လွှတ်တော်ကို တင်သွင်းမယ်ဆိုရင် လွှတ်တော်ကို သဘောတူညီချက် ယူရမယ်၊ အခုက သမ္မတကနေ မဟုတ်ဘဲနဲ့ပြည်နယ်အစိုးရကနေ တင်လာတော့ ဒါက လွဲမှားနေတယ်" ဟု မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးက ပြောကြားသည်။

ဝန်ကြီးဌာန အမည်ပြောင်းလဲဖွဲ့စည်းပါက သက်ဆိုင်ရာ ဝန်ကြီးဌာနတို့၏ ဘတ်ဂျက်ဥပဒေကို ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ယခင်အစိုးရအဖွဲ့မှ တင်ထားသည့် ဝန်ကြီးဌာနနှင့် ယခု ၂၀၁၅ နောက်ပိုင်း တက်လာသည့် အစိုးရတို့က ပြန်လည်ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနတို့၏ အမည်ပြောင်းလဲမှုကြောင့် ဘဏ္ဍာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို တစ်ကြိမ် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုလုပ်မည်ဆိုပါက ထိုဘဏ္ဍာရေး ဥပဒေကို နောက်ထပ်တစ်ကြိမ် ပြင်ဆင်ရမည်ဖြစ်ကြောင်း ဒေါက်တာ အောင်နိုင်ဦးက ရှင်းပြသည်။

"ဆိုရင် ဒီဝန်ကြီးဌာနကို ဝန်ကြီးနောက်တစ်ဦး သီးသန့်ခန့်ဖို့ လိုမယ်၊ ဘာလို့လည်းဆိုတော့ ဝန်ကြီးဌာန အားလုံးထဲမှာ ဆောက်လုပ်ရေး ဌာနက ဘတ်ဂျက်ငွေ အများဆုံးပဲ၊ ဒါကြောင့် သီးသန့်ခန့်ဖို့ကိုလဲ လွှတ်တော်အစည်းအဝေးမှာလည်း ဆွေးနွေးထားခဲ့တယ်၊ ဒါကြောင့် အဲဒီနေ့တင်တဲ့ အဆိုကို မှတ်တမ်း အနေနဲ့ပဲ ထားထားတယ်" ဟု၎င်းက ပြောဆိုသည်။

စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ယခင်က ဝန်ကြီးချုပ် ဦးမင်းမင်းဦးက တိုက်ရိုက် တာဝန်ယူခဲ့ကြောင်း၊ ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ်ရာထူးနှင့် ဝန်ကြီးဌာန နေရာများကို မိမိသဘောဆန္ဒဖြင့် နုတ်ထွက်လိုက်သည့်အတွက် ဝန်ကြီးလစ်လပ်နေခြင်း ဖြစ်သည်။

ယခုလက်ရှိ ထိုစည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းများနှင့် ပတ်သက်၍ မတ်လ ၃ ရက်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့မှ ယာယီတာဝန်ပေးအပ်သည့် အမိန့်စာ တစ်ရပ်ကို ထုတ်ပြန်ထားသည်။ အမိန့်စာတွင် စည်ပင်သာယာရေးဌာန လုပ်ငန်းတာဝန်များကို လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မင်းထင်အောင်ဟန်ကို လည်းကောင်း၊ ဆောက်လုပ်ရေးဌာန လုပ်ငန်းတာဝန်များကို စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏကျော်ကိုလည်းကောင်း အသီးသီး ပူးတွဲတမ်းဆောင်ရန် တာဝန်ပေးအပ်ထားကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။ ■




မီးလောင်ခဲ့သည့် ဘုရားဖူးယာဉ်ကို ဝိုင်းဝန်း၍မီးငြိမ်းသတ်နေစဉ်

## ဘုရားဖူးယာဉ်တစ်စီး မီးလောင်

**မကွေး၊ မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းပေါ် မြို့အဝင်တိုးဂိတ်နှင့် မြို့ဦးစေတီ အနီးတွင် ယနေ့နံနက် ၆ နာရီ ၂၅ မိနစ်ခန့်က ဘုရားဖူးယာဉ်တစ်စီး မီးလောင်ခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

အဆိုပါမှန်လုံအမြန်ယာဉ်သည် နေပြည်တော်မှ ပုဂံ- ညောင်ဦးသို့ ဘုရားဖူးခရီးသည်များကို တင်ဆောင်လာစဉ် ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ် ကျေးရွာအနီးသို့ အရောက် ယာဉ်၏ဘာရိတ်ချို့ယွင်းနေခြင်းကြောင့် အခြားယာဉ်တစ်စီးဖြင့် ခရီးသည်များကို ပြောင်းလဲပို့ဆောင်စေခဲ့ပြီး ပြုပြင်ရန် ကျောက်ပန်းတောင်းမြို့သို့ မောင်းနှင်လာခဲ့ရာမှ ယင်းကဲ့သို့မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ် မီးသတ်ဦးစီးဌာနတာဝန်ရှိသူက ပြောကြားသည်။

မီးလောင်သည့်ယာဉ်ပေါ်တွင် ခရီးသည်များမပါရှိနေသည့်အတွက် မီးလောင်မှုကြောင့် လူအသေအပျောက် မရှိခဲ့ကြောင်း အနီးရှိမျက်မြင်ဒေသခံများထံမှ သိရသည်။ ■ R-02

## အလုပ်ရှင် အလုပ်သမား ချုပ်ဆိုမည့်စာချုပ်ကို မတ်လအတွင်း အတည်ပြုနိုင်မည်

**ရန်ကုန်၊ မတ် ၄**

အလုပ်ရှင်၊ အလုပ်သမား ခန့်အပ်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC စာချုပ်) ကို မတ်လအတွင်း အတည်ပြုနိုင်ရေး ဆွေးနွေးသွားမည်ဟု ယင်းစာချုပ်ရေးဆွဲရန် ဆွေးနွေးနေသည့် အလုပ်သမားအဖွဲ့အစည်းများထံမှ သိရသည်။

အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC စာချုပ်) တွင် အချက် ၂၂ ချက်ပါဝင်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အလုပ်သမားများနှင့်အလုပ်ရှင် သင့်တင့်မျှတသည် အချက်များပါဝင်ထားကြောင်း မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုပေါင်းစုံ အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးနော်အောင်က ပြောကြားသည်။

"UMFCCI အတွင်းရေးမှူး ဦးအေးလွင်ဦးဆောင်အဖွဲ့နဲ့ ကျွန်တော်တို့ အလုပ်သမားအဖွဲ့တွေနဲ့ ဆွေးနွေးထားတဲ့ မူကြမ်းတစ်ခုရှိတယ်၊ အဲဒီမူကြမ်းကိုပဲ အတည်ပြုသွားပါမယ်၊ စာချုပ်နမူနာတွေရှိတယ်၊ အလုပ်သမားအများစု လက်ခံထားတဲ့စာချုပ်ကို ဒီလထဲမှာ အတည်ပြုပြီးမှာပါ" ဟု ၎င်းဆိုသည်။

အလုပ်ရှင်အလုပ်သမား စာချုပ်ချုပ်ဆိုရမည့် EC နှစ်ဦးသဘောတူစာချုပ်ကို အတည်ပြုနိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရ ပါဝင်သည့် သုံးပွင့်ဆိုင်တွင် သတ်မှတ်သွားမည်ဖြစ်ပြီး ဆွေးနွေးမည့်ရက်ကိုမူ အတိအကျ မသတ်မှတ်ရသေးကြောင်း ဦးအေးနော်အောင်က ပြောကြားသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလလယ်ပိုင်းတွင် EC စာချုပ်နမူနာသုံးစုံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားနှင့် အလုပ်ရှင်တို့က တစ်စုံစီ ရေးဆွဲ၍ စာချုပ်သုံးစုံအနက် အလုပ်သမားအများစုက လက်ခံထားသည် EC စာချုပ်အပေါ် လုပ်ငန်းရှင်များဘက်မှ အဆိုပြုထားသည့် အချက် (၂)ချက်ကို ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ရန်ကျန်ရှိနေသေးသည်။

အဆိုပါ EC စာချုပ်မူကြမ်းတွင် ပါရှိသော ပြစ်မှုကျူးလွန်ခြင်းတွင် အဆိုပါပြစ်မှုသည် ၁၂ လအတွင်း ကျူးလွန်ခြင်းဖြစ်ရမည်၊ ၁၂ လကျော်ပါက ပြစ်မှုပြစ်ဒဏ်က သက်ရောက်မှုမရှိကြောင်း ပါရှိသည့်အချက်နှင့် ခွင့်တိုင်ကြားပါက ခိုင်လုံသည့် အကြောင်းပြချက်ဖြင့် ခွင့်ယူပါက အလုပ်မှထုတ်ပယ်ခြင်းမပြုရဟုအချက်ပေါ် လုပ်ငန်းရှင်များက လက်မခံသေးကြောင်း စက်မှုလက်မှုနှင့် ဝန်ဆောင်မှုပေါင်းစုံ အလုပ်သမားများသမဂ္ဂ အဖွဲ့ချုပ်ထံမှ သိရသည်။

အဆိုပါအချက်နှစ်ချက်ကို ပြန်လည်ပြင်ဆင်ရန်လိုအပ်ကြောင်းနှင့် ယင်းစာချုပ်ကိုလက်ရှိအခြေအနေအတိုင်း အတည်ပြုလိုက်ပါက လုပ်ငန်းရှင်များအနေနှင့် လုပ်ငန်းခွင်အတွင်း စီမံခန့်ခွဲမှုပိုင်းတွင် အခက်အခဲဖြစ်နိုင်သည်ဟု အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာခင်မောင်အေးက ပြောကြားသည်။

"ပြစ်မှုနဲ့ပြစ်ဒဏ် ကာလ ကန့်သတ်ချက်ပေါ့၊ ကျွန်တော် တို့ဘက်က သဘောမတူနိုင်ဘူးဖြစ်နေတယ်၊ သေချာအောင်တော့ ညှိလို့ရမှာပါ၊ ခွင့်ကိုတိုင်ရမှာ။ အလုပ်ရှင်ကို လေးစားသမှုနဲ့တော့ တိုင်စေချင်တယ်။ နောက်တစ်ချက်က ခွင့်မဲ့ပျက်ကိစ္စနဲ့ ပတ်သက်ပြီး ခွင့်မတိုင်ဘဲ ၃ ရက်ဆက်တိုက်ပျက်ရင်တော့ အလုပ်က ထုတ်ပယ်မယ်ပေါ့" ဟု ၎င်းကဆိုသည်။

ယင်းအချက်များအပေါ် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ သုံးပွင့်ဆိုင် ဆွေးနွေးသွားမည်ဖြစ်ပြီး ဆွေးနွေးပြီးပါက မတ်လအတွင်း တစ်နိုင်ငံလုံးအနေနှင့် အတည်ပြုသွားမည်ဖြစ်သည်။ ■

**ခင်မြတ်မြတ်ဝေ**

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# မြေထဲပင်လယ်ကမ်းခြေရှိ အေသင်မြို့ဟောင်းဆီ ခရီးသွားခြင်း (၁)

ထက်အောင်ကျော်

### ဆောင်းရာသီ ဟောလီးဒေးမှာ ဘယ်သွားရင်ကောင်းမလဲ

ဖေဖော်ဝါရီ တတိယသီတင်းပတ်ဟာ နော်ဝေနိုင်ငံရဲ့ ဆောင်းရာသီ ဟောလီးဒေးဖြစ်တာကြောင့် ဘယ်သွားရင် ကောင်းမလဲဆိုပြီး စဉ်းစားပါတယ်။ ဒီဇင်ဘာ ခရစ္စမတ်ဟောလီးဒေးတုန်းကလည်း အလားတူစဉ်းစားပေမယ့် ဘတ်ဂျက်မရှိတာ၊ ကြိုတင်အစီအစဉ်မဆွဲနိုင်တာတွေကြောင့် ဘယ်မှမသွားဖြစ်လိုက်ပါ။ အခုတော့ ဒီတိုင်း ထိုင်နေလို့မဖြစ်၊ တစ်နေရာရာတော့ ထသွားမှဖြစ်မယ်လို့ ကြိုတင်ဆုံးဖြတ်ထားပါတယ်။

ပထမဆုံးသွားချင်တဲ့နေရာက Northern Light မြောက်ပိုင်းရောင်ခြည် (ဥတ္တရအလင်း) မြင်ခွင့်ရနိုင်တဲ့ အရပ်ဆီ။ ဒါပေမဲ့ ခရီးစရိတ်၊ ဟိုတယ်စရိတ်ကို Check ကြည့်တော့ နည်းနည်းနောနောမဟုတ်။ နော်ဝေနဲ့ ရုရှားနယ်စပ်ကမြို့ကို သွားမလား၊ နော်ဝေမြောက်ပိုင်းက ကျွန်းကလေးဆီသွားမလား၊ ဖင်လန်မြောက်ပိုင်းဆီ သွားမလား။ ဘယ်သွားသွား ခရီးစရိတ်နဲ့ ဟိုတယ်စရိတ်ပေါင်းရင် ခရိုနာ ၅၀၀၀ (ဒေါ်လာ ၆၀၀ ကျော်) အထက်မှာချည်း။ ပြီးတော့ ရာသီဥတုက အစိုးရတာမဟုတ်။ မြောက်ပိုင်းရောင်ခြည်ဆိုတာကလည်း သန်းခေါင်ယံနေလိုပဲ တိမ်ကင်းပြီး ကောင်းကင်တစ်ခုလုံးကြည်လင်နေမှ မြင်ခွင့်ရနိုင်တဲ့အရာမျိုး။ စရိတ်အများကြီးအကုန်ခံသွားပြီးမှ မိုးရွာတာ၊ တိမ်ထူတာနဲ့တိုးနေရင် သေပြီဆရာပဲ။

ဒီတော့ စရိတ်သက်သာ နွေးထွေးရာကို လိုက်ရှာရပါတယ်။ အခုချိန်က အော်စလိုမှာတောင် အနုတ် ၅ လောက်ရှိပြီး ဆီးနှင်းတွေထူထပ်စွာကျနေတာဆိုတော့ ရှေ့မှာပြောခဲ့တဲ့ မြောက်ပိုင်းအရပ်တွေဆို အနုတ် ၂၀ ကျော်လောက်ဖြစ်နေမှာ။ စိတ်ကသွားချင်ပေမယ့် ရုပ်ပိုင်းဆိုင်ရာကတော့ အအေးဒဏ်ကနေ ထွက်ပြေးချင်နေပုံရပါတယ်။ အထူးသဖြင့် ရေခဲအမှတ်အောက် အအေးဒဏ်ကို ၃ လလောက် ဆက်တိုက်ခံပြီးချိန်မှာ နွေးထွေးတဲ့တစ်နေရာရာဆီ ထွက်ပြေးချင်စိတ်ပေါ်နေပါတယ်။

ဒါဟာ နော်ဝေဆောင်းနဲ့ အလိုက်သင့်မနေတတ်လို့၊ အထူးသဖြင့်ဆောင်းတွင်းအားကစား စကိတ်မစီးတတ်တာလည်း ပြဿနာတစ်ခုလို့ ထင်ပါတယ်။ ဒီလိုနဲ့ ဘတ်ဂျက်မများ၊ အချိန်သိပ်မစား၊ နေရောင်ခြည်များပြီး နွေးထွေးနိုင်တဲ့နေရာတစ်ခုခုကို လိုက်ရှာရင်း ဒီလိုဆောင်းတွင်းကြီးမှာတောင် အပူချိန် ၁၈ ဒီဂရီလောက်ရှိနေတဲ့ ဥရောပတိုက် မြေထဲပင်လယ်ကမ်းဘေးက ဂရိနိုင်ငံ အေသင်မြို့က ခရီးသွားကြော်ငြာကို တွေ့မိပါတယ်။ လေယာဉ်ခရော၊ ဟိုတယ်ခပါ ၃ ညအိပ်၊ ၄ ရက်ခရီးမှ ၂၅၀၀ ခရိုနာ (ဒေါ်လာ ၃၀၀ ဝန်းကျင်) တဲ့။

လေကြောင်းလိုင်းကတော့ တူရကီလိုင်းမို့ အင်စတန်ဘူးလ်ကနေ တစ်ဆင့်သွားရမယ်။ ပျံသန်းချိန်နဲ့ Transit မှာ စောင့်ရမယ့်အချိန် အားလုံးပေါင်း ၆ နာရီနီးပါးကြာမယ်လို့ဆိုပါတယ်။ ဥရောပတိုက်အပြင်ဘက်ကနေ ကွေ့ပတ်သွားတာကြောင့် ဈေးပေါတာဖြစ်မယ်။ ဥရောပအပြင်ကိုမထွက်ဘဲ နယ်သာလန်၊ ဒိန်းမတ်၊ ဂျာမနီစတဲ့လေယာဉ်ကွင်းတစ်ခုခုကနေ တစ်ဆင့် သွားမယ်ဆိုရင် ဈေးက ဒေါ်လာ ၁၀၀ လောက်ပိုများပါတယ်။ ဂရိကိုမသွားဘဲ တူရကီမှာပဲ ဆင်းမယ်။ ဒါမှ မဟုတ် တူရကီနဲ့ ဆီးရီးယားကြားက ဆိုက်ပရပ်ကျွန်းဆီ သွားမယ်ဆိုရင် ဈေးက ပိုတောင်သက်သာနေပါသေးတယ်။

ဒီက ခရီးသွားတွေက မြန်မာနိုင်ငံမှာလို ခရီးသွားကုမ္ပဏီတွေဆီ ဘယ်သူမှ လက်မှတ်သွားမဝယ်ပါ။ အားလုံး အင်တာနက်ပေါ်မှာပဲ ဝယ်ကြပါတယ်။ လေယာဉ်ခက ဈေးပေါတယ်ဆိုပေမယ့် ထိုင်ခုံဖိုး၊ အစားအစာဖိုး၊ အသက်အာမခံ၊ ခရီးသွားအာမခံ၊ ဘာကြေးညာကြေးတွေကလည်း ရှိသေးတယ်။ ဒါက အတွေ့အကြုံရှိမှ။ နို့မို့ဆို အကုန်ဝယ်မိနိုင်ပါတယ်။ လွန်ခဲ့တဲ့ ၃ နှစ် မြန်မာနိုင်ငံဆီ ပထမအခေါက်ပြန်တုန်းက အကြောင်းမသိသေးတော့ အဲဒါတွေ အားလုံး သွားဝယ်မိပါတယ်။





တစ်ထောင်နီးပါး ထပ်ကုန်သွားတယ်ဆိုပါတော့။ တကယ်တော့ ထိုင်ခုံနေရာ ထပ်ဝယ်စရာမလို၊ ရန်ကုန်-မော်လမြိုင်ကားတွေလို ခုံပိုထိုး တင်လို့ရတာမှ မဟုတ် ပဲ။ အသက်အာမခံနဲ့ နေထိုင်မကောင်းရင် လက်မှတ်အပြောင်းအရွှေ့လုပ်နိုင်တဲ့အာမခံတော့ ဝယ်ထားသင့် ပါတယ်။

### အော်စလိုမှ အေသင်သို့

အအေးဒဏ်ကနေ လွတ်အောင်ထွက်ပြေးပါတယ်ဆိုမှ အော်စလိုက သဘောကောင်းပြီး ဒီနေ့ကျမှ နေသာနေတဲ့အပြင် အပူချိန်က ၂ ဒီဂရီအထိရှိနေပါတယ်။ ဒါပေမဲ့ လမ်းမပေါ်မှာ ဆီးနှင်းတွေ၊ ရေခဲတွေရှိနေဆဲမို့ အတော်ချောပါတယ်။ ကမ္ဘာ့ဈေးအကြီးဆုံးမြို့တော်ဆိုတဲ့စကားနဲ့အညီ မြို့ထဲကနေ လေယာဉ်ကွင်း ဘတ်စ်ကားခက ၂၂၀ ခရိုနာ ပေးရပါတယ်။ အသွား-အပြန်ဆိုတော့ ၄၄၀ (ဒေါ်လာ ၆၀ နီးနီး) ဖြစ်နေပြီ၊ တက္ကစီသာငှားမယ်ဆိုရင်တော့ ကားခက လေယာဉ်ခထက် ပိုများသွားမယ့်ပုံ။

ဥရောပအပြင်ဘက် (Schengen ၂၆ နိုင်ငံအပြင်ဘက်) ရှိ တူရကီကတစ်ဆင့်ဖြတ်သွားမှာဆိုတော့ Passport Control ဖြတ်ရပါတယ်။ တူရကီကို ဘာသွားလုပ်မှာလဲလို့ ကောင်တာအရာရှိက မေးပါတယ်။ ဂရိ (နော်ဝေအခေါ် Hellas) ကို ဟောလီးဒေးသွားမှာ ဆိုတော့ ဘာမှထပ်မမေးတော့ပါ။ လက်မှတ်ဝယ်စဉ်က အစားအစာဖိုးပေးမထားပေမယ့် လေယာဉ်ပေါ်မှာ ထမင်း သို့မဟုတ် ခေါက်ဆွဲတစ်ခုခု အခမဲ့ကျွေးပါတယ်။ အော်စလိုကထွက်ချိန် ၁၂ နာရီ၊ အင်စတန်ဘူလ်ရောက်ချိန် ၅ နာရီခွဲလို့ ရေးထားပေမယ့် ပျံသန်းချိန် ၅ နာရီခွဲ ကြာတာမဟုတ်။ တူရကီက နော်ဝေထက် ၂ နာရီစောတဲ့အတွက် တကယ့်ပျံသန်းချိန်က ၃ နာရီခွဲမျှသာဖြစ်ပါတယ်။

အစားအစာဖိုးပေးမထားလို့ပြဿနာမရှိပေမယ့် ထိုင်ခုံဖိုးမပေးမိလို့ ထင်ပါရဲ့။ ကျွန်တော်ရတဲ့ခုံက အရေးပေါ်ထွက်ပေါက်နားမှာ။ လေယာဉ်အဆင်း အင်စတန်ဘူလ်မြို့အလှကိုကြည့်ချင်၊ ဓာတ်ပုံရိုက်ချင်ပေမယ့် ပြတင်းပေါက်နဲ့ဝေးနေတော့ ဘယ်လိုမှ မြင်ခွင့်၊ ရိုက်ခွင့်မရလိုက်။ အဆင်းကြည့်ခွင့်မရလည်း အေသင်သွားဖို့ ပြန်အတက်မှာ ကြည့်ခွင့်ရဦးမှာပေါ့ ဆိုတဲ့ မျှော်လင့်ချက်တော့ ကျန်ပါသေးတယ်။ အချိန်က ညနေ ၅ ခွဲဆိုတော့ နေရောင်က တောက်ပနေပြီး အပူချိန်က ၁၂ ဒီဂရီလောက်ရှိနေပါတယ်။

အင်စတန်ဘူလ် လေယာဉ်ကွင်းက အကြီးကြီး။ အော်စလိုကွင်းနဲ့တခြားစီ။ ဘန်ကောက်ကွင်း၊ အမ်စတာဒမ်ကွင်းလောက် ရှိမယ်ထင်ပါတယ်။ လေယာဉ်ဆိုက်ချိန်က ၆ နာရီနီးနီး၊ အေသင်ကို ပြန်ထွက်မယ့်အချိန်က ၆ နာရီ ၅၅ ဆိုတော့ Transit ကောင်တာကိုဖြတ်၊ ပစ္စည်းတွေစစ်တာကို တစ်ခါထပ်ကြုံရနဲ့ လေယာဉ်ကောင်တာရောက်တော့ ၇ နာရီနီးနေပြီ။ ဒါပေမဲ့ ကိစ္စမရှိ။ ဂရိက တူရကီထက် တစ်နာရီနောက်ကျတဲ့အတွက် သတ်မှတ်ချိန် ည ၈ နာရီ အေသင်မြို့ဆီရောက်ပါတယ်တဲ့။

ဒီတော့မှ ရေဝယ်သောက်ရင်း ဟိုငေး ဒီငေး လုပ်ခွင့်ရခဲ့ပေါ့။ တူရကီဆိုတာ အာရှနဲ့ဥရောပကြားက နိုင်ငံဆိုတဲ့အတိုင်း ဒီလေယာဉ်ကွင်းထဲမှာတွေ့ရတဲ့ လူတွေက လူမျိုးစုံသလား မမေးနဲ့။ ဘန်ကောက်နဲ့ အမ်စတာဒမ်ကွင်းတွေမှာ တွေ့ရသလို လူဖြူတွေ၊ အာရှတွေ၊ လူမည်းတွေ သိပ်မရှိဘဲ အာရပ်လိုလို၊ တောင်အာရှလိုလို အသားအရောင်တွေက ပိုများတာ သတိထားမိပါတယ်။ အင်စတန်ဘူလ်ကနေ အာရှသွားမလား၊ အာဖရိကသွားမလား၊ မြောက်အမေရိကား သွားမလား၊ ဥရောပထဲ ပြန်ဝင်မလား၊ နေရာစုံသွားနိုင်တဲ့ အချက်အချာ လေယာဉ်ကွင်းကြီးပေါ့။

ဂရိဟာ ဥရောပတိုက်ထဲမှာဆိုပေမယ့် နော်ဝေနဲ့ ၃ နာရီကျော်ဝေးပြီး အင်စတန်ဘူလ်နဲ့ ၅၅ မိနစ်ပဲ ဝေးပါတယ်။ ဒီတစ်ခါ ပြတင်းပေါက်မှာနေရာရလို့ ဝမ်းသာခဲ့ပေမယ့် ည ၈ နာရီဆိုတော့ အပြင်မှာမှောင်နေပြီ။ မီးရောင်တွေနဲ့ လင်းနေတဲ့ အင်စတန်ဘူလ်ကို လေယာဉ်ပေါ်ကနေ ဓာတ်ပုံလှမ်းရိုက်ပေမယ့် ဘာမှ ရှင်းရှင်းလင်းလင်းမရ။ ဆောင်းတွင်းကာလမို့လား မသိပါ။ အင်စတန်ဘူလ်ကို လေယာဉ်ပေါ်ကနေ မြင်ရတဲ့မြင်ကွင်းက ဘန်ကောက်ကို လေယာဉ်ပေါ်ကနေ မြင်ရသလို ရှင်းလင်းပြီးမနေပါ။

ပြတင်းပေါက်နေရာရပေမယ့် အခါနှောင်းခဲ့ပြီဆိုပါတော့။ အထူးသဖြင့် အင်စတန်ဘူလ်မြို့လယ်ကို ဖြတ်ပြီးဆောက်ထားတဲ့ Bosphorus Bridge (အာရှတိုက်နဲ့ ဥရောပတိုက်ကြားကတံတား) ကို ဓာတ်ပုံရိုက်ချင်ပေမယ့် ဘယ်လိုမှ အခွင့်အရေးမရတော့ပါ။ မီးရောင်မှိန်မှိန်အောက်မှာ မြင်နေရတဲ့ အင်စတန်ဘူလ်က ဘန်ကောက်ထက်တောင် ပိုကြီးနေမလားမသိပါ။ Google Search မှာခေါက်ကြည့်တော့ လူဦးရေ ၁၄ ဒသမ ၈ သန်းရှိတယ်တဲ့။ ဘန်ကောက်ထက်တောင် တစ်သန်းခန့်ပိုများနေပါတယ်။ ရန်ကုန်နဲ့ယှဉ်မယ်ဆိုရင်တော့ ၂ ဆပိုများတာပေါ့။ နော်ဝေနဲ့ယှဉ်ရင်တော့ တစ်နိုင်ငံလုံးရှိလူဦးရေရဲ့ သုံးဆတောင်ရှိနေပါရော့လား။

အင်စတန်ဘူလ်အလွန်မှာ မြေထဲပင်လယ်ထဲက ကျွန်းစုတွေကို ဖြတ်ပျံလာတယ်လို့ထင်ရပေမယ့် ဘာမှ သဲသဲကွဲကွဲ မမြင်ရတော့ပါ။ ဒီလိုနဲ့လေယာဉ်ဟာ ဒေသစံတော်ချိန် ည ၈ နာရီအတိမှာ အေသင်လေယာဉ်ကွင်းဆီဆိုက်ပါတယ်။ ဥရောပတိုက်သားတွေရဲ့ Passport ကောင်တာမှာ တန်းဝင်စီတော့ လူပုံကိုကြည့်ပြီး အေးရှားဆိုရင် ဟိုဘက်သွားပါလို့ လဝက အရာရှိတစ်ဦးက ပြောပါတယ်။ စာအုပ်ကိုထုတ်ပြလိုက်တော့ ဘာမှထပ်မပြောတော့ပါ။ လဝက ဥပဒေအရ ဒီလိုလုပ်ရတာကို လူမျိုးခွဲခြားတယ်၊ နိုင်ငံခွဲခြားတယ်လို့ ပြောဖို့တော့ခက်မယ် ထင်ပါတယ်။ ဒါပေမဲ့ သေချာတာကတော့ ဘယ်လောက်ပဲလူ့အခွင့်အရေးထွန်းကားတဲ့နိုင်ငံဖြစ်နေပါစေ။ အဲဒီနိုင်ငံရဲ့လေယာဉ်ကွင်းမှာတော့ Passport (နိုင်ငံကူးလက်မှတ်) ပေါ်မူတည်ပြီး ဝင်ပေါက်-ထွက်ပေါက် ခွဲခြားထားတာကတော့ အမှန်ပါပဲ။

### အေသင်ရဲ့ပထမနေ့

ခွဲခြားမှုက အဲလောက်နဲ့မပြီးသေး။ Passport ကောင်တာအလွန်မှာရပ်စောင့်နေတဲ့ လဝက အရာရှိတစ်ဦးက ထပ်မေးပါသေးတယ်၊ တူရကီက လာတာလား၊ တူရကီမှာနေတာလားတဲ့။ မဟုတ်ဘူး၊ နော်ဝေကနေ ဟောလီးဒေးလာတယ်ဆိုမှ ‘အိုကေ’ သွားပါတယ်။ အေသင်လေယာဉ်ကွင်းကတော့ အင်စတန်ဘူလ်နဲ့စာရင် သေးသေးလေးရယ်။ အော်စလိုကွင်းလောက်ပဲ ရှိပါတယ်။ အထုပ်အပိုးယူပြီး မြို့ထဲသွားဖို့ပြင်တော့ ၉ နာရီလောက်ရှိနေပြီ။ မြေအောက်ရထားနဲ့သွားရင် အဆင်ပြေမလားဆိုပြီး Information မှာသွားမေးတော့ သဘောကောင်းလိုက်ပုံများ၊ ရန်ကုန် လေယာဉ်ကွင်းနဲ့တခြားစီ။

အေသင်မြို့မြေအောက်ရထားပြေးတဲ့မြေပုံကို ထုတ်ပြီး ကျွန်တော်သွားမယ့်ဟိုတယ်ကိုရှာပေး၊ လမ်းညွှန်ပေးတာတွေကို ကောင်တာထိုင်အရာရှိက စိတ်ရှည်လက်ရှည်လုပ်ပေးပါတယ်။ တခြားသူတွေလည်း ကိုယ့်လိုပဲ တန်းစီပြီးမေးနေတာအများကြီး။ လေယာဉ်ကွင်းကနေ ကားလမ်းမတစ်ခုကိုကျော်၊ အဲဒီဘေးမှာ ဘူတာရှိတယ်။ ၁၀ ယူရိုတန် လက်မှတ်ဝယ်လိုက်ရင် တစ်မြို့လုံးစီးလို့ရတယ်တဲ့။ ရထားက မိနစ် ၃၀ တစ်စီးနှုန်းရှိပါတယ်။

တစ်ခါမှမရောက်ဖူးသေးတော့ မြေပုံအားကိုးနဲ့ပဲ ဒိုးရမှာပေါ့။ ကံကောင်းချင်တော့ ကိုယ့်ဘေးကခုံမှာထိုင်သူက ဒေသခံဂရိတစ်ဦးဖြစ်နေပါတယ်။ ဟိုတယ်လိပ်စာနဲ့ မြေပုံနဲ့တိုက်ပြီးရှာတော့ ကိုယ်ဆင်းရမယ့်ဘူတာက ၁၂ ခုမြောက်မှာ။ မိနစ် ၃၀ ခန့်ကြာမှာဆိုတော့ ဒီလူနဲ့ ဂရိအကြောင်း နည်းနည်းပွားခွင့်ရပါတယ်။ ဂရိရဲ့လက်ရှိ နိုင်ငံရေး၊ စီးပွားရေးအခြေအနေကို သူက သိပ်ဘဝင်ကျပုံမရ၊ လက်ရှိ အာဏာရပါတီအပေါ် အဆိုးချည်းပြောနေပါတယ်။ သူဟာ ဂရိဆိုပေမယ့် အေသင်မှာ နေသူမဟုတ်ဘဲ ဘူဂေးရီးယားနယ်စပ်မှာနေသူ၊ တစ်နည်းအားဖြင့် အာဖရိကဘက်ကနေ ဂရိကမ်းခြေဆီ လှေတွေနဲ့ရောက်လာပြီး ဥရောပတိုက်ထဲ ခိုးဝင်တဲ့ဒုက္ခသည်တွေ၊ တရားမဝင်အလုပ်သမားတွေရဲ့ လမ်းကြောင်းပေါ်မှာ နေထိုင်သူပေါ့။

ဆင်းမယ့်ဘူတာရောက်တော့ ဟိုတယ်ဆီ ၁၀ မိနစ်ခန့် လမ်းလျှောက်ရမယ်တဲ့။ တက္ကစီငှားရင် ကောင်းမလား၊ ဘတ်စ်ကားစီးရင် ကောင်းမလား ဆိုပြီး ဘူတာရှိ Information မှာသွားမေးတော့ ဒီလက်မှတ်နဲ့ဘတ်စ်ကား ဆက်စီးလို့ရတယ်။ နှစ်မှတ်တိုင်လောက်စီးရင်ရောက်ပြီတဲ့။ အေသင်က ဘတ်စ်ကားတွေက တစ်မျိုးကြီး။ ရိုးရိုးကားတွေရှိသလို လျှပ်စစ်ကြိုးနဲ့ချိတ်ပြီးပြေးနေတဲ့ကားတွေလည်း ရှိပါတယ်။ နော်ဝေနဲ့ တခြားဥရောပနိုင်ငံတွေက (Tram) ဓာတ်ရထားနဲ့တူပါတယ်။ ဒါပေမဲ့ ရထားမဟုတ်ဘဲ ကားကို လျှပ်စစ်ကြိုးချိတ်ပြီးပြေးနေတာက အမြင်မှာ ထူးဆန်းနေပါတယ်။ ကောင်းတာကတော့ လမ်းမပေါ်မှာ ရထားသံလမ်းတွေ (ဓာတ်ရထားလမ်း) ရှုပ်မနေတော့ပါ။

ဟိုတယ်မှာ အထုပ်အပိုးထား၊ ရေမိုးချိုးပြီးချိန်မှာ ည ၁၁ နာရီကျော်နေပြီ၊ ဟိုတယ်ကန်တင်းမှာ သောက်စရာပဲရပြီး စားစရာမရတော့ပါ။ အပြင်ထွက်မယ်ပြင်တော့ အပူချိန်က ၁၄ ဒီဂရီတဲ့။ ညဘက်ကြီးမှာ တောင် ၁၄ ဆိုတော့ နေ့ခင်းဘက်ဆို ၂၀ လောက် တောင်ရှိမလားမသိပါ။ အော်စလိုကဝတ်လာတဲ့ အသားကပ်ဝတ်စုံတွေ၊ နှင်းကာအနွေးထည်တွေကို အခန်းထဲပြန်ထားပြီး ခပ်ပေါ့ပေါ့အဝတ်နဲ့ပြန်လဲရပါတယ်။ သာယာလိုက်တဲ့ရာသီဥတု။ ကြယ်တွေတောင် မြင်နေရပါတယ်။

မြန်မာတွေရဲ့ထုံးစံအတိုင်း ထမင်း သို့မဟုတ် ခေါက်ဆွဲစားချင်ပေမယ့် အနီးအနားမှာ အေးရှားဆိုင်မရှိဘဲ ကေဘတ်ဆိုင်နဲ့ ဟမ်ဘာဂါဆိုင်ပဲရှိပါတယ်။ ဂရိရိုးရာစားသောက်ဆိုင်ဆီသွားပါလားဆိုပြီး ဟိုတယ်ကောင်တာထိုင် ပုဂ္ဂိုလ်က အကြံပေးပါတယ်။ အင်း... စမ်းကြည့်ဦးမှဆိုပြီး သူညွှန်တဲ့လမ်းအတိုင်း လျှောက်သွားတော့ ပန်းချီကားတွေ၊ ဂစ်တာအဟောင်းတွေ၊ ရှေးဟောင်းပစ္စည်းတွေ နံရံမှာချိတ်ထားတဲ့ သစ်သားအဆောက်အအုံဟောင်းတစ်ခုကိုတွေ့ပါတယ်။ အင်း... အေသင်ဆိုတာ ရှေးဟောင်းအတွေးအခေါ်ပညာရှင်တွေရဲ့မြို့တော်ပဲလေ။

Menu ကိုဖတ်ကြည့်တော့ ဂရိဘာသာနဲ့ချည်းရေးထားလို့ ဘာမှမဖတ်တတ်။ တခြားနိုင်ငံတွေမှာလို စားစရာတွေကို ဓာတ်ပုံရိုက်ပြမထားပါ။ အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ Menu ကို ထပ်လာပြပေမယ့် စားစရာတွေက ကိုယ်မသိတာတွေ ခပ်များများ။ Rice ဆိုပြီးတွေ့တာနဲ့ အဲဒါကိုမှာလိုက်ပါတယ်။ ထမင်းဆိုရင် ကိုယ်နေ့စဉ်စားနေကျ အဖြူရောင်လို့ပဲ ထင်ထားပေမယ့် တကယ်တမ်းရောက်လာတော့ ဝါကြင်ကြင် ခပ်ကြမ်းကြမ်းဆန်နဲ့ ထမင်းကြား အသွင်ကူးပြောင်းမှုမပြီးသေးတဲ့ အနေအထားကြီး။ ဒါပေမဲ့ စားကြည့်တော့ မဆိုးပါဘူး။ ဟင်းကလည်း ခပ်ဆန်းဆန်းတွေ။

ဟိုတယ်ပေါ်မတက်ခင် အဆာပြေစားစရာ၊ နို့နဲ့ရေ ဝယ်မယ်ဆိုပြီး ဆဲဗင်းအလဲဗင်း လိုက်ရှာတော့ မတွေ့ဘူး။ မြန်မာပြည်ကကွမ်းယာဆိုင်နဲ့ ခပ်ဆင်ဆင် လမ်းဘေးတဲဆိုင်လေးတွေပဲ တွေ့ပါတယ်။ တဲဆိုင်ဆိုပေမယ့် ရေခဲသေတ္တာ၊ လျှပ်စစ်မီးရှိပြီး ဆဲဗင်းအလဲဗင်းနီးပါး ပစ္စည်းအစုံတင် ရောင်းနေတာတွေ့ရပါတယ်။ ရေတစ်ပုလင်းမှ ယူရွှန် ပြား ၅၀၊ အအေးတစ်လုံးမှ တစ်ယူရိုဆိုတော့ အော်စလိုထက် အများကြီးသက်သာနေပါတယ်။ (အော်စလိုမှာ ရေတစ်ပုလင်း ၂၅ ခရိုနာ သို့မဟုတ် ၃ ယူရွှန်ဆိုတော့ ၆ ဆတောင်သက်သာနေပါတယ်)။ တခြားကွာခြားချက်တွေ၊ ထူးခြားချက်တွေကိုတော့ မနက်အိပ်ရာနိုးမှ အသေအချာလိုက်လေ့လာရပါဦးမယ်။ ။

■ ထက်အောင်ကျော်



# လူတော်လေးတွေဖြစ်အောင် ဘယ်လိုလေ့ကျင့်ပေးမလဲ

Cyaninsurance

ကလေးတစ်ဦးနှင့်တစ်ဦး ဦးနှောက်ဖွံ့ဖြိုးမှုချင်း IQ ချင်း မတူညီနိုင်ပါ။ သို့ရာတွင် ခေတ်သစ်နည်း စနစ်များအရ ကလေးတစ်ဦးကို ပါရမီရှင်လေးများကဲ့သို့ တော်အောင် လေ့ကျင့်ပေးနိုင်ပါသည်။

**၁။ ဦးနှောက်၏ ဘယ်၊ ညာဆက်သွယ်မှုကို သိထားပါ**

ဦးနှောက်တွင် ညာဘက်နှင့် ဘယ်ဘက်အခြမ်း နှစ်ခြမ်းသည် တုံ့ပြန်မှုချင်း မတူညီသလို၊ လုပ်ဆောင်ပေးနိုင်မှုချင်းလည်း မတူညီပေ။ ဦးနှောက် ဘယ်ဘက်အခြမ်းသည် ပိုင်းခြားဝေဖန် ဆုံးဖြတ်ပေးနိုင်သည့် အပိုင်းဖြစ်ပြီး ညာဘက်အခြမ်းသည် တီထွင်ဖန်တီးနိုင်စွမ်းများကို ထုတ်ပေးသည့်အပိုင်းဖြစ်သည်။

ဦးနှောက် ဘယ်ဘက်အခြမ်းသည် ဘာသာစကားကျွမ်းကျင်မှုကို အထောက်အကူပြုပြီး၊ ညာဘက်ခြမ်းသည် တွေးခေါ်နိုင်စွမ်းကို ကိုယ်စားပြုကြောင်း သိထားရန်လိုသည်။ မည်သို့ဆိုစေ ဦးနှောက်၏ ဘယ်ညာနှစ်ပိုင်းသည် ကွဲပြားနေသော်လည်း ဆက်စပ်နေသည်။ ထို့ကြောင့် လူတို့၏ နေ့စဉ်ဘဝ ပြဿနာများကို စဉ်းစားတွေးခေါ်၊ ပိုင်းဖြတ်ဆုံးဖြတ်ခြင်းများကို ချက်ချင်းတုံ့ပြန် ပြုလုပ်ပေးနေကြရသည်။

ကလေးတစ်ယောက်သည် လေးဖက်တွားအရွယ်ရောက်သည့်အခါ ဘယ်လက်ကို ရှေ့ထုတ်ရွှေ့လျားလိုက်လျှင် ညာခြေကို ရှေ့ထုတ်လိုက်ရမည်ကို အလိုလိုသိသည်။ အလားတူ ညာလက်ကို ရှေ့ထုတ်လိုက်လျှင်လည်း ဘယ်ခြေကိုလိုက်ပြီး ရှေ့ထုတ်ရမည်ကို အလိုလိုသိသည်။ ယင်းအချက်နှစ်ချက်က ဦးနှောက်သည် တစ်ပိုင်းနှင့်တစ်ပိုင်း ဆက်စပ်နေကြောင်း အကောင်းဆုံး ပြဆိုနိုင်ခြင်းဖြစ်သည်။

ကလေးတစ်ဦးသည် လေးဖက်တွားသွားခြင်း မလုပ်ဘဲ မတ်တတ်သွားခြင်းအလုပ်ကို တိုက်ရိုက်ပြုလုပ်နိုင်ခြင်း မရှိပေ။ လေးဖက်တွားခြင်းသည် မတ်တတ်ရပ်လမ်းလျှောက်ခြင်းအတွက် မဖြစ်မနေ ဖွံ့ဖြိုးရမည့်အခြေခံဖြစ်သည်။

လမ်းလျှောက်သည့်အရွယ်တွင်လည်း ညာလက်ရှေ့လွဲလျှင် ဘယ်ခြေ လိုက်ရွှေ့ရသည်။ ညာခြေ ဘယ်လက်၊ ဘယ်ခြေ ညာလက်လိုက်ရသည်။ လမ်းလျှောက်ခြင်းပုံစံက ကလေးတစ်ဦးအတွက် အကောင်းဆုံး ကျန်းမာစေသည့်ပုံစံတစ်ခုကို အခြေချပေးလိုက်ခြင်းဖြစ်သည်။

ကလေးတစ်ဦးတွင် ဘယ်သန်၊ ညာသန် စာရေးခြင်းအမျိုးမျိုး တွေ့နိုင်ပါသည်။ စာရေးခြင်းကိစ္စတွင် ဘယ်သန် ညာသန် ပြဿနာမရှိပါ။ ဘယ်သန်ကို ညာဖြင့်ရေးရန် အတင်းအဓမ္မတိုက်တွန်းခြင်း၊ ညာသန်ကို ဘယ်ဖြင့်ရေးရန် အတင်းအဓမ္မခိုင်းစေခြင်းများ မပြုလုပ်ခိုင်းသင့်ပါ။ ကလေးကို ပိုပြီး ထက်မြက်စေလိုလျှင် နှစ်ဖက်စလုံးနှင့် ရေးတတ်စေရန် လေ့ကျင့်ပေး၍ ရနိုင်ပါသည်။ တစ်နေ့ နည်းနည်းစီ လေ့ကျင့်သွားခိုင်းနိုင်ပါသည်။

ကလေးတစ်ဦးကို ဦးနှောက်ဖွံ့ဖြိုးစေရန် အကောင်းဆုံးနည်းမှာ ဒရမ်တီးခိုင်းခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။ ဒရမ်တီးခြင်း လေ့ကျင့်ခန်းတွင် ကလေးသည် ဦးနှောက်ကို ဘယ်ရော ညာပါ တစ်ပြိုင်တည်း အမြန်ဆုံး လုပ်ဆောင်နေရသည့်အတွက် အကောင်းဆုံး လေ့ကျင့်ခန်းဟု ဆိုခြင်းဖြစ်သည်။

**၂။ အောက်ဆီဂျင်များများ ရှူခိုင်းပါ**

ဦးနှောက်သည် အောက်ဆီဂျင်များများရနေရန် အရေးကြီးသည်။ ထို့ကြောင့် ကလေးများကို ဉာဏ်ကောင်းပြီး ဦးနှောက်ဖွံ့ဖြိုးစေချင်လျှင် အပြင်ထွက်ပြီး လေကောင်းလေသန့်များများ ရှူခိုင်းသင့်သည်။ အပြင်ထွက် လမ်းလျှောက်ခိုင်းခြင်း၊ ဘောလုံးကစားခိုင်းခြင်း၊ ပြေးခိုင်းခြင်း၊ ကြိုးခုန်ခိုင်းခြင်း၊ လွတ်လပ် ပျော်ရွှင်စွာ အော်ဟစ် ကစားစေခြင်းများသည် အချိန်တိုတိုနှင့် အထိရောက်ဆုံးသော ဦးနှောက်လေ့ကျင့်ခြင်းနည်းများ ဖြစ်သည်။ သူတို့အဆုတ်များကို လေတွေအပြည့် ရှူသွင်း ရှူထုတ်လုပ်စေခြင်းက ဦးနှောက်ကိုလည်း များစွာသက်ရောက်မှုများ ရှိနိုင်သည်။

ယနေ့ခေတ်တွင် ကလေးအများစုသည် အိမ်တွင်၊ တီဗီ၊ ကွန်ပျူတာ၊ ဖုန်းများဖြင့် အချိန်တွေကုန်နေကြသည်က များသည်။ ဦးနှောက်ဖွံ့ဖြိုးစေလိုလျှင် အားလုံးကို မျှတစွာနေထိုင်နိုင်စေရန် လေ့ကျင့်ပေးဖို့လိုသည်။ ကစားခြင်းက လူကိုကျန်းမာစေနိုင်သလို စိတ်ကိုလည်း ချမ်းသာစေနိုင်သည်။ ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုသည် မည်မျှလှုပ်ရှားသနည်းဆိုသည့်အချက်နှင့်လည်း ဆက်စပ်နေသည်။

ကလေးများအတွက် အကောင်းဆုံး လေ့ကျင့်ခန်းတစ်ခုမှာ ရေကူးခြင်းဖြစ်သည်။ ရေကူးခြင်းက အဆုတ်ကို အားကောင်းစေပြီး ဦးနှောက်ကိုလည်း သွေးလှည့်ပတ်စီးဆင်းမှု အကောင်းဆုံးဖြစ်စေကာ ဉာဏ်ရည်ကိုလည်း ထက်မြက်စေသဖြင့် ယောဂနည်းများတွင်ပါ ရေကူးနည်းများကို ထည့်သွင်းလေ့ကျင့်စေကြောင်း တွေ့ရသည်။

အဆုပ်ကများများ အလုပ်လုပ်၊ ဦးနှောက်ကို အောက်ဆီဂျင်ပို့၊ ဦးနှောက်ကရှင် ဉာဏ်ထက်မြက် ပျော်ရွှင်ဟု ယောဂနည်းများတွင် ဉာဏ်ကောင်းစေကြောင်း အထောက်အကူပြုနည်းများကို ထည့်သွင်းသင်ကြားလျက်ရှိ ကြသည်။

**၃။ အစားအသောက်**

ကိုယ်စားသမျှ ကိုယ်ခံစားရဆိုသည့် စကားရှိပါသည်။ ကလေးများ ဖွံ့ဖြိုးတိုးတက်စေလိုလျှင် ကိုယ်ခန္ဓာကိုလည်း ဖွံ့ဖြိုးစေရုံမက ဦးနှောက်ကိုပါ အချိုးညီဖွံ့ဖြိုးတိုးတက်စေရန် လုပ်ပေးရမည်။ အာဟာရပြည့်ဝသည့် အစားအစာများကို စားသောက်ခြင်းသည် ကိုယ်ခန္ဓာကိုသာမက ဦးနှောက်ကိုလည်း ဖွံ့ဖြိုးတိုးတက်စေပါသည်။ ကလေးများအနေနှင့် ဆန့်ကျင်ဘက်အားဖြင့် အာဟာရမပြည့်သည့် အစားအစာများ၊ ဓာတုဆေးဝါးပါသည့်အစားများ စားမိကာ ရောဂါရသွားနိုင်ကြောင်းကိုလည်း သတိပြုသင့်ပါသည်။

ဦးနှောက်ဖွံ့ဖြိုးမှုနောက်ကျသည့် ကလေးများကို တရားထိုင်ခိုင်းခြင်း၊ အာဟာရပြည့်ဝသည့် အစားအစာများကျွေးမွေးကာ စောင့်ရှောက်ခြင်းဖြင့် ပုံမှန်ပြန်ဖြစ်လာစေသည့် သက်သေအထောက်အထားများရှိပါသည်။ ထို့ကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည်ကို လက်ခံရမည်ဖြစ်သည်။

အစားအစာဆိုရာတွင်လည်း ကောင်းသောအစာ၊ ဆိုးသောအစာဟူ၍ ခွဲခြားနိုင်ရမည်ဖြစ်သည်။ မည်သည့်အစားအစာများက ကောင်းသနည်းဆိုသည်မှာ အထူးပြောစရာမလိုပါ။ သန့်ရှင်းလတ်ဆတ်သည့် သဘာဝအစားအစာများက လူကို ကျန်းမာစေနိုင်ပါသည်။ အသား၊ ငါး၊ အသီးအနှံ မျှတအောင်စားခြင်းဖြင့် အကျိုးရှိပါသည်။

ကလေးများအား အသင့်ထုပ်ပိုးအစားအစာများ မစားစေသင့်ပါ။ ထို့ပြင် သကြားဓာတ်၊ ဆားဓာတ်များသော အစားအစာများကိုလည်း မကျွေးသင့်ပါ။ အစားအသောက်သည်ကလေးတစ်ယောက်၏ဉာဏ်ရည်ဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုကြောင်း စိတ်ထဲတွင် မှတ်ထားသင့်ပါသည်။

**၄။ လေ့လာချိန် မျှတပါစေ**

လေ့လာနည်းမျိုးစုံရှိပါသည်။ ကလေးများကို အသံဖြင့်လည်းကောင်း၊ အရုပ်များပြ၍သော်လည်းကောင်း၊ ကစားရင်း သင်ကြားခြင်းဖြင့်လည်းကောင်း ပိုပြီးအတတ်မြန်ကြောင်း တွေ့ရပါသည်။ မည်သို့ဆိုစေ ကလေးတစ်ယောက်၏ သင်ယူတတ်မြောက်မှုသည် သူတို့၏စိတ် သက်သောင့်သက်သာဖြစ်မှုနှင့် များစွာဆက်စပ်ပတ်သက်နေသည်။

ကလေးများကို စာတွေ့သင်ကြားခြင်းထက် လက်တွေ့ မြင် သိ ကြား ကိုင်တွယ်ဖြေရှင်းနိုင်သည့် စနစ်များက ပိုပြီးဦးနှောက်ကို ထက်မြက်စေကာ ဉာဏ်ရည်ကိုလည်း ထက်မြက်စေနိုင်သည်။ ကျောင်းများတွင် သင်ကြားမှုနည်းစနစ်များမှာ မှတ်ဉာဏ်ကို စစ်ဆေးခြင်းနည်းများဖြစ်နေပြီး အလွတ်ကျက်ပြန်ရွတ်ခိုင်းနေလျှင် ဦးနှောက်သည် ထင်သလောက် မဖွံ့ဖြိုးနိုင်ပါ။

ဆရာက တစ်ချိန်လုံး အတန်းရှေ့က ရပ်နေပြီး ပျင်းစရာကောင်းလောက်အောင် သင်ပြနေခြင်းကလည်း ကလေးများကို ထက်မြက်သွက်လက်သူများ ဖြစ်မလာနိုင်ပါ။ ကလေးများ၏ ကိုယ်ပိုင်တီထွင်အားထုတ်ရခြင်းများမပါသော အနှာ အကြားတစ်ခုတည်းသက်သက် သင်ကြားနေခြင်းကလည်း မထိရောက်နိုင်ပါ။

အိမ်တွင် မိဘများက ကလေးများ၏ ဉာဏ်ရည်ထက်မြက်စေနိုင်သော နည်းလမ်းများကို ရှာဖွေပေးသည့်အနေဖြင့် သင်ယူမှုပုံစံများကို လမ်းကြောင်းပြောင်းပေးနိုင်ပါသည်။ ကလေးများအတွက် စာများများဖတ်လာစေရန် စာအုပ်များဝယ်ပေးခြင်း၊ ကလေး၏ ပိုင်ဆိုင်မှုတစ်ခုအနေနှင့် သတ်မှတ်ပေးထားခြင်းများဖြင့် စတင်သင့်ပါသည်။

ကလေးများ စာဖတ်လာပြီဆိုလျှင် ဉာဏ်ရည်ကိုထက်မြက်စေသည့် ပုစ္ဆာများမေးခြင်း၊ ဉာဏ်စမ်းပဟေဠိများ ဝှက်ခြင်းတို့ကိုလည်း ကလေးနှင့်အတူ ပြုလုပ်နိုင်ပါသည်။ ကလေးများ စိတ်ရွှင်လန်း ကျန်းမာစေရန် အခြားနည်းတစ်နည်းမှာ သီချင်းများနားထောင်ခြင်းဖြစ်သည်။ ကိုယ်တိုင်တူရိယာတစ်ခုခုကို တီးမှုတ်နိုင်ခြင်းကိုလည်း အားပေးသင့်သည်။ ဂီတသည် ထက်မြက်မှုကို များစွာ အထောက်အကူပြုပါသည်။

ထို့ပြင် ကလေးများကို ဂီတ၊ အနုပညာ၊ ပန်းချီ စသည်တို့နှင့်လည်း မကင်းကွာအောင် မိဘများက အိမ်တွင် လုပ်ဆောင်ပေးသင့်သည်။ ကျောင်းတွင် လိုအပ်ချက်မှန်သမျှ မိဘများက အိမ်တွင် ဖြည့်ဆည်းပေးခြင်းဖြင့် ဉာဏ်ရည်ထက်မြက်အောင် လုပ်ဆောင်နိုင်ပါလိမ့်မည်။

**၅။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါစေ**

ကလေးတစ်ယောက် အောင်မြင်ခြင်းသည် သူတို့၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်းနှင့်လည်း ဆက်စပ်နေသည်။ လူတစ်ယောက်အောင်မြင်မှုသည် ယုံကြည်စိတ်ရှိခြင်းနှင့် ဆက်စပ်နေသည်။ လူတစ်ယောက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ အခြားသူများ ပြောဆိုသမျှကို ပိုင်းဖြတ်နိုင်ခြင်းတို့ကို လေ့ကျင့်ပေးနိုင်ပါသည်။ အများက ဝေဖန်မှုများသည် အရေးမကြီး၊ ကိုယ်ဘာတွေ လုပ်ဆောင်ထားသလဲဆိုသည်က အရေးကြီးကြောင်းကိုလည်း သူတို့ကို နားချပေးနိုင်ပါသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသည့်အခါ ကလေးများသည် လုပ်ဆောင်လိုစိတ်များ အားနည်းလာတတ်သည်။ ရှက်ကြောက်ခြင်း၊ မဝံ့မရဲဖြစ်နေခြင်းများကို ဦးစွာပြုပြင်ရမည်။ လူကြီးများကိုယ်တိုင်က တာဝန်ပေးခြင်း၊ တာဝန်ယူခိုင်းခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်း၊ ရဲရဲတင်းတင်း ဆုံးဖြတ်ပိုင်ခွင့်ပေးခြင်းများဖြင့် သူတို့ကို စမ်းသပ်သင့်ပါသည်။

ကလေးတစ်ယောက်ကို အခြားသူတစ်ဦးဦးနှင့် နှိုင်းယှဉ်ပြီး ချိုးနှိမ်မပြောသင့်ပါ။ မလုပ်နိုင်ဘူးဆိုတာမရှိ၊ မလုပ်နိုင်သေးသည်သာရှိသည်ကို သဘောပေါက်အောင် ထောက်ပြသင့်ပါသည်။ ကလေးတစ်ယောက်ရန်ဖြစ်လာတိုင်း ‘အသုံးမကျတဲ့အကောင်’ ဟု မပြောသင့်ပါ။ ရန်ဖြစ်ရသည့်အကြောင်းများကို ကိုယ့်ကလေးနှင့်ကိုယ် ပူးပေါင်းအဖြေရှာကြည့်စေချင်သည်။ ကိုယ့်ကိုထိုးလိုက်သည့်အတွက် ပြန်မထိုးနိုင်သည့်ကလေးအား အသုံးမကျဟုလည်း မပြောသင့်ပါ။ ကိုယ့်ကလေးဘက်က ရပ်တည်နိုင်အောင် ကြိုးစားပေးပါ။

ကလေးတစ်ယောက် ကောင်းလာစေရန် လူကြီးက မည်မျှကောင်းသနည်းဆိုသည့် အချက်ကလည်း အရေးကြီးပါသည်။ အကောင်းမြင်စိတ်မရှိသည့်သူများက အကောင်းမြင်စိတ်ရှိသူများ မွေးထုတ်နိုင်မည် မဟုတ်ပါ။

အကောင်းမြင်စိတ်ဖြင့် ဆင်ခြင်စဉ်းစားနိုင်စွမ်းများကို လေ့ကျင့်ထူထောင်ပေးခြင်းကလည်း သင့်ကလေးကို ထက်မြက် ဉာဏ်ကောင်းသူတစ်ဦး ဖြစ်လာစေနိုင်ပါလိမ့်မည်။

■ **E01**

**(Ref : Developing Your Child's Genius, Esther Andrews)**

# အကောင်းမြင်စိတ်



မွေးကတည်းက ချွတ်စွပ်တူသော အမြွှာညီအစ်ကို နှစ်ဦးရှိသည်။ အမြွှာဖြစ်သော်လည်း တစ်ဦးက အကောင်းမြင်စိတ်ရှိသူဖြစ်သည်။ ဘာဖြစ်ဖြစ် သူက -

“အားလုံး ကောင်းသွားမှာပါ” ဟု ပြောတတ်သည်။

အခြားတစ်ယောက်မှာ အဆိုးမြင်သမားတစ်ဦး ဖြစ်သည်။ သူက

“ဘာမှ အသုံးမကျဘူး” ဟု အမြဲပြောလေ့ရှိသည်။

အမြွှာဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး အမြင်ချင်း ကွာခြားလွန်းသောကြောင့် မိဘများက စိုးရိမ်ပြီး စိတ်ရောဂါကု ဆရာဝန်ထံ ခေါ်ဆောင်လာကာ သားနှစ်ဦး၏အခြေအနေကို ဆွေးနွေးကြသည်။

စိတ်ရောဂါကု ဆရာဝန်ကြီးက အမြွှာကလေးနှစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးကို မိဘများကိုယ်တိုင် လေ့လာဆန်းစစ်နိုင်ရန်အတွက် ဤသို့အကြံပြုသည်။

“သူတို့ကို လာမယ့်မွေးနေ့ကျရင် အခန်းတစ်ခန်းစီမှာ ခွဲထားမယ်။ ပြီးတော့ တစ်ယောက်ကိုလက်ဆောင်တစ်မျိုးပေးမယ်။ အဆိုးမြင်တတ်တဲ့သားကို အကောင်းဆုံး အရုပ်တစ်ရုပ် လက်ဆောင်ပေးမယ်။ အကောင်းမြင်တတ်တဲ့သားကို မြေဆွေးတွေထည့်ထားတဲ့ သေတ္တာလေးတစ်လုံး လက်ဆောင်လေး ပေးကြည့်မယ်။ သူတို့နှစ်ယောက်ဆီက ဘယ်လိုတုံ့ပြန်သလဲဆိုတာ မှတ်သားပြီး ကျွန်တော့်ကို လာပြန်ပြောပါ”

မွေးနေ့အရောက်တွင် မိဘများသည် ဆရာဝန်ကြီး အကြံပြုသည့်အတိုင်း သားများကို အခန်းခွဲပြီး လက်ဆောင်ပေးသည်။ အဆိုးမြင်သားကို သူတို့က လက်ပ်တော့တစ်လုံး လက်ဆောင်ပေးပြီး၊ အကောင်းမြင်သားကို မြေဆွေးများ ထည့်ထားသည့် စက္ကူသေတ္တာလေးတစ်လုံး ပေးလိုက်ကာ စောင့်ကြည့်နေသည်။

လက်ပ်တော့ ရသည့်သားက လက်ဆောင်ဘူးကို ဖွင့်ကြည့်လိုက်ပြီးနောက် လက်ပ်တော့ကိုတွေ့သော်

“ဟာ ဘာအရောင်ကြီးမှန်းလည်း မသိဘူး။ ငါကစားချင်တဲ့ ဂိမ်းတွေလည်း မပါဘူး။ လက်ပ်တော့ ဝယ်ပေးမယ့်အစား စက်ဘီးဝယ်ပေးတာကမှ ကောင်းဦးမယ်။ ဘယ်တော့ ပေါက်ခွဲမိမယ် မသိဘူး” ဟုပြောလိုက်သည်။

မိဘများက စိတ်ပျက်ပြီး မြေဆွေးများကို ပေးထားသည့် သားဖြစ်သူအခန်းကိုသွားကာ ချောင်းကြည့်ကြပြန်သည်။ အကောင်းမြင်သားက စက္ကူဖာလေးကို ဖွင့်ကြည့်ပြီးနောက် မြေဆွေးများကို တွေ့လိုက်ရသည့်အခါ ပထမ စိတ်ပျက်သလိုဖြစ်သွားသော်လည်း နောက်မှ သတိရဟန်ဖြင့်

“ဟေး... ဖေဖေနဲ့ မေမေကို ကျေးဇူးတင်လိုက်တာ။ ပန်းခြံထဲက နှင်းဆီပန်းအိုးလေးက သိပ်ပြီးတော့ မသန့်ဘူး ဖြစ်နေတယ်။ ခုမှ မြေဆွေးတွေ ထည့်ရတော့မယ်။ ပန်းပင်လေး မြန်မြန်ပွင့်လာရင် မေမေ့ကို နှင်းဆီပန်းလေး လက်ဆောင်ပေးရမယ်”

အဆိုးမြင်တတ်သူသည် အဆိုးတွေ၊ အပျက်မြင်နေတတ်သလို၊ အကောင်းမြင်တတ်သူမှာ ကြံဖန်ဖြည့်တွေးပေးတတ်သည်ကို မိဘများ သိမြင်လိုက်ကြသည်။

■ **E01 (The Optimist)**

# လျှပ်တစ်ပြက်ကောင်းမှုလေးများ နှင့် လူသားများ (၃)

သန့်ဇင်စိုး

လူသားတိုင်းသည် အသက်ရှင်ရပ်တည်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်ပုံစံဖြင့် ရုန်းကန်နေကြရသူများဖြစ်ကြသည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ဝင်ဆံ့ရပ်တည်နိုင်မာစေရန် အမြဲပြင်ဆင်လှုပ်ရှားနေကြရသည်။ ထို့ကြောင့်လူတိုင်းသည် အချိန်ပြည့် အများအကျိုးလုပ်ဆောင်နေနိုင်သူ မဖြစ်နိုင်ပေ။ သို့သော် နေ့စဉ်ဘဝတွင် ရုန်းကန်နေထိုင်ရင်းလျက်ပင် ကြုံရာကျပန်း ကောင်းမှုလေးများကို လုပ်ဆောင်နိုင်ပေသည်။ သန်းကြွယ်သူဌေး အားကစားစတားမှသည် သာမန်ရထားစီး ခရီးသည်တစ်ယောက်အထိ လုပ်ဆောင်ပေးသမျှသည် သူ့နည်းသူ့ဟန်ဖြင့် လိုအပ်နေသူအတွက် ထိရောက်မှု ရှိပါပေသည်။ ကြုံရာကျပန်းလုပ်ဆောင်ပေးသည့် လျှပ်တစ်ပြက်ကောင်းမှုလေးများ သတင်းတိုများကို ဖတ်ရှုရတိုင်း မဖော်ပြတတ်သော ကြည်နူးမှုများခံစားရတတ်သည်။ ထို့ကြောင့် The Voice Sunday စာဖတ်ပရိသတ်အတွက် အဆိုပါဖြစ်ရပ်လေးများကို ယခင်အပတ်မှအဆက်အဖြစ် ဆက်လက်မျှဝေဖော်ပြလိုက်ပါသည်။




## မွတ်ဆလင်နှစ်ဦးရဲ့ဂျူးရပ်ရွာအပေါ်ပြုပေးတဲ့ ကောင်းမှု

အောက်ပါအဖြစ်အပျက်လေးက နမူနာယူရမယ့် ကောင်းမှုတစ်ခုဖြစ်သည်။ တက်ကြွလှုပ်ရှားသူ မွတ်ဆလင်အမေရိကန်နှစ်ဦးက စိန့်လူးဝစ်မြို့တွင် ဖျက်လိုဖျက်ဆီးလုပ်ခံခဲ့ရသော ဂျူးများ၏ သင်္ချိုင်းကို ပြန်လည်ပြင်ဆင်ပေးဖို့ ဦးဆောင်ရန်ပုံငွေရှာခဲ့ခြင်း လုပ်ရပ်ဖြစ်သည်။ ဂျူးနှင့် မွတ်ဆလင်သည် ကမ္ဘာ့ရန်ဟု သာမန်အားဖြင့် သတ်မှတ်ထားလေ့ရှိကြသည်။ သို့သော် မေတ္တာတရားဟူသည်ကား အများက သတ်မှတ်ထားသော ပုံသေကားကျအမြင်များကို ကျော်ဖြတ်နိုင်ပါပေသည်။ သမိုင်းဝင် ဂျူးသင်္ချိုင်းတစ်ခုဖြစ်သော စိန့်လူးဝစ်မြို့မှ ချီဆက်ဆာဟယ်အီမက်သင်္ချိုင်းတွင် လူသတ်ပွဲမှ လွတ်မြောက်လာသူများ ကွယ်လွန်သည့်အခါ မြှုပ်နှံထားသည့် ဂူများလည်းရှိသည့် နေရာဖြစ်သည်။ ပြီးခဲ့သည့် တနင်္လာနေ့က အမေရိကန်အစွန်းရောက် မျက်ကန်းမျိုးချစ်များက ဂျူးဆန့်ကျင်ရေးအဖြစ် ယင်းဂူမှတ်တိုင်များကို ဖျက်ဆီးခဲ့ရာ စုစုပေါင်း ဂူ ၂၀၀ ခန့်ပျက်စီးခဲ့ရသည်။ ထိုကဲ့သို့သော အချိန်တွင် အမေရိကန်မွတ်ဆလင်များက စော်ကားခံဂျူးများအတွက် ဝင်ရောက်စုပေါင်းရပ်တည်ပေးခဲ့ကာ ပျက်စီးသွားသော သင်္ချိုင်းကို ပြင်ဆင်ရန်အတွက် ဦးဆောင်ရန်ပုံငွေရှာခဲ့သည်။ ဒေါ်လာ နှစ်သောင်းရရှိစေရန် ဦးဆောင်ပြီး အလှူငွေခံခဲ့ရာတွင် စုစုပေါင်း အလှူငွေ ဒေါ်လာ ခုနစ်သောင်းခွဲခန့်ရရှိခဲ့ပြီး ပိုသော အလှူငွေများကို အခြားသော ဂျူးသင်္ချိုင်းများအတွက် ကူညီထောက်ပံ့ပေးသွားမည်ဟု ကြေညာထားသည်။

## အစ္စရေးဆရာဝန်များက ပါလက်စတိုင်း နားမကြားကလေးများကို ခွဲစိတ်ကုသပေးခဲ့ခြင်း

ပိုမိုကျန်းမာသော၊ ပိုမိုငြိမ်းချမ်းသော နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ထူထောင်မှု အစီအစဉ်တစ်ခုကနေတစ်ဆင့် ဂျူးဆရာဝန်များရဲ့ ကောင်းမှုကြောင့် ပါလက်စတိုင်း ကလေးငယ် ၁၆ ဦး အကြားအာရုံပြန်ရသွားတဲ့ ဖြစ်စဉ်ကလည်း သာဓကခေါ်စရာပါ။ Peres Center For Peace ရဲ့ ဦးဆောင်မှုနဲ့ နားမကြားတဲ့ ပါလက်စတိုင်းကလေးငယ် ၁၆ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးပြီး အကြားအာရုံပြန်ရစေခဲ့ခြင်းဖြစ်သည်။ အစ္စရေးဆရာဝန်များရဲ့ လုပ်ရပ်ဟာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး အောင်မြင်သွားရလောက်အောင် သက်ရောက်မှုရှိချင်မှ ရှိလိမ့်မည် ဖြစ်ပေသော်ငြား ကလေး ၁၆ ဦးကတော့ နားပြန်ကြားသွားခဲ့ရပြီ ဖြစ်ပေသတည်း။



## အော်စကာညမှာ အသိအမှတ်ပြုခံရတဲ့ ကိုထောင်ထွက်

ဟောလိဝုဒ်က ဇာတ်လမ်းအထွင်နိုင်ဆုံး ဆရာသမားကြီးများတောင် မစဉ်းစားမိလောက်တဲ့ အဖြစ်အပျက်တစ်ခုက အော်စကာဆုပေးပွဲညမှာ ဖြစ်ပွားခဲ့ပါသည်။ ဂယ်ရီကိုးဟာ ထောင်ဒဏ် နှစ်ရှည်ခံရခဲ့ပြီးနောက် ၂ ရက်ပဲ ကြာသေးပြီးတော့ တရားဥပဒေဘောင်အောက်ကို ပြန်ရောက်လာခြင်းအတွက် ခမ်းခမ်းနားနားကြီးကို ကြိုဆိုတာကို အံ့သြတကြီးတွေ့ခဲ့ရခြင်း ဖြစ်သည်။ ၁၉၉၇ ခုနှစ်မှာ ထောင်ဒဏ်တစ်သက်ကျခဲ့ပြီး လျှော့ရက်၊ ခံစားခွင့်ပေါင်းစုံတို့ဖြင့် နှစ် ၂၀ အကြာတွင် ပြန်လွတ်လာခဲ့သူဖြစ်သည်။ ထောင်ကလွတ်ပြီး ၂ ရက်အကြာတွင် ချစ်သူ ဇနီးလောင်းနှင့်အတူ ဟောလိဝုဒ်မြို့သို့ လာရောက်လည်ပတ်ခဲ့သည်။ အပျော်တမ်းခရီးထွက်ကြည့်ရှုရမည့် အစီအစဉ်တစ်ခုက ကားလိုက်စီးပါရန် ကမ်းလှမ်းသဖြင့် ဇနီးလောင်းနှင့်အတူ ကားလိုက်စီးခဲ့ကြသည်။ ထင်တာက ရှုခင်းလေး ဘာလေးကြည့်ရမည် ထင်ခြင်းဖြစ်သတည်း။ တကယ်တမ်း ကားတံခါးဖွင့်လိုက်သည့်အခါ အော်စကာဆုပေးပွဲထဲကို အခြားခရီးသွားများ



နှင့်အတူ ရောက်သွားခဲ့ရသည်။ ရိုင်ယန်ဂေါ့စလင်း၊ အမ်မာစတုန်း စသည့်သရုပ်ဆောင်များကိုယ်တိုင်က လာရောက်နှုတ်ဆက်ခဲ့ကြသည်။ သူသိပ်ကြိုက်သည့် မင်းသားကြီး ဒန်ဇယ်ဝါရှင်တန်နှင့်အတူ ဓာတ်ပုံတွဲရိုက်ရသည်။ ဥပဒေ၏ အဆုံးအမကို ခံယူပြီးနောက် ပြန်လည်လွတ်မြောက်လာပြီးသည့်အခါ မထင်ထားလောက်အောင် ပျော်ရွှင်ဖွယ်ကြိုဆိုမှုဖြင့် မင်းသားမင်းသမီးအစုံ၊ ရုပ်သံကြည့် ပရိသတ်သန်းပေါင်းများစွာတို့၏ အားပေးဖေးမမှုကို ရရှိခဲ့ခြင်းဖြစ်သည်။ ရှေ့ခရီးအတွက် ခွန်အားပေတည်း။

## သားဆုံးရှုံးရသည့် မိခင်အတွက် ဆိုင်ကယ်စီးကြသူများ

တပ်ကြပ်ကြီး ဂျိုနသန်တာနာဟာ အမေရိကန်တပ်မတော်မှာ မရိန်းတပ်သားတစ်ဦးအဖြစ် ၁၇ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ အာဖဂန်၊ အီရတ် စသည့် စစ်ပွဲကြီးများတွင် ပါဝင်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ တိုက်ခိုက်ရေးနှင့် ဆက်စပ်သော ဒဏ်ရာကြောင့် ကယ်လီဖိုးနီးယားပြည်နယ်ပြန်အရောက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ တပ်ကြပ်ကြီး တာနာ၏ မိခင်သည် ဂျော်ဂျီယာပြည်နယ်တွင် နေထိုင်ပြီး သားဖြစ်သူ၏ အရိုးပြာအိုးကို အမေရိကန်အနောက်ဘက်ကမ်းအထိ လာယူရန် လမ်းစရိတ်မတတ်နိုင်ဖြစ်နေခဲ့သည်။ ထိုသို့ လာမယူနိုင်လျှင် စစ်တပ်က အရိုးပြာဘူးကို စာတိုက်မှတစ်ဆင့် လှမ်းပို့ပေတော့မည်။





ထိုအကြောင်းကို အမေရိကန် ဆိုင်ကယ်စီး ဂိုဏ်းတစ်ဂိုဏ်းက သိသွားသည့်အခါ ကူညီရန် ဆုံးဖြတ်ခဲ့သည်။ Patriot Guards ဟု အမည်ပေးထားသည့် အဆိုပါ ဆိုင်ကယ်စီး သမားများက မိုင်ထောင်ချီဝေးကွာသည့် အဆိုပါပြည်နယ်နှစ်ခုအကြားကို ဆိုင်ကယ်တန်းကြီး အခမ်းအနားဖြင့် ကျဆုံးစစ်သည်၏ အရိုးပြာအိုးကို သယ်ယူပေးခဲ့ကြသည်။ ဆိုင်ကယ်သမားများသည် ခရီးတစ်ဖြတ်နှင့် တစ်ဖြတ်ကြားတွင် နောက်တစ်ဖွဲ့ကို လက်ဆင့်ကမ်းပေးကာ နောက်တစ်ဖွဲ့က တစ်ဆင့် နောက်တစ်ဖွဲ့ထံလက်ဆင့်ကမ်းပြီး နောက်ဆုံး ကျဆုံးစစ်သည်၏ မိခင်လက်ထဲကို ရောက်သွားမည်ဖြစ်သည်။ အရိုးပြာအိုးကို လက်ဆင့်ကမ်းရာတွင် အခမ်းအနားဖြင့် လက်ပြောင်းပေးကာ ဆိုင်ကယ်စီးဂိုဏ်းများ အတူတကွ အလေးပြုကြပေသည်။ အမြန်ချောပို့လုပ်ငန်းက စက္ကူဘူးကြီးနဲ့ ဖြစ်ကတတ်ဆန်း အရိုးပြာအိုး ရောက်သွားမည်ကို မကြည့်ရက်သဖြင့် ယခုလို ဝင်ကူညီရသည်ဟု ဆိုင်ကယ်စီးသမားကြီးများကဆိုသည်။

# About Them


ဦးဖြိုးမင်းသိန်း


ဒေါက်တာမင်းသိမ်း


ဦးသက်ထွန်း


ဦးမြအေး


ဦးနိုင်ငံလင်း

ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမတွင်ကျင်းပခဲ့သည့် ကျောင်းသားသမဂ္ဂအဆောက်အအုံပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်းများနှင့် မျိုးဆက်အသီးသီးမှကျောင်းသားများ တွေ့ဆုံပွဲ


ဦးကိုကိုကြီး


ဦးကျော်လင်း


ဦးမင်းဇေယျ


ဦးသက်ထွန်း

မတ်လ ၂ ရက်နေ့က ရန်ကုန်မြို့ တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင်ကျင်းပခဲ့သည့် နိုင်ငံရေးပါတီတစ်ရပ်ပေါ်ထွန်းလာရေး တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ


Mr. Hans Alther


Mr. Julius Ihonvbere


Ms. Salma Siddiqui


Mr. Roger Wilkins

မတ်လ ၂ ရက်နေ့က ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ **Green Hill** ဟိုတယ်တွင်ကျင်းပခဲ့သည့် ဖက်ဒရယ်နိုင်ငံများမှ အတွေ့အကြုံများနှင့် သင်ခန်းစာများဆွေးနွေးပွဲ






ဓာတ်ပုံ- သန့်ဇင်ဦး

## အကယ်ဒမီဆု ရရှိမည့်သူများ အမည်စာရင်းကို မတ်လ ၆ ရက်နေ့တွင် ဖွင့်စစ်မည်ဟုဆို

ရန်ကုန်၊ မတ် ၄

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေ ဦးဆောင်ကျင်းပမယ့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ဆုရရှိမယ့်သူတွေရဲ့အမည်စာရင်းကို မတ်လ ၆ ရက်နေ့မှာ ဖွင့်ဖောက်စစ်ဆေးသွားမှာဖြစ်ကြောင်း အကယ်ဒမီ စိစစ်ရွေးချယ်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌ ဖြစ်သူ ဒါရိုက်တာ ဦးနှင်းမိုးက The Voice ကို ပြောကြားပါတယ်။

"အကဲဖြတ်အဖွဲ့ဝင်တွေကနေ ဆန္ဒပြုထားတဲ့မဲတွေကို ဖွင့်ဖောက်စစ်ဆေးကြမှာပေ့ါ။ ချိပ်ပိတ်ထားတဲ့ စာအိတ်တွေကလည်း အကုန်ရနေပါပြီ။ အဲ့ဒါတွေကို မတ်လ ၆ ရက်နေ့မှာ ဖွင့်ဖောက်ဖို့ စီစဉ်ထားပါတယ်။ ကြေညာမှာကတော့ မတ်လ ၁၈ ရက်နေ့ပွဲကျမှ ကြေညာမှာပေ့ါ" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကနေ တာဝန်ယူကျင်းပခွင့်ရတဲ့ ယခင်နှစ်ဆုပေးပွဲတွေမှာ ရှိခဲ့တဲ့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး၊ အကယ်ဒမီဆုရွေးချယ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ယခုနှစ်မှာ အမှားအနည်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်လို့ ဒါရိုက်တာ ဦးနှင်းမိုးက ပြောကြားပါတယ်။

"ဘာဘတို့က အကယ်ဒမီဆုပေးဖို့အတွက် လုပ်တဲ့နေရာမှာ မှန်မှန်ကန်ကန်နဲ့၊ သီလရှိရှိ၊ သမာဓိရှိရှိ၊ သိက္ခာရှိရှိ လုပ်ကြတာပါ။ ကိုယ့်သိက္ခာကိုယ်လုံတဲ့အတွက် ဝေဖန်မှုတွေရှိလာရင်လည်း ဘယ်သူဘာပြောပြောပြန် မရှင်းပါဘူး။ ဒီနှစ်မှာလည်း အကယ်ဒမီအကဲဖြတ်အဖွဲ့မှာ ပါတဲ့လူတွေ၊ ဆုရွေးချယ်တဲ့စည်းမျဉ်းတွေကို အများသိအောင် ကြိုတင်ကြေညာပေးထားတာပဲ" လို့ ၎င်းကဆိုပါတယ်။

၂၀၁၆ နှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကိုတော့ မတ်လ ၁၈ ရက်နေ့မှာ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်မှာ ကျင်းပသွားမှာဖြစ်ပြီး၊ ဆန်ခါတင်စာရင်းဝင် ရုပ်ရှင်ဇာတ်ကား ၃၃ ကားထဲကမှ ဆုများကို ရွေးချယ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။

## Recap

❍သရုပ်ဆောင်အလုပ်ကို စိတ်ဝင်စားလို့ လုပ်ကြည့်ခဲ့ပေမယ့် အခက်အခဲတွေ အများကြီးတော့ရှိပါတယ်လို့ Myanmar Idol သီချင်းဆိုပြိုင်ပွဲ Season 1 မှ တေးသံရှင် ဆိုဖီယာက The Voice ကို ပြောကြားပါတယ်။

"သရုပ်ဆောင်အလုပ်ကို ညီမစိတ်ဝင်စားတယ်။ တကယ်လုပ်ကြည့်တော့ ညီမ မလုပ်နိုင်ဘူး။ ကိုယ်မဟုတ်တဲ့ နောက်တစ်ယောက်ကို ပြောင်းပြီး သရုပ်ဆောင်ရတာဆိုတော့လေ။ ပထမစရိုက်တဲ့ နောင်ဘယ်တော့မှ မမုန်းဘူး ဇာတ်ကားမှာဆို ငိုတဲ့အခန်းတွေ ရိုက်ရတာ တော်တော် လေးခက်ခဲတယ်။ ဒုတိယကား မှာကျတော့ ခပ်မာမာ ပုံစံမျိုးဆိုတော့ ညီမရဲ့အပြင်က ကာရိုက်တာနဲ့ ကွက်တိဖြစ်သွားတယ်" လို့ ၎င်းကဆိုပါတယ်။

❍ ဂီတဘက်မှာ တကယ်ဝါသနာပါတဲ့အတွက် တစ်ကိုယ်တော်စီးရီး ထွက်နိုင်ဖို့ သေချာကြိုးစားခဲ့ရတာဖြစ်ပြီး ပေါ်ပင်ဖြစ်ချင်လို့ လုပ်တာမဟုတ်ပါဘူး လို့ သရုပ်ဆောင် ဝါဆိုမိုးဦးက The Voice ကို ပြောကြားပါတယ်။

"ဂီတဘက်မှာ ပေါ်ပင်ဖြစ်ချင်လို့ လုပ်တာ လုံးဝမဟုတ်ဘူး။ ကိုယ်တကယ်ဝါသနာမပါဘဲ လုပ်တဲ့ အလုပ်တစ်ခုက မအောင်မြင်နိုင်ဘူး။ ကိုယ့်အတွက်လည်း အချိန်ကုန်လူပန်းဖြစ်တယ်။ ဝါဆိုက ဒီအနုပညာအလုပ်ကို ခုတုံးလုပ်ပြီး ဝမ်းစာရှာနေတာလည်းမဟုတ်ဘူး။ ဝါဆို ဝါသနာပါတဲ့ အလုပ်တစ်ခုကို ပျော်တဲ့အချိန်အထိ၊ ပရိသတ် လက်ခံတဲ့အချိန်အထိ လုပ်သွားမှာပါ" လို့ ၎င်းက ဆိုပါတယ်။

## "ကိုမိုက်တီးက စကားလုံး အားကိုးပြီး ရိုက်တာဖြစ်တဲ့အတွက် အဲ့ဒါတွေကို ဆင်ဆာက ဖြတ်လိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ဇာတ်ကားက အကုန်လုံး ပျက်စီးသွားလိမ့်မယ်"

### ခင်လှိုင်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- သန့်ဇင်ဦး

**နာမည်ကျော် ဟာသသရုပ်ဆောင် ခင်လှိုင်နဲ့တွေ့ဆုံပြီး လက်ရှိရုံတင်နေတဲ့ သားဘီလူးရုပ်ရှင်မှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်အကြောင်း၊ မြန်မာပေါ်ကားများ ရုပ်ရုပ်ရှင်ဇာတ်ကားအကြောင်းနဲ့ အနုပညာလောကမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေအကြောင်းကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: လက်ရှိရုံတင်နေတဲ့ သားဘီလူး ရုပ်ရှင်မှာ ကိုခင်လှိုင် သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင် စရိုက်အကြောင်း ကနေစပြီး ပြောပြပေးပါဦး။**

**KH:** ဒီကားလေးကတော့ ကျေးလက်ဟာသကားလေးပါပဲ။ ရိုက်ထားတဲ့ Location လေးတွေလှတယ်။ ဘီလူးရဲ့ သားနှစ်ယောက်အဖြစ် သရုပ်ဆောင်တဲ့ ထွန်းထွန်းနဲ့ နေဒွေးတို့ရဲ့ အမွေအနှောက်ကလေး တွေပါတယ်။ ဝါရင့်သရုပ်ဆောင်တွေဖြစ်တဲ့ မစိုးကြီး(စိုးမြတ်သူဇာ)၊ ကေကေ(မြတ်ကေသီအောင်)၊ မခိုင်လေး (ခိုင်သင်းကြည်) တို့ရဲ့ ပံ့ပိုးမှုတွေ အများကြီးပါပါတယ်။ တခြားဟာသ သရုပ်ဆောင်တွေလည်း ပါဝင်အားဖြည့်ထားကြတယ်။ အဲ့ဒါကြောင့် ဒီကားလေးက ဇာတ်လမ်းနဲ့အတူ ပရိသတ်တွေ စီးမျောလိုက်ပါပြီး ရယ်မောခံစားနိုင်မယ့် ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

**Voice: ဒီကားမှာ ကိုခင်လှိုင် သရုပ်ဆောင်ရတဲ့ ဆေးဆရာ ဖိုးသာအို ဇာတ်ရုပ်အတွက်ရော ဘယ်လို ပြင်ဆင်ပြီး သရုပ်ဆောင်ခဲ့လဲ။**

**KH:** ဇာတ်ကားရိုက်တုန်းကတော့ ကျွန်တော့်ရဲ့ငယ်ဘဝအခန်းတွေကို နောက်ကြောင်းပြန်ပြတဲ့အခါမှာ ထည့်ထားတယ်။ ဒါပေမဲ့ အထူးပွဲမှာ ပြန်ကြည့်တဲ့အချိန်မှာတော့ အဲ့ဒီအခန်းတွေ မပါလာတော့ဘူး။ အမှန်တကယ်တော့ ကျွန်တော်က အရွယ်သုံးခုလောက်ကို သရုပ်ဆောင်ခဲ့ရတာပါ။ လူငယ်ဘဝ၊ လူလတ်ပိုင်းဘဝ၊ လူကြီးဘဝ သုံးခုလောက်ကို သရုပ်ဆောင်ခဲ့ရတာပါ။ ကျွန်တော်လုပ်ရတဲ့ ကာရိုက်တာလေးကိုလည်းကြိုက်တယ်။ လုပ်ရတဲ့ လုပ်ကွက်တွေကိုလည်း ကျေနပ်အားရမှုရှိခဲ့ပါတယ်။

**Voice: ဒါရိုက်တာ မိုက်တီးနဲ့ ရိုက်နေတဲ့ မြန်မာပေါ်ကားများရုပ် ရုပ်ရှင်ကရော ပြီးသွားပြီလား။**

**KH:** မြန်မာပေါ်ကားရုပ်ဆိုတဲ့ နာမည်နဲ့ ကိုမိုက်က ရုပ်ရှင်ရိုက်မယ်ဆိုတော့ ပထမတော့ ကျွန်တော်လည်း စိတ်ပူတယ်။ ဒီနာမည်ဟာ ကျွန်တော်တို့ အနုပညာတစ်လောကလုံးအတွက် အင်မတန်ကိုမှ ထိတ်လန့်ပြီးတော့ စိတ်သောကဖိစီးခဲ့ရတဲ့ နာမည်တစ်ခုကို ကိုမိုက်က ဘာလို့ရွေးချယ်သလဲလို့ စဉ်းစားဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကိုမိုက်သည် ကျွန်တော့်ရဲ့လက်ဦးဆရာတွေထဲမှာ ပါပါတယ်။ ပေါင်းတာကတော့ ဆရာတပည့်လိုအပြင်၊ ညီအစ်ကိုလို၊ သူငယ်ချင်းလိုလည်း ပေါင်းကြတယ်။ ဒီကားကို ကိုမိုက်ရိုက်မယ်ဆိုကတည်းက ကျွန်တော် အရမ်းတော့ စိတ်မပူပါဘူး။ သူသည် ရုပ်ရှင်လောက မကောင်းကြောင်းကို ပြောမယ့်သူ မဟုတ်ဘူး။ ဒီကားမှာ ရုပ်ရှင်လောကမှာ ဖြစ်ပျက်နေတဲ့ ဟာတွေကို မီးမောင်းထိုးပြတယ်။ တချို့ဟာတွေကတော့ ရုပ်ရှင်ဆန်အောင်ရိုက် ပြထားတာပါ။ အပြင်က တကယ့်အဖြစ်အပျက်တွေနဲ့တော့ နှိုင်းယှဉ်ကြည့်လို့မရပါဘူး။

**Voice: ဇာတ်ကားထဲမှာတော့ ကိုခင်လှိုင်တို့က ဘယ်လိုဇာတ်ကောင်နေရာကနေ သရုပ်ဆောင်ရတာလဲ။**

**KH:** ဒီကားထဲမှာတော့ ကျွန်တော်တို့က ဒုက္ခရောက်နေတဲ့ ဇာတ်ပို့၊ ဇာတ်ရံတွေနေရာက သရုပ်ဆောင်ထားတာပါ။ ဒီအနုပညာလောကရဲ့အလွဲတွေပါတယ်။ ကိုမိုက်ရဲ့ ထုံးစံအတိုင်း Plot တွေကလည်းကြီးတယ်။ ခိုင် တယ်။ အဓိကကပေးချင်တဲ့ Message တွေလည်း ကောင်းတယ်။ ကျွန်တော်တို့ ရိုက်ပြီး သမျှမှာတော့ ဇာတ်ကားတစ်ကားလုံးကို အားရတယ်။ ဇာတ်ဝင်ခန်းတိုင်းက ရယ်နေရတယ်။ ကိုမိုက်က ဒိုင်ယာလော့ခ် အားကောင်းတဲ့ ဒါရိုက်တာ တစ်ယောက်ပါ။ အဲ့ဒီအတွက် ကျွန်တော်တို့ သရုပ်ဆောင်တွေ ပြောတဲ့စကားလုံးတိုင်းက ပရိသတ်တွေ ရယ်နေရလိမ့်မယ်။ နည်းနည်းစိတ်ပူတာကတော့ ဆင်ဆာအပိုင်းပေ့ါ။ ကိုမိုက်တီးက စကားလုံး အားကိုးပြီးရိုက်တာဖြစ်တဲ့အတွက် အဲ့ဒါတွေကို ဆင်ဆာကဖြတ်လိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဇာတ်ကားက အကုန်လုံးပျက်စီးသွားလိမ့်မယ်။

**Voice: အနုပညာလောကမှာ လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲတွေကိုရော ဒီကားမှာ ဘယ်လောက်အထိ ထည့်သွင်းရိုက်ကူးပြထားလဲ။**

**KH:** ဒီကား မရိုက်ခင် ကိုမိုက်က ကျွန်တော်တို့ကိုပြောပြတဲ့ စကားလေးတစ်ခွန်းက အရမ်းကောင်းပါတယ်။ ပရိသတ်တွေက မြန်မာပေါ်ကားရုပ်လို့ ငါတို့ကို ပြောတာကို လက်ခံပါတယ်တဲ့။ ပေါ်တဲ့ကားတွေကို ပြောပေ့ါနော်။ ဒါကလည်း ဘာကြောင့်ပေါ်ရလဲဆိုတဲ့အဓိကသော့ချက်ကို သူတို့မသိကြတဲ့အတွက် ငါတို့ကို ပြောတာပါတဲ့။ တကယ်တမ်းကျတော့ မြန်မာပြည်မှာဆောက်တဲ့ တံတား၊ မြန်မာပြည်မှာဖောက်တဲ့လမ်း၊ မြန်မာပြည်မှာ ဆောက်တဲ့အိမ်၊ မြန်မာပြည်က အတန်းပညာ ဘာကောင်းတာရှိလဲတဲ့။ တို့ရုပ်ရှင်ကိုကျတော့မှ ဘာဖြစ်လို့ ကွက်ပြီး လက်ညှိုးထိုးရတာလဲဆိုတဲ့ စကားလေးကိုတော့ ကျွန်တော်တော်တော် သဘောကျပါတယ်။ ကိုယ်တွေက အကုန်လုံးကို တန်းစွဲညှိတာတော့ မဟုတ်ဘူး။ ကျွန်တော်တို့တွေသည် အမြင်ကျဉ်းမြောင်းမှုတွေနဲ့ တစ်သက်လုံး ဖြတ်သန်းခဲ့ရတယ်။ ကျွန်တော်တို့မှာ အမြင်ကျဉ်းမြောင်းမှုတွေရှိတယ်။ အတွေးအခေါ် မကျယ်ပြန့်ဘူး။ နေရာကျဉ်းကျဉ်းလေးထဲမှာပဲ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်နေတဲ့ အနေအထားမျိုးမှာ ကျင်လည်ခဲ့ရတယ်။ အဲ့ဒါက ဘယ်လောကမှာမဆိုရှိပါတယ်။ စာပေမှာလည်း စာပေလောက မတိုးတက်ရတဲ့ အကြောင်းရင်းတွေ ရှိတယ်။ အခုတောင် လူမှုကွန်ရက်တွေ ထွန်းကားလာလို့ သတင်းမီဒီယာလောကက ကျယ်ပြန့်လာတာပါ။ အရင်တုန်းကဆို သတင်းအမှောင်ချခံရတာတွေအများကြီး ရှိပါတယ်။

**Voice: အနုပညာလောကမှာ လက်ရှိအချိန်အထိ အဓိကရင်ဆိုင်နေရတဲ့ အခက်အခဲကရော ဘာဖြစ်မလဲ။**

**KH:** အဲ့ဒါကတော့ ကျွန်တော်တို့မှာ အခုချိန်အထိ ရုပ်ရှင်စတူဒီယိုကောင်းကောင်းမရှိသေးဘူး။ ဒီလိုဖြစ်လာအောင်လည်း ဘယ်သူမှ မပံ့ပိုးကြသေးဘူး။ တလောက ကျွန်တော်တို့ ရွာလေးတစ်ရွာမှာ ကားသွားရိုက်တယ်။ ရွာထဲကနေ ဖြတ်ပြီး လမ်းလျှောက်ရင်း စကားပြောတဲ့အခန်းကို ညဘက်မှာ ကျွန်တော်တို့ရိုက်တယ်။ အဲ့ဒီမှာ အိမ်တစ်အိမ်က ကက်ဆက်ကို အကျယ်ကြီးဖွင့်တဲ့အတွက် တိုးပေးဖို့ ကျွန်တော်တို့ သွားတောင်းပန်တယ်။ အဲ့ဒီလူ ပြန်ပြောတာက ငါက အနုပညာကို ခံစားနေတာ။ မင်းတို့ကအနုပညာကို ဖန်တီးနေတာတဲ့။ ကျွန်တော်တို့ ဘာမှ ပြန်မပြောနိုင်ဘူး။ ဒီလိုပြဿနာတွေက ကျွန်တော်တို့မှာ စတူဒီယိုသာရှိရင် မဖြစ်နိုင်ဘူး။ အများပြည်သူ ဝင်ထွက်သွားလာနေတဲ့ ဘူတာမှာ ကျွန်တော်တို့ ရုပ်ရှင်ရိုက်ချင်လို့ ရထားပေါ်ကို ဘယ်သူမှ မတက်ပါနဲ့ဦးလို့ သွားပြောရင် လက်ခံမှာ မဟုတ်ဘူးလေ။ အားလုံးက ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုတော့ နောက်ရထားလည်း စောင့်မစီးနိုင်ဘူးလေ။ ကျွန်တော်တို့လောကကို ပံ့ပိုးပေးမှုအပိုင်းက အရမ်းကို နည်းပါတယ်။ မြန်မာပေါ်ကား ရုပ်လို့ပြောတဲ့သူတွေအားလုံးကို ကျွန်တော်တို့ စရိတ်နဲ့ ရှူတင်ကို ကျွန်တော်တို့ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော်တို့ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရလဲဆိုတာကို သူတို့သိသွားရင် ကိုယ်ချင်းစာတတ်သွားမှာပါ။

## Shrek ဇာတ်ကားထဲက ဖီယိုနာနဲ့ တူတယ်ပြောလည်း ဂရုမစိုက်ဟု အဲဒဲလ် တုံ့ပြန်



ပြီးခဲ့တဲ့လက ဂရမ်မီဆုပေးပွဲမှာ ဗြိတိန်အဆိုကျော် အဒဲလ်ဟာ ဆုငါးဆု ထပ်မံသိမ်းပိုက်နိုင်ခဲ့ပေမယ့် လူတချို့ကတော့ ဆုတွေအကြောင်းထက် သူ့ဝတ်စုံနဲ့ သူ့ခန္ဓာကိုယ်ကို ပိုအာရုံစိုက်ခဲ့ကြပုံရပါတယ်။

အစိမ်းပုပ်ရောင် ဝတ်စုံနဲ့ အဒဲလ်ဟာ Shrek အန်နီမေးရှင်း ဇာတ်ကားထဲက ဇာတ်ကောင် ဖီယိုနာနဲ့ တူတယ်လို့ တွစ်တာ လူမှုကွန်ရက်မှာ တချို့တွေက ရိုင်းရိုင်းစိုင်းစိုင်း နှိုင်းယှဉ်လှောင်ပြောင်ခဲ့ကြပါတယ်။

မျက်မှောက်ခေတ်နာမည်အကြီးဆုံးအဆိုတော်တွေထဲက တစ်ယောက်ဖြစ်တဲ့ အသက် ၂၈ နှစ်အရွယ် အဒဲလ်ကတော့ ဒီလိုလှောင်ပြောင်မှုတွေကို ဂရုစိုက်နေမှာ မဟုတ်သလို ဒီဝတ်စုံနဲ့ ပုံကျပန်းကျဖြစ်ဖို့ တစ်နေ့ နှစ်ကြိမ်လောက် လေ့ကျင့်ခန်းလုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။

"ဂရမ်မီပေးပွဲမတိုင်မီ ဒီဝတ်စုံကို ရခဲ့တာပါ။ ကျွန်မ ဒီအစိမ်းရောင်ဝတ်စုံကို ဝတ်တော့ လူတိုင်းက ကျွန်မကို Shrek ထဲက ဖီယိုနာနဲ့ တူတယ်ပြောကြတယ်။ ကျွန်မ ဓာက်ဂရုကို မစိုက်ပါဘူး။ ဒါက ဂီဗန်ချီဖက်ရှင်ထည်ပါ။ သူတို့ပြောချင်တာ ပြောကြပါစေ" လို့ အဒဲလ်က တုံ့ပြန်ခဲ့ပါတယ်။

"ကျွန်မ လေ့ကျင့်ခန်းလုပ်တယ်။ လူကောင်ကြီးသလို အစားလည်း မက်တော့ ဂီဗန်ချီဝတ်စုံနဲ့ အရမ်းကျပ်နေတော့ ဝတ်လို့တော်အောင်လို့ တစ်ပတ်နှစ်ကြိမ် လေ့ကျင့်ခန်းလုပ်ခဲ့ပါတယ်" လို့လည်း အဒဲလ်က ပြောသွားခဲ့ပါတယ်။ **F-03**



## အက်ဒ်ရှီးရန်ရဲ့ တက်တူး ၆၀ လျှို့ဝှက်ချက်

တချို့တွေက သတိရစရာအချိန်လေးတွေအတွက် အမှတ်တရပစ္စည်းလေးတွေ စုတတ်ကြတယ်၊ အဆိုတော် အက်ဒ်ရှီးရန်ကတော့ တက်တူး(ဆေးမင်ကြောင်) ထိုးပြီး ကိုယ့်ခန္ဓာမှာပဲ မပျောက်မပျက်စုဆောင်းတာပေါ့။

Thinking Out Loud သီချင်းနဲ့ နာမည်ကြီးလာတဲ့ ဒီအဆိုတော်မှာ တက်တူး ၆၀ တောင် ရှိနေပေမယ့် ဆက်ထိုးသွားဦးမယ်လို့ ဆိုပါတယ်။

မကြာသေးမီကမှ အယ်လ်ဘမ်သစ် Divide ထွက်ရှိထားတဲ့ အက်ဒ်ကသူ့ တက်တူးတွေအကြောင်း လျှို့ဝှက်ချက်ကို The Sun သတင်းစာကိုပြောပြခဲ့ပါတယ်။ ဒီတက်တူးတွေအကြောင်းဟာ မကြာသေးမီက နံပါတ်တစ်ဖြစ်ခဲ့တဲ့ သီချင်း Shape of You ရဲ့ ဂီတဗီဒီယိုမှာ လူတွေက ပိုသတိထားမိလာကြတာပါ။

အသက် ၂၆ နှစ်ရှိပြီဖြစ်တဲ့ အက်ဒ်ဟာ သူ့မျက်နှာတွေ လည်ပင်းတွေမှာတော့ ထိုးတဲ့သူမဟုတ်တော့ ပုံမှန် အဝတ်အစားအပြည့်အစုံနဲ့ဆို သတိထားမိဖို့ ခဲယဉ်းပါတယ်။ သူ့လက်က တက်တူးကလွဲရင် ကိုယ်လုံးမှာ ထိုးထားတဲ့ တက်တူးတွေက မြင်ဖို့မလွယ်ပါဘူး။

သူ့တက်တူးတွေဟာ သူဆိုခဲ့တဲ့ သီချင်းတွေ၊ ရှိုးပွဲတွေကနေ သူ့အမေကို ရည်စူးတဲ့ပုံအထိ စုံတယ်လို့ ဆိုပါတယ်။ ဥပမာ-ဝင်ဘလေကွင်းထဲမှာ ရုံပြည့်ရုံလျှံဖြစ်ခဲ့တဲ့ ရှိုးပွဲအမှတ်တရက အင်္ဂလန်ဘောလုံးအသင်းရဲ့ အမှတ်တံဆိပ် ခြင်္သေ့ပုံပေါ့။

သူ့ငယ်နာမည် တက်ဒီအတွက် ဝက်ဝံပုံကလေးလည်း ရှိသလို ထိုးချင်လို့ ထိုးတာဆိုပြီး ဆိတ်ပုံကြီးထိုးထားတာလည်း ရှိပါတယ်။ နယူးဇီလန်မှာလုပ်တဲ့ ရှိုးပွဲအထိမ်းအမှတ်အနေနဲ့ နိုင်ငံအမှတ်တံဆိပ် ကီဝီငှက်ပုံလေးလည်း ထိုးထားပါသေးတယ်။ အများစုကတော့ သူ့သီချင်းတွေ၊ သူ့ဂီတသမိုင်းမှတ်တိုင်တွေကို ကိုယ်စားပြုနေတာပါ။

၁၈ နှစ်သားကတည်းက တက်တူးတွေထိုးခဲ့တဲ့ အက်ဒ်ရှီးယန်မှာ ဗင်းဆင့်ဗင်ဂိုးလ်ရဲ့ Starry Night ပန်းချီကားပုံ တက်တူးတောင် ရှိပါသေးတယ်။ ဒါကလည်း ဒွန်မက်လင်းရဲ့ Vicent သီချင်းကို ၂၀၁၂ မှာ သူပြန်ဆိုတော့ ထိုးဖြစ်ခဲ့တာပါ။ **F-03**

## နာတာလီပို့တ်မန်း သမီးလေးမွေး



အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် နာတာလီပို့တ်မန်းဟာ သမီးမိန်းကလေးတစ်ယောက် ထပ်မံမွေးဖွားခဲ့တယ်လို့ CNN သတင်းက မတ်လ ၃ ရက်နေ့မှာဖော်ပြပါတယ်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ နာတာလီပို့တ်မန်းနဲ့ ခင်ပွန်းသည် ဘင်ဂျမင်မီလီပိုင်းဒ်တို့ဟာ အမီလီယာ မီလီပိုင်ဒ် လို့ အမည်ပေးထားတဲ့ သမီးလေးတစ်ဦး မွေးဖွားခဲ့တယ်လို့ ပို့တ်မန်းရဲ့ကိုယ်စားလှယ်က CNNသတင်းဌာနကို အတည်ပြုပါတယ်။

ဒါကြောင့် ပို့တ်မန်းဟာ Jackie ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုဆန်ခါတင် စာရင်းဝင်ခဲ့ပေမယ့် ဖေဖော်ဝါရီ ၂၆ အော်စကာဆုပေးပွဲ မတက်ခဲ့တာဖြစ်ပါတယ်။

ပို့တ်မန်းနဲ့ မီလီပိုင်းဒ်တို့အတွက် အခုကလေးက ဒုတိယမြောက်ဖြစ်ပါတယ်။ သူတို့စုံတွဲဟာ ၂၀၁၀ ပြည့်နှစ်က Black Swan ဇာတ်ကားရိုက်ကူးချိန်မှာ တွေ့ခဲ့ကြတာဖြစ်ပြီး ၂၀၁၁ မှာပထမဆုံးရင်သွေးဖြစ်တဲ့ သားဖြစ်သူ အလက်ဖ်ကို မွေးဖွားခဲ့ပါတယ်။ ပို့တ်မန်းဟာ Black Swan ဇာတ်ကားနဲ့ပဲ အော်စကာဆုရခဲ့ဖူးပါတယ်။ **F-03**




## ခန့်မှန်းဝင်ငွေ ဒေါ်လာသန်း ၇၀ ကျော်နဲ့ ဟုဂျ်ဂျက်မန်းရဲ့ Logan ဦးဆောင်နေတဲ့ဒီတစ်ပတ်ရုပ်ရှင်

X-Men ထဲက Wolverine ဇာတ်ကောင်ကို ဇာတ်လိုက်ထားပြီး ရိုက်ကူးတဲ့ တတိယမြောက်ဇာတ်ကား Logan ဟာဒီတစ်ပတ်မှာ အပြတ်အသတ်ဦးဆောင်နေပြီး သောကြာနေ့ရုံစတင်ရာမှာ အနည်းဆုံးဒေါ်လာသန်း ၃၀ ကျော်လောက် ရခဲ့တဲ့အတွက် ဒီတစ်ပတ်တည်း အမေရိကန်တစ်နိုင်ငံတည်းတင် ဒေါ်လာ ၇၂ သန်းလောက်ရမယ်လို့ ခန့်မှန်းထားပါတယ်။

သရုပ်ဆောင် ဟုဂျ်ဂျက်မန်းကပဲ ဝုဗာရင်းခေါ် လိုဂန်နေရာမှ ၁ ဆက်လက်သရုပ်ဆောင်ထားတဲ့ ဒီဇာတ်ကားဟာ ပထမဆုံး R အဆင့်သတ်မှတ်ခံရတဲ့ Wolverine ဇာတ်ကား ဖြစ်လာပါတယ်။ ဒါပေမဲ့ အမေရိကန်ရုံပေါင်း ၄၀၀၀ ကျော်မှာ တစ်ပြိုင်နက်ရုံတင်ခဲ့ရာမှာ ရှေ့ကားနှစ်ကားလိုပဲ အောင်မြင်မှုရခဲ့တာ ဖြစ်ပါတယ်။

R အဆင့်ဆိုရင် အသက် ၁၇ နှစ်အောက်များလူကြီးမပါဘဲ ကြည့်ခွင့်မရှိပါဘူး။ ဒါဟာ အသုံးအနှုန်းရိုင်းစိုင်းတာ၊ ရက်ရက်စက်စက် သတ်ဖြတ်တာတွေ ပါဝင်တာ၊ လိင်မှုရေးရာတွေ ကွက်ကွက်ကွင်းကွင်းဖော်ပြတာ အနည်းဆုံးတစ်ခုနဲ့ ငြိစွန်းလို့ သတ်မှတ်ခံရတာ ဖြစ်ပါတယ်။ Logan ဟာ R အဆင့် သတ်မှတ်ခံရတဲ့ ဇာတ်ကားတွေထဲမှာ ရုံအများဆုံးတစ်ပြိုင်နက်တင်တဲ့ ကားအဖြစ်ပါ မှတ်တမ်းဝင်ပါတယ်။ ဒါဟာ အလားတူ R အဆင့်သတ်မှတ်ခံရတဲ့ ဆူပါဟီးရိုးဇာတ်ကားDeadpoolရဲ့ လမ်းကြောင်းကို လိုက်တာလို့ ဆိုနိုင်ပါတယ်။

ကြာသပတေးည အကြိုပြသမှုမှာတင် ဒေါ်လာ ၉ သန်းခွဲရတဲ့အတွက် သောကြာမှာဒေါ်လာသန်း ၃၀ ကျော်သွားတာဖြစ်ပါတယ်။ ဂျိမ်းစ်မန်းဂိုးလ်ဒ် ရိုက်ကူးတဲ့ ဒီဇာတ်ကားဟာ တရုတ်ပြည်အပါအဝင် ပြည်ပနိုင်ငံတွေမှာလည်း ဒီတစ်ပတ်အတွင်း ဒေါ်လာသန်း ၁၀၀ လောက် ရဖို့ရှိနေပါတယ်။

ပြီးခဲ့တဲ့လက ဘာလင်ရုပ်ရှင်ပွဲတော်မှ စတင်ပြသကတည်းက ဝေဖန်သူတွေရဲ့ ချီးကျူးမှုခံခဲ့ရတဲ့ ဇာတ်ကားဖြစ်ပါတယ်။ Wolverine ဇာတ်ကားတွေထဲက သုံးကားမြောက်နဲ့ နောက်ဆုံးကားဖြစ်မယ်လို့ ဟုဂျ်ဂျက်မန်းက ဆိုထားပါတယ်။

ဒီကားနဲ့ အပြိုင် ရုံတင်တာကတော့ Lionsgate ရဲ့ The Shack ဇာတ်ကားဖြစ်ပါတယ်။ အရောင်းရဆုံး ခရစ်ယာန်ဝတ္ထုတစ်ခုဖြစ်တဲ့ မိသားစုကို ဆုံးရှုံးလိုက်ရတဲ့ ဖခင်တစ်ယောက်အကြောင်း ဇာတ်လမ်းကို ရိုက်ကူးထားတာဖြစ်ပါတယ်။

ဒီကားလည်းသူ့စရိတ်နဲ့ သူ့ဝင်ငွေ အောင်မြင်တယ်ပြောနိုင်ပြီး ဒီတစ်ပတ်တည်း ဒေါ်လာ ၁၃ သန်းနဲ့ ၁၅ သန်းကြားရမယ်လို့ ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ အပတ်ကထွက်ရှိခဲ့တဲ့ Get out ဇာတ်ကားက Logan နောက် ဒုတိယနေရာမှာ ဆက်ရှိနေပြီး The Shack က တတိယနေရာမှာ ရှိနေပါတယ်။

နောက်ထပ်ရုံတင်တဲ့ တစ်ကားကတော့ Sundance ရုပ်ရှင်ပွဲတော်မှာ ပြသခဲ့တဲ့ ကုန်ကျစရိတ် နည်းနည်းနဲ့ ရိုက်ထားတဲ့ Before I Fall ဇာတ်ကားဖြစ်ပါတယ်။ ဒီကားကတော့ အော်စကာမှာအကောင်းဆုံးရုပ်ရှင်ဆုရသွားပြီး ရုံပြန်တင်လာတဲ့ Moonlight နဲ့အပြိုင် ဒေါ်လာ ၃ သန်းလောက် ရဖို့ရှိနေပါတယ်။ Moonlight က DVD တောင် ထွက်နေပြီဖြစ်တဲ့အတွက် ရုံပြန်တင်ချိန်မှာ ဝင်ငွေအများကြီး ထပ်ရဖို့မရှိတော့ပါဘူး။ ဒါပေမဲ့ ဒေါ်လာ ၂၂ သန်းလောက် ပိုက်မိထားပြီဖြစ်တာဟာ ကုန်ကျစရိတ်နည်းတဲ့ ရုပ်ရှင်တစ်ကားအတွက်တော့ အောင်မြင်မှုကြီးလို့ဆိုနိုင်တဲ့ အခြေအနေပါ။ **F-03**




သရုပ်ဆောင်နှင့် ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူးဟောင်း အာနိုး

# Celebrity Apprentice ရုပ်သံအစီအစဉ်မှ အာနိုးနုတ်ထွက်၊ ထရမ့်ကို အပြစ်တင်

**နယူးယောက်၊ မတ် ၄**

အာနိုးရှဝါဇင်နက်ဂါက Celebrity Apprentice ရုပ်သံအစီအစဉ်မှ နုတ်ထွက်လိုက်ပြီး ဒေါ်နယ်ထရမ့်၏ ပတ်သက်မှုကြောင့် အားပေးမှုကျဆင်းလာသည်ဟု အပြစ်တင်ပြောဆိုလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

အင်ပါယာနှင့်အင်တာဗျူးတွင် သရုပ်ဆောင်နှင့် ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူးဟောင်း အာနိုးက ရုပ်သံအစီအစဉ်အားပေးမှု ကျဆင်းလာခြင်းသည် ထရမ့်က ထုတ်လုပ်သူဖြစ်နေသောကြောင့် ဖြစ်ကြောင်း၊ ၎င်းအနေနှင့် ယင်းကဲ့သို့ ဝန်မပိသောအစီအစဉ်တွင် လုပ်ကိုင်လိုကြောင်း ပြောကြားခဲ့သည်။

ရွေးကောက်ပွဲဝင်ရန် အစီအစဉ်ကို စွန့်ခွာခဲ့သူ ထရမ့်က အစားဝင်လာသူ အာနိုးကို အစောပိုင်းက သရော်ခဲ့ဖူးသည်။

ထရမ့်ဆန့်ကျင်ရေး လူမှုမီဒီယာလှုပ်ရှားမှုများက ရုပ်သံအစီအစဉ် အားပေးမှုနှုန်းအပေါ် သက်ရောက်မှုရှိသည်ဟု သောကြာနေ့က အင်တာဗျူးတွင် အာနိုးက မှတ်ချက်ပေးသည်။

"ထရမ့်က ထုတ်လုပ်သူအဖြစ် ပတ်သက်နေပြီး ရုပ်သံအစီအစဉ်ရဲ့ ဝင်ငွေကို ရနေတုန်းဆိုတာကို လူတွေသိသွားတဲ့အခါ ပရိသတ်ထက်ဝက်လောက်က သပိတ်မှောက်ခဲ့ကြပါတယ်။ ကျွန်တော်နဲ့ တွေ့တဲ့သူတိုင်းက ဒီအစီအစဉ်ကို ကြိုက်ပေမယ့် ထရမ့်ရဲ့ နာမည်ကိုတွေ့လို့ ပိတ်ပစ်လိုက်တယ်လို့ ပြောကြပါတယ်။ ဒီအချိန်က သဘောထား ကွဲလွဲမှုများတဲ့အချိန်ပါ။ ရုပ်သံအစီအစဉ်က စက်ကွင်းမလွတ်ဘူးလို့ ထင်ပါတယ်။ နောက်တစ်ကြိမ် လာရောက်ကမ်းလှမ်းရင်လည်း ကျွန်တော်ငြင်းမှာပါ" ဟု အာနိုးက ပြောကြားသည်။

အာနိုးသည် Twitter တွင် ထရမ့်နှင့် မကြာခဏ အချေအတင် ပြောဆိုလေ့ရှိသူဖြစ်သည်။

ယခင်လက ဝါရှင်တန် နံနက်စာ ဆုတောင်းပွဲအခမ်းအနားတွင် ထရမ့်က "ရုပ်သံအစီအစဉ် အားပေးမှုနှုန်း ကျဆင်းမှုအတွက် အာနိုးကိုဆုတောင်းပေးကြမလား" ဟု ထေ့ငေါ့ပြောဆိုခဲ့သည်။

Celebrity Apprentice ရုပ်သံအစီအစဉ်၏ ၁၅ ခုမြောက် Season သည် တစ်ခန်းလျှင် ကြည့်ရှုမှုနှုန်း ၅ သန်းထက်လျော့နည်းသွားမှုကြောင့် ယခင်လက ရပ်ဆိုင်းသွားခဲ့သည်။

၎င်းအစီအစဉ်သည် ထရမ့်ကိုင်တွယ်ခဲ့သော နောက်ဆုံးအခန်းတွင် ကြည့်ရှုသူ ၆ သန်းအထိရှိခဲ့ပြီး ပထမနှစ်အတွင်း ပုံမှန်ကြည့်ရှုသူ သန်း ၂၀ ခန့်ရှိခဲ့သည်။

နယူးယောက် အိမ်ခြံမြေသူဌေး ထရမ့်သည် ရွေးကောက်ပွဲမဝင်မီအထိ Celebrity Apprentice ရုပ်သံအစီအစဉ်၏ ၁၄ ခုမြောက် Season အထိ စီစဉ်တင်ဆက်ခဲ့သည်။ ■ F-04

# ကုလသမဂ္ဂငြိမ်းချမ်းရေးမူ ၁၂ ချက် ဆီးရီးယား အတိုက်အခံ လက်ခံ

**ဂျနီဗာ၊ မတ် ၄**

၈ ရက်ကြာ ပြုလုပ်လျက်ရှိသည့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ အဆုံးသတ်နေ့တွင် ကုလသမဂ္ဂအဖွဲ့က အဆိုပြုထားသည့် ငြိမ်းချမ်းရေး မူ ၁၂ ရက်ကို အတိုက်အခံများက လက်ခံလိုက်ကြောင်း Reuters သတင်း တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ကုလသမဂ္ဂ စေ့စပ်ရေးမှူး အတက်ဖန် ဒီမတ်တူရာ အဆိုပြုထားသည့် အချက်များအပေါ် အခြေခံပြီး အထွေထွေမူများ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆွေးနွေးပွဲမှ ရှင်းလင်းသည့် ရလဒ်ပေါ်ထွက်မလာသော်လည်း နိုင်ငံရေးအသွင်ကူးပြောင်းမှု ပေါ်ပေါက်ရေး လက်ခံနိုင်သည့် နည်းလမ်းကို ဆွေးနွေးနိုင်ခဲ့သည်ဟု အတိုက်အခံ စေ့စပ်ရေးမှူး အယ်ဟာရီရီက ပြောကြားသည်။

ဆီးရီးယားအတိုက်အခံများက ယင်းကဲ့သို့ပြောကြားနေသော်လည်း အစိုးရစေ့စပ်ရေးမှူး အယ် ဂျာဖာရီက မည်သည့်မှတ်ချက်မျှ ပြောကြားခြင်း မရှိပေ။

အဆိုပါငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် အတိုက်အခံများက နိုင်ငံရေး အသွင်ကူးပြောင်းမှုအကြောင်း ဆွေးနွေးလိုခဲ့ပြီး ဆီးရီးယားအစိုးရအဖွဲ့က အကြမ်းဖက်ဝါဒတန်ပြန်ရေးကိုသာ အဓိကထားရန် ကြိုးပမ်းခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် လက်ရှိ ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲအပြင် ကာဇက်စတန်နိုင်ငံ အတ်တာနာမြို့တော်တွင်လည်း တူရကီ၊ အီရန်နိုင်ငံတို့နှင့် ရုရှားနိုင်ငံ ညှိနှိုင်းပြီး ဆီးရီးယားအရေး ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်လျက်ရှိသည်။

ရုရှားလေကြောင်း အထောက်အပံ့နှင့် အီရန်စစ်ရေးအထောက်အပံ့များ ရရှိထားသည့် ဆီးရီးယားအစိုးရတပ်ဖွဲ့များ အလက်ပိုမြို့ကို အပြည့်အဝ ထိန်းချုပ်နိုင်လိုက်သည့် ဒီဇင်ဘာလနောက်ပိုင်းမှစတင်ပြီး ဆီးရီးယားအရေးကို သံတမန်နည်းအရ ဖြေရှင်းရန် ကြိုးပမ်းမှု အရှိန်မြင့်လာခြင်းဖြစ်သည်။ ■ F-05




ကုလသမဂ္ဂ စေ့စပ်ရေးမှူး အတက်ဖန် ဒီ မတ်တူရာ

# စစ်အသုံးစရိတ် ၇ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲမည်ဟု တရုတ်ထုတ်ပြန်




စစ်ရေးပြချီတက်နေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားများ

**ဘေဂျင်း၊ မတ် ၄**

တရုတ်နိုင်ငံ၏ ၂၀၁၇ ခုနှစ် စစ်အသုံးစရိတ်ကို ၇ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲမည်ဖြစ်ပြီး ယင်းသည် ၂၀၁၀ ခုနှစ် နောက်ပိုင်း အနိမ့်ဆုံးနှုန်းထားဖြင့် တိုးမြှင့်သုံးစွဲမှုဖြစ်ကြောင်း Reuters သတင်းကဖော်ပြသည်။

ပြီးခဲ့သည့်နှစ်ကလည်း တရုတ်စီးပွားရေး ကျဆင်းလာခြင်းကြောင့် စစ်အသုံးစရိတ်သည် ဆယ်စုနှစ်နှစ်ခုကြာ ဂဏန်းနှစ်လုံးဖြင့် တိုးမြှင့်သုံးစွဲနေရာမှ ၇ ဒသမ ၆ ရာခိုင်နှုန်းသာ တိုးမြှင့်နိုင်ခဲ့သည်။

၂၀၁၇ ခုနှစ် စစ်သုံးစရိတ်ကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပြုနေခြင်း၊ တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ အမေရိကန်နှင့် အငြင်းပွားမှုပေါ်ပေါက်နိုင်ခြေ ရှိခြင်းတို့ကြောင့် တရုတ်စစ်အသုံးစရိတ်တိုးမြှင့်ရန် ဖိအားပေးမှုများလည်း ပေါ်ပေါက်လျက်ရှိသည်။

ထို့ပြင် တရုတ်စစ်အသုံးစရိတ်ကို အနိမ့်ဆုံးအားဖြင့် ၁၀ ရာခိုင်နှုန်း

စာ - 21

# ဂျာမနီနှင့် တူရကီ အငြင်းပွားမှုကြောင့် အာဒိုဂန် ဒေါသထွက်



**ဘာလင်၊ မတ် ၄**

ဂျာမနီတွင် တူရကီနိုင်ငံရေး စည်းဝေးပွဲများဖျက်သိမ်းမှုကြောင့် အန်ကာရာနှင့် ဘာလင်အကြား တင်းမာမှုမြင့်တက်လာသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

တူရကီသမ္မတ အာဒိုဂန်က ဂျာမနီသည်အကြမ်းဖက်သမားများကို လက်ခံထောက်ပံ့ထားသည်ဟု စွပ်စွဲလိုက်ပြီး တူရကီက ဖမ်းဆီးထားသော ဂျာမန်တူရကီသတင်းထောက်သည် ဂျာမန်အေးဂျင့်တစ်ဦးဖြစ်ပြီး ကာ့ဒ်စစ်သွေးကြွ PKK အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု သောကြာနေ့က ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနကမူ ယင်းစွပ်စွဲချက်သည် ယုတ္တိမရှိဟု Reuters သို့ ပြောကြားသည်။

ဂျာမန်အဓိပတိ မာကယ်လ်ကလည်း ဂျာမနီတွင် ပြုလုပ်မည့် တူရကီဝန်ကြီးများ၏ ဟောပြောပွဲများကို ဒေသန္တရအာဏာပိုင်များက ပိတ်ပင်သည့် ဆုံးဖြတ်ချက်အပေါ် သူမအနေနှင့် လေးစားရမည်ဟု ပြောကြားခဲ့သည်။

ဂျာမနီတွင်နေထိုင်သော တူရကီ ၁ ဒသမ ၄ သန်းခန့်သည် လာမည့် ဧပြီလတွင် ကျင်းပမည့် တူရကီ ဆန္ဒခံယူပွဲတွင် မဲပေးရန် အကြုံးဝင်သောကြောင့် အာဒိုဂန်အစိုးရက စည်းရုံးရန် ကြိုးစားနေခြင်းဖြစ်သည်။

မဲခွဲဆုံးဖြတ်မည့် အခြေခံဥပဒေပြင်ဆင်ချက်များသည် ပါလီမန်၏ကဏ္ဍကို အားနည်းသွားစေပြီး အာဒိုဂန်၏ အာဏာကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ဂျက်ဂင်နော၊ ကိုလုံးနှင့် ဖရီချန်တွင် တူရကီဝန်ကြီးများ တက်ရောက်ရန် စီစဉ်ထားသော နိုင်ငံရေးဟောပြောပွဲများ ပိတ်ပင်ခံရခြင်းအပေါ် တူရကီ အာဏာပိုင်များက အမျက်ထွက်ခဲ့ကြသည်။

တူရကီတရားရေးဝန်ကြီး ဘိုဇဒက်က နေတိုးမဟာမိတ် နှစ်နိုင်ငံအကြားမှ ရောဂါဟောင်းပြန်ထလာပြီဟု မှတ်ချက်ပေးသည်။

ဂျက်ဂင်နောနှင့် ကိုလုံးမှ အာဏာပိုင်များကမူ လူထုဟောပြောပွဲအတွက် နေရာမလုံလောက်ကြောင်းနှင့် ဟောပြောပွဲ၏ရည်ရွယ်ချက်ကို အသိပေးရာတွင် လှည့်ဖြားခံရကြောင်း ရှင်းလင်းပြောကြားသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီး ကာဗူဆိုဂလူးက “တူရကီ အခြေခံဥပဒေပြင်ဆင်မှုအပေါ် ဆန့်ကျင်သူများကို ဂျာမန်အစိုးရက အားပေးနေကြောင်း၊ ဂျာမနီသည် ပထမတန်းစားမဟုတ်သကဲ့သို့ တူရကီကလည်း ဒုတိယတန်းစားမဟုတ်ကြောင်း၊ တူရကီအပေါ် ယခုလို မဆက်ဆံသင့်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းလိုပါက အပြုအမူကို ပြင်ဆင်ရန်လိုကြောင်း” ထုတ်ဖော်ပြောကြားသည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဒေသန္တရအာဏာပိုင်များ၏ ဖျက်သိမ်းမှုအပေါ် ဗဟိုအစိုးရက ပြောစရာမရှိကြောင်း၊ အန်ကာရာအနေနှင့် မီးလောင်ရာ ဆီလောင်းသည့် အပြုအမူကို ရှောင်ရှားသင့်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားခဲ့သည်။

အီးယူသို့ ဒုက္ခသည်များ စုပြုံဝင်ရောက်မှုကို တားဆီးကူညီပေးရန် တူရကီကို စည်းရုံးနေသည့် အန်ဂလာမာကယ်လ်အနေနှင့် ယခုတင်းမာမှုကြောင့် အခက်တွေ့ဖွယ်ရှိသည်။

အလားတူပင် နယ်သာလန်အစိုးရကလည်း ရော့တာဒမ်တွင် တူရကီနိုင်ငံခြားရေးဝန်ကြီး တက်ရောက်မည့် နိုင်ငံရေးဟောပြောပွဲများသည် မလိုလားအပ်ဟု ထုတ်ဖော်အသိပေးထားသည်။

တူရကီတွင် ဂျာမန်ဒီးဝဲ့လ်သတင်းဌာန သတင်းထောက် ယူဆယ်ကို ဖမ်းဆီးရာမှ ဘာလင်နှင့် အန်ကာရာအကြား တင်းမာမှု ကြီးထွားလာခြင်းဖြစ်သည်။

ယူဆယ်သည် PKK အဖွဲ့ဝင်နှင့် ဂျာမန်အေးဂျင့်ဖြစ်ပြီး ဂျာမန်သံရုံးတွင် တစ်လခန့် ပုန်းအောင်းနေခဲ့သည်ဟု သမ္မတအာဒိုဂန်က ပြောကြားထားသည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းစွပ်စွဲချက်သည် ယုတ္တိမတန်ဟု တုံ့ပြန်ခဲ့သည်။ ဂျာမန်တရားရေးဝန်ကြီး ဟိုက်ကိုမတ်စ်ကလည်း “ယူဆယ်အပေါ် တူရကီအာဏာပိုင်တို့၏ ပြုမူပုံသည် လွန်ကဲလွန်းပြီး ဥပဒေစိုးမိုးမှုကို ဘောင်ကျော်နေကြောင်းနှင့် ဥရောပတန်ဖိုးများကို မလေးစားပါက အီးယူနှင့် အလှမ်းကွာသွားမည်ဖြစ်ကြောင်း” သတိပေးကန့်ကွက်စာ ပေးပို့ခဲ့သည်။

တူရကီတွင် ၂၀၁၆ ဇူလိုင်လက မအောင်မြင်သော အာဏာသိမ်းပွဲအပြီး အာဒိုဂန်အစိုးရက အလွန်အကျွံ ဖြိုခွဲမှုများ ပြုလုပ်ခဲ့ရာ သတင်းထောက်များ၊ စာရေးဆရာများကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ယင်းကိစ္စကြောင့် ဂျာမနီသို့ တူရကီသံတမန်များစွာနှင့် စစ်ဘက်အရာရှိများ ထွက်ပြေးခိုလှုံခဲ့ကြခြင်းသည်လည်း နှစ်နိုင်ငံတင်းမာမှု အကြောင်းရင်းတစ်ခု ဖြစ်ခဲ့သည်။

■ F-04

**စာ - 20 စစ်အသုံးစရိတ် ၇ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲမည် . . . မှ အဆက်**

တိုးမြှင့်သုံးစွဲရန် တရုတ်နိုင်ငံပိုင် Global Times သတင်းစာတွင် ဖော်ပြထားသည်။

သို့သော်လည်း စစ်အသုံးစရိတ်ကို စုစုပေါင်း ပြည်တွင်းထုတ်ကုန် ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းအထိ အသုံးပြုသွားမည်ဟု တရုတ်ပါလီမန် ပြောရေးဆိုခွင့်ရှိသူ ဖူယင်က ထုတ်ပြန်ထားကာ စစ်အသုံးစရိတ်ဆိုင်ရာ အသေးစိတ်ကိန်းဂဏန်းများကို တရုတ်ပါလီမန် စတင်မည့် တနင်္ဂနွေနေ့တွင် ထုတ်ပြန်မည်ဖြစ်သည်။

အမေရိကန်အုပ်ချုပ်ရေးအဖွဲ့သစ်နှင့်ပတ်သက်၍ အခြေအနေကို စောင့်ကြည့်သည့်သဘောကိုသာ တရုတ်က ကျင့်သုံးလျက်ရှိသည်ကို တရုတ်စစ်သုံးစရိတ် တိုးတက်မှုနှေးကွေးလာခြင်းက ဖော်ပြလျက်ရှိကြောင်း ဂျပန်နိုင်ငံ တာကူရှိုကူတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး ပါမောက္ခ တကာရှိကဝါကမီက ပြောကြားသွားသည်။

ယခုနှစ်တွင် စစ်အသုံးစရိတ်ကို ၇ ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲလျှင်ပင် တရုတ်စစ်အသုံးစရိတ်သည် အမေရိကန် အသုံးစရိတ်၏ လေးပုံတစ်ပုံထိသာရှိမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် တရုတ်စစ်အသုံးစရိတ်သည် ဒေါ်လာ ၁၃၈ ဒသမ ၄ ဘီလီယံသာရှိသော်လည်း စစ်ရေးသုတေသနစရိတ်များ၊ အခြားသော ရင်းနှီးမြှုပ်နှံမှုများ မပါကြောင်း သံတမန် သတင်းရင်းမြစ်များက မှတ်ချက်ပြုထားသည်။ ■F-05

# အီရတ်ရှိ မိုဆူးလ်မြို့သိမ်းတိုက်ပွဲတွင် ဓာတုလက်နက်များ ပထမဆုံးအသုံးပြုတိုက်ခိုက်ဟုဆို

**မိုဆူးလ်၊ မတ် ၄**

အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ IS အကြမ်းဖက်အုပ်စု၏ အမာခံတပ်စခန်းများကို သိမ်းယူရန် ထိုးစစ်ဆင်သည့် တိုက်ပွဲတွင် ဓာတုလက်နက်များ ပထမဆုံးအကြိမ်အဖြစ် အသုံးပြုသည့် အနေအထားမျိုးတွေ့ရှိရပြီး ယင်းလက်နက်ကြောင့် အရပ်သား ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့(ICRC)မှ ဆရာဝန်တစ်ဦး၏ ပြောကြားချက်ကို BBC သတင်းဌာနက ရေးသားဖော်ပြသည်။

အီရတ်တွင် အခြေစိုက်သော ICRC မှ ဆရာဝန်တစ်ဦးဖြစ်သူက မိုဆူးလ်မြို့သိမ်းတိုက်ပွဲ ဖြစ်ပွားရာ၌ ဓာတုလက်နက်များ အသုံးပြုမှုရှိခဲ့ကြောင်း အတည်ပြုပြောကြားထားသည်။

အဆိုပါ ဓာတုလက်နက်ကြောင့် ၁၁ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးမှာ အသက်ရှူရန်ခက်ခဲသည့်ဝေဒနာနှင့် အရေပြားထိခိုက်မှုဝေဒနာ ခံစားခဲ့ရသလို တစ်လသားအရွယ် ကလေးငယ်တစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ဆိုသည်။

မည်သည့်ဓာတုအဆိပ်မျိုးကို အသုံးပြုခဲ့သည်ဟူသောအချက်ကို မသိရသေးသော်လည်း ဓာတုတိုက်ခိုက်ခံရမှုနှင့်ဆိုင်သော ကုထုံးဖြင့် ကုသပေးလျက်ရှိသည်ဟု ၎င်းကပြောကြားသည်။

ICRC ၏ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ဒါရိုက်တာ ရောဘတ်မာဒီနီက ဒဏ်ရာရသူများ၏ ရောဂါလက္ခဏာများကို ကြည့်လျှင် ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခံရသည်မှာ ထင်ရှားကြောင်း၊ မျက်လုံးများနီရဲခြင်း၊ အော့အန်ခြင်း၊ ချောင်းဆိုးခြင်း၊ အရေကြည်ဖုများထွက်ခြင်း စသည်လက္ခဏာများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ယင်းသို့ ဓာတုလက်နက်များ အသုံးပြုမှုသည် နိုင်ငံတကာဥပဒေအရ တားမြစ်ပိတ်ပင်ထားသည်။

ယခုမိုဆူးလ် မြို့သိမ်းတိုက်ပွဲတွင် ဓာတုလက်နက်ဖြင့် မည်သည့်အုပ်စုက အသုံးပြုတိုက်ခိုက်သည်ကို မသိရသေးသော်လည်း မိုဆူးလ်ရှိ IS အုပ်စုများဘက်က ပစ်ခတ်လိုက်သော မော်တာများ ကျရောက်ပေါက်ကွဲပြီးနောက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

IS အုပ်စုသည် အီရတ်နှင့် အိမ်နီးချင်းဆီးရီးယားရှိ နယ်မြေများကို သိမ်းပိုက်ရယူထားစဉ်ကာလအတွင်း ဓာတုလက်နက်များ တပ်ဆင်ထုတ်လုပ်နေသည်ဟု သံသယရှိခြင်းခံခဲ့ရသော အကြမ်းဖက်အုပ်စုဖြစ်သည်။

ယခုလို ဓာတုလက်နက်တိုက်ခိုက်ခံရမှုကြောင့် ဖြစ်ပေါ်လာမည့် ရောဂါဝေဒနာများ ကုသနိုင်ရေးအတွက် ICRC အဖွဲ့နှင့်အတူ လက်တွဲလုပ်ဆောင်လျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က သတင်းထုတ်ပြန်သည်။

■ F-01




ဓာတုလက်နက်ကို IS အုပ်စုသာ အသုံးပြုနေခြင်းဖြစ်သည်ဟု အီရတ်နှင့် အမေရိကန်အရာရှိကြီးများက ယခင်ကတည်းက စွပ်စွဲပြောဆိုခဲ့ကြသည်

# ပူးပေါင်းကြံစည်မှု၏ တရားခံဖြစ်ခဲ့ဟု မလေးရှားတွင် အဖမ်းခံရသူ မြောက်ကိုရီးယားနိုင်ငံသား ပြောကြား



ရီဂျောင်ချွား(အလယ်)ကို သတင်းထောက်များ ဝိုင်းဝန်းမေးမြန်းနေစဉ်

**ပြုံယမ်း၊ မတ် ၄**

ကင်ဂျုံနမ် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ မလေးရှားတွင် ဖမ်းဆီးထိန်းသိမ်းခံလိုက်ရပြီးနောက် ပြည်တွင်းမှ နှင်ထုတ်ခံခဲ့ရသူ မြောက်ကိုရီးယားနိုင်ငံသားက ၎င်းသည် မလေးရှားအာဏာပိုင်များ၏ လျှို့ဝှက်ပူးပေါင်းကြံစည်မှုကြီး၏ သားကောင်ဖြစ်ခဲ့ရသည်ဟု ထုတ်ဖော်ပြောဆိုကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

ကင်ဂျုံနမ် လုပ်ကြံခံရမှုပြီးနောက် မိမိကို ဖမ်းဆီးထိန်းသိမ်းခဲ့မှုသည် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် စီစဉ်မှုတစ်ရပ်ဖြစ်သည်ဟု မလေးရှားမှ နှင်ထုတ်ခံခဲ့ရသူ မြောက်ကိုရီးယားလူမျိုး ရီဂျောင်ချွားက ပြောကြားသည်။

ရီဂျောင်ချွားသည် မလေးရှားမှ နှင်ထုတ်ခံလိုက်ရပြီးနောက် တရုတ်နိုင်ငံ ဘေဂျင်းမြို့ရှိ မြောက်ကိုရီးယားသံရုံးအပြင်ဘက်တွင် အထက်ပါအတိုင်း ဖွင့်ဟပြောဆိုခြင်းဖြစ်သည်။

ကင်ဂျုံနမ် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ရီဂျောင်ချွားကို မလေးရှားအာဏာပိုင်များက ဖမ်းဆီးစစ်ဆေးခဲ့သော်လည်း သက်သေအထောက်အထား ခိုင်ခိုင်မာမာ မတွေ့ရသောကြောင့် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

စနေနေ့ နံနက်ပိုင်းက မြို့တော်ဘေဂျင်းရှိ မြောက်ကိုရီးယားသံရုံးရှေ့တွင် သတင်းထောက်များနှင့်တွေ့ဆုံရာ၌ မလေးရှား စုံစမ်းစစ်ဆေးရေးအရာရှိများသည် အပြစ်ရှိကြောင်းဝန်ခံလာအောင် ဖိအားပေးသည့် နည်းလမ်းများ အသုံးပြုခဲ့သည်ဟု ရီဂျောင်ချွားက ဆိုသည်။

"တကယ်လို့ ကျွန်တော်အားလုံးကိုလက်ခံလိုက်မယ်ဆိုရင် မလေးရှားမှာ ကောင်းကောင်းမွန်မွန်နေထိုင်နိုင်အောင် သူတို့စီစဉ်ပေးကြလိမ့်မယ်။ ဒါဟာ ထောင်ချောက်တစ်ခုဖြစ်မယ်လို့ ကျွန်တော်သိလိုက်တယ်။ တကယ်တော့ ဒါဟာ ကျွန်တော့်တိုင်းပြည်ရဲ့ ဂုဏ်သတင်းကို ကျဆင်းသွားအောင်လုပ်မယ့် ထောင်ချောက်တစ်ခုပါပဲ" ဟု ၎င်းက ပြောကြားသည်။

ရီဂျောင်ချွားက မိမိသည် ဓာတုဗေဒပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်ဟူသောအချက်ကို မလေးရှား စုံစမ်းစစ်ဆေးရေးအရာရှိများ သိရှိအောင် ပြောဆိုခဲ့ကြောင်း၊ သို့သော် မိမိသည် ဆပ်ပြာပြုလုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ မလေးရှားနိုင်ငံသို့ တင်သွင်းသည့်အလုပ်ကို လုပ်ကိုင်သူဖြစ်ကြောင်း ပြောကြားသည်။

ရီဂျောင်ချွားက ကင်ဂျုံနမ် လုပ်ကြံခံရသည့်နေ့တွင် ကွာလာလမ်ပူလေဆိပ်၌ မရှိခဲ့ကြောင်း မလေးရှားအာဏာပိုင်များကို ပြောဆိုခဲ့သည်။

၎င်းသည် ကင်ဂျုံနမ်လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ဆက်နွယ်၍ ဖမ်းဆီးခံရသည့် တစ်ဦးတည်းသော မြောက်ကိုရီးယားနိုင်ငံသားလည်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ မလေးရှားအာဏာပိုင်များသည် ယင်းအမှုနှင့်ပတ်သက်၍ မြောက်ကိုရီးယားလူမျိုးအတော်များများကို စုံစမ်းမေးမြန်းနိုင်ရန် ကြိုးပမ်းလျက်ရှိဆဲပင်ဖြစ်သည်။

■ F-01

# ဂျူးအဖွဲ့အစည်းများကိုဗုံးခွဲရန် ခြိမ်းခြောက်သူကို FBI ဖမ်းဆီး

**ဝါရှင်တန်၊ မတ် ၄**

ဂျူးလူမှုအဖွဲ့အစည်းများ၊ ကျောင်းများ၊ ဂျူးအခွင့်အရေးလှုပ်ရှားသည့် အဖွဲ့များ ရှစ်ခုထက်မနည်း ဗုံးခွဲမည်ဟု ခြိမ်းခြောက်ခဲ့သူအား FBI က မတ်လ ၃ ရက်နေ့တွင် ဖမ်းဆီးခဲ့ကြောင်း VOA သတင်းက ဖော်ပြသည်။

မစ်ဆိုရီပြည်နယ် စိန့်လူဝီမှ အသက် ၃၁ နှစ်အရွယ် ဟွမ်သွမ်ပဆင်ဆိုသူသည် သူ၏ချစ်သူဟောင်း မိန်းကလေးဒုက္ခရောက်စေရန်ရည်ရွယ်ပြီး ခြိမ်းခြောက်ခေါ်ဆိုမှုများ ပြုလုပ်ခဲ့သည်ဟု တရားရေးဌာနက စွပ်စွဲထားသည်။

သွမ်ပဆင်သည် သူ့ချစ်သူဟောင်း မိန်းကလေး၏အမည်ကိုသုံးပြီး ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သလို သူ့နာမည်သူသုံး၍လည်း အဆိုပါမိန်းကလေးကသူ့ကိုအမှုဆင်ဟန်ဖြင့် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်ဟုတရားရေးဌာနက ထုတ်ပြန်သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း နိုင်ငံတစ်ဝန်းရှိ ဂျူးအဖွဲ့အစည်း ၁၀၀ ကျော် ခြိမ်းခြောက်ခံခဲ့ရသည့် ဖြစ်စဉ်တွင် သွမ်ပဆင်၏ခြိမ်းခြောက်မှုများလည်း အပါအဝင်ဖြစ်ခဲ့သည်။

ယင်းခြိမ်းခြောက်မှုများကြောင့် စင်တာအများအပြားတွင် အရေးပေါ်ရွှေ့ပြောင်းကယ်ထုတ်မှုများ ပြုလုပ်ခဲ့ရသလိုအမေရိကန်ရှိ ဂျူးအသိုင်းအဝိုင်းအတွင်းတွင်လည်း စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

သွမ်ပဆင်သည် အခြားသောခြိမ်းခြောက်မှုများနှင့် အဆက်အစပ်ရှိ၊ မရှိကိုမူ အတိအကျ မသိရသေးပေ။ ဗုံးခွဲမည်ဟု ခြိမ်းခြောက်မှုများအပြင် ပြီးခဲ့သည့်နှစ်ပတ်အတွင်း ဂျူးသင်္ချိုင်းနှစ်ခုမှာလည်း လုယက်ဖျက်ဆီးခံခဲ့ရသည်။

ကမ္ပည်းကျောက်စာတိုင် ရာနှင့်ချီ ဖျက်ဆီးခံခဲ့ရပြီး ၁၈၀၀ ပြည့်နှစ်များက ကျောက်စာတိုင်အချို့ပါ ပျက်စီးသွားခဲ့သည်။

ယင်းသင်္ချိုင်းနှစ်ခုအနက် တစ်ခုမှာ စိန့်လူဝီတွင် တည်ရှိရာယင်းဖြစ်စဉ်များနှင့် ဆက်စပ်မှုရှိ၊ မရှိကိုပါ သွမ်ပဆင်ကို စစ်မေးခဲ့သော်လည်း ပတ်သက်မှုရှိသည်ဟု ရဲဘက်က စွပ်စွဲထားခြင်းမရှိသေးပေ။

■ F-03




# လျော်ကြေးရရေး တရုတ်ရွာသားများ အစုအပြုံလိုက် ကွာရှင်းရန် စီစဉ်

**ရှန်ကျန်း၊ မတ် ၄**



တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ရွာတစ်ရွာတွင် နေအိမ်များ ဖျက်သိမ်းခံရပြီးနောက် လျော်ကြေး ပိုမိုရရှိရန်အတွက် လင်မယားစုံတွဲ ၁၆၀ ခန့်က ကွာရှင်းပြတ်စဲရန် ဆုံးဖြတ်ခဲ့ကြသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ကျန်စုပြည်နယ်ရှိ ကျန်ဘေးရွာသည် အဆင့်မြင့်နည်းပညာဇုန် စီမံကိန်းအတွက် လမ်းပေးရန် ဖယ်ရှားပေးရခြင်းဖြစ်သည်။

ရွာသားများက ကွာရှင်းပြတ်စဲပြီး တစ်ကိုယ်ရေ တစ်ကာယသမားအနေနှင့် လျော်ကြေးတောင်းပါက အိမ်သစ်နှစ်လုံးနှင့် ဒေါ်လာ ၁၉၀၀၀ အပိုရရှိနိုင်မည့်နည်းကို တွေ့ရှိသွားကြပြီဖြစ်သည်။

အချို့မှာ အသက် ၈၀ ကျော်ပြီဖြစ်ပြီး အများစုက living together ဆက်လက်နေထိုင်သွားကြမည်ဟု ပြောကြားသည်။

ရွာသားများမှာ အဆိုပါနေရာတွင် မျိုးဆက်နှင့်ချီ၍ နေထိုင်ခဲ့သူများဖြစ်သော်လည်း ရွေးချယ်စရာ မရှိဘဲ အစိုးရတည်ဆောက်ပေးသည့် အိမ်ရာသစ်သို့ ရွှေ့ပြောင်းပေးရမည်ဖြစ်ပြီး ၄၅ ပေပတ်လည်မြေနှင့် အိမ်သစ်တစ်လုံးစီ ရရှိမည်ဟု မျှော်လင့်ရသည်။

သို့ရာတွင် ရွာသားများက နို့တစ်စာကို အသေးစိတ်ဖတ်ကြည့်ပြီးနောက် ၎င်းတို့ ကွာရှင်းလိုက်ပါက ၂၅ ပေပတ်လည် မြေအပိုနှင့် လျော်ကြေးပိုက်ဆံအပို ရရှိနိုင်ကြောင်း သိရှိသွားကြသည်။

အချို့က နောက်ရက်တွင် ပြန်လည်လက်ထပ်ရန် မျှော်မှန်းလျက်ရှိသည်ဟု ဆိုသည်။

"လူတိုင်း ဒီလိုပဲ လုပ်နေကြတယ်။ တခြားကိစ္စ နောက်မှပဲ စဉ်းစားမယ်" ဟု ရွာသားတစ်ဦးက နန်ဂျင်းနံနက်ခင်းသတင်းသို့ ပြောကြားသည်။

ကွာရှင်းထားသူများ အမှန်တကယ် လျော်ကြေး ပိုရသလားဆိုသည်ကိုမူ တိတိကျကျ မသိရသေးပေ။ တာဝန်ရှိသူများကမူ အစီအစဉ်တွင် ဟာကွက်ရှိနေသည်ကို သိရှိသော်လည်း ပြင်ဆင်ခြင်း ပြု၊ မပြုကို မသိရသေးဟု ပြောကြားသည်။

ကျန်စုပြည်နယ် မြို့တော် နန်ကျင်းတွင် အလားတူဖြစ်ရပ်မျိုးဖြစ်ခဲ့ဖူးသည်ဟု တရုတ်နေ့စဉ်သတင်းစာက ဖော်ပြထားသည်။

■ F-04



# ဆာ ရော့ကို ဖိုတေ

## (Sir Rocco Forte)

### "ကိုယ့်အားနည်းချက်ကို ကိုယ်နားလည်ဖို့ အရေးကြီးတယ်"
### "စီးပွားရေးအကျပ်အတည်းတွေဖြစ်လာလို့ ဖြတ်တောက်လျှော့ချလာချိန်မှာ လူတွေက လှုပ်လှုပ်ရှရှ ဖြစ်လာကြတော့တာပဲ"

ဆာ ရော့ကို ဖိုတေက အထက်ပါစကားကို ပြောဆိုသွားခြင်းဖြစ်သည်။ သူသည် ဇိမ်ခံဟိုတယ်ကုမ္ပဏီ လုပ်ငန်းကြီးကို ပိုင်ဆိုင်သူဖြစ်ပြီး Rocco Forte Hotels လုပ်ငန်းစု၏ အကြီးအကဲ၊ ဥက္ကဋ္ဌတာဝန်ကို ယူထားရသူတစ်ဦးလည်းဖြစ်သည်။ သူက -

"လူတွေက သူတို့လုပ်ငန်းကြီးတစ်ခုလုံး ပျက်စီးသွားမှာကို ကြည့်မြင်တတ်ကြတာမဟုတ်ဘူး။ စက်တင်ဘာ ၁၁ ပြဿနာကြီး ပေါ်ပေါက်ပြီးတဲ့နောက် အမေရိကန်တွေ ကျွန်တော်တို့ဆီမှာ တည်းခိုဖို့ ကြိုတင်စာရင်းပေးတာတွေ လျော့ကျသွားတယ်။ ကျွန်တော်တို့ အသုံးစရိတ်တွေ ဖြတ်တောက်လျှော့ချတာထက် ဝင်ငွေတွေကို ဘယ်လိုနည်းတွေနဲ့ ရအောင်ထပ်ရှာရမလဲဆိုတာ ရှာကြံပြီး လုပ်ခဲ့ကြရတယ်။ တစ်နှစ်ကို လုပ်ငန်း ၅ ရာခိုင်နှုန်းစီ တိုးတက်လာအောင် ကျွန်တော်တို့ စီမံလုပ်ကိုင်နိုင်ခဲ့တယ်"

ဆာ ရော့ကို အား ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် သူကောင်းပြုသည့်အနေနှင့် ဗြိတိန်က Knight Bachelor ဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ဗြိတိန်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်သောကြောင့်ဖြစ်သည်။

ဖိုတေသည် Forte Group ၏အမွေကို CEO အဖြစ် ၁၉၉၂ ခုနှစ်တွင် ဖခင်ဖြစ်သူ လော့ဒ် ဖိုတေထံမှ လွှဲပြောင်းဆက်ခံကတည်းက ဟိုတယ်လုပ်ငန်းကြီးကို ဦးဆောင်ကာ တိုးတက်ဖွံ့ဖြိုးစေရန် လုပ်ဆောင်နိုင်ခဲ့သူတစ်ဦးဖြစ်သည်။ ယခုအခါ အသက် ၇၀ ကျော်နေပြီဖြစ်သော ဖိုတေသည် စတာလင်ပေါင် သန်း ၄၅၀ ခန့် ချမ်းသာကြွယ်ဝသူတစ်ဦး ဖြစ်နေပြီ။

ဆာဖိုတေကို သုံးမျိုး (ရေကူး၊ စက်ဘီး၊ အပြေး) ပြိုင်ပွဲကို စိတ်ပါဝင်စားသူတစ်ဦးအဖြစ်လည်း လူတိုင်းသိကြသည်။ ဗြိတိန်တွင် ကျင်းပသည့် သက်ကြီးပိုင်း သုံးမျိုးပြိုင်ပွဲတွင် ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၇ ခုနှစ်များ၌ ကမ္ဘာ့ထရိုင်သလွန် ချန်ပီယံဆုများကို ဆွတ်ခူးရရှိခဲ့ဖူးသည်။ ၂၀၀၅ ခုနှစ် ဇူလိုင်လက ဩစတြေးလျနိုင်ငံတွင် ကျင်းပသည့် သံမဏိအမျိုးသား အခက်အခဲပြိုင်ပွဲ (ရေကူး ၂ ဒသမ ၄ မိုင်၊ စက်ဘီးစီး ၁၁၂ မိုင်၊ မာရသွန် အပြေး) တွင် ၁၁ နာရီ၊ မိနစ် ၄၀ စံချိန်ယူနိုင်ခဲ့သည်။

သူက အားကစားလိုက်စားပြီး ဤကဲ့သို့သော အခက်အခဲကစားနည်းများကို လုပ်ဆောင်ရခြင်းမှာ မိမိကိုယ်မိမိ ကျေနပ်အားထားတန်ဖိုးရှိသူတစ်ဦးဖြစ်သည်ဆိုသော ဖြေသိမ့်မှုတစ်ခုကို ရယူခြင်းဟု ထင်မှတ်ထားသူတစ်ဦးဖြစ်သည်။

"လွယ်တဲ့အလုပ်တွေကို လိုက်လုပ်နေရတာ လွယ်ပါတယ်။ လုပ်ငန်းတွေမှာလည်း ဒီလို လွယ်လွယ်တွေ လိုက်လုပ်နေရတာ ရေတိုတော့ ကောင်းတာပေါ့" ဟု သူက သုံးသပ်ပြသည်။

ရော့ကိုက စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲဆိုသည့် ရှင်းလင်းသော အမြင်ရှိရန်လိုကြောင်း၊ ထိုသို့ အမြင်ရှင်းရှင်းလင်းလင်းရှိမှ ကိုယ်လုပ်မည့်အလုပ်နှင့် ချိတ်ဆက်မိနိုင်မည်ဟု ဆိုသည်။

"လုပ်ငန်းတစ်ခု လုပ်တော့မယ်ဆိုရင် ငွေကြေးဆိုင်ရာ ဆန်းစစ်အကဲဖြတ်နိုင်မှုက အရေးကြီးတယ်။ ဒီလို ဆန်းစစ် ပိုင်းဖြတ်နိုင်မှ ရှေ့ဆက်ပြီး အလွယ်တကူကျော်ဖြတ်နိုင်မှာဖြစ်တယ်"

"စိတ်ကူးယဉ်ပြီး ဖြစ်နိုင်တယ်ဆိုတာလောက်နဲ့ လုပ်လို့မရဘူး။ လက်ရှိဖြစ်နေတဲ့ စီးပွားရေးအနေအထားတွေကို သုံးသပ်ဆုံးဖြတ်ပြီးမှ လုပ်သင့်တယ်။ လူတွေက အခြေအနေမှန်ကို မသုံးသပ်နိုင်ကြတာများတယ်"

သူက စီးပွားရေးလုပ်ငန်းများတွင် လူတွေလုပ်ခဲ့သည့် အမှားများစွာကို ပြောသည်။ ယင်းအထဲတွင် လုံလောက်သည့် သုတေသနကို ခိုင်မာစွာ မလုပ်သည့်အတွက် မှားခဲ့ရမှုများကိုလည်း ထောက်ပြသည်။

"ကိုယ့် အားနည်းချက်ကို ကိုယ်နားလည်ဖို့ အရေးကြီးတယ်။ ကိုယ်က မလုပ်နိုင်ရင် လုပ်နိုင်တဲ့သူနဲ့ အစားထိုးနိုင်ဖို့လိုတယ်။ ကုမ္ပဏီထောင်နေတဲ့သူတွေအများစုရဲ့ ဒုက္ခက ဈေးကြီးတဲ့ ဝန်ထမ်းတွေခန့်ထားပေမယ့် အဲဒီဝန်ထမ်းတွေက အသေးအမွှားတွေ လိုက်လုပ်နေတာပဲ"

ဆာ ရော့ကိုသည် သူပိုင်သည့် ဟိုတယ်ကြီးတိုင်းကို ကိုယ်တိုင်လှည့်လည်ကြည့်ရှုလေ့ရှိသည်။ သူက ဝန်ထမ်းတိုင်းလိုလိုကို တွေ့ဆုံပြီး သူဖြစ်ချင် သူလုပ်စေချင်သည်များကို တိတိကျကျ လိုက်လံညွှန်ကြားတတ်သည်။

"ဟိုတယ်သစ်တစ်ခု ဖွင့်တယ်ဆိုရင် ကျွန်တော်က ဝန်ထမ်းအားလုံးကိုခေါ်ပြီးတော့ ညစာစားပွဲလုပ်တယ်။ အဲဒီပွဲမှာ ကျွန်တော် စကားနည်းနည်းပြောတယ်။ သူတို့ကို စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ဒဿနလေးတွေ ပြောပြတယ်။ သူတို့အတွက် တွန်းအားဖြစ်စေမယ့် စကားတွေပြောရတယ်"

"ကျွန်တော် အောင်မြင်လာရတာက ဆုံးဖြတ်ချက်မှန်လို့ပဲ။ ကျွန်တော်က လွယ်လွယ်နဲ့ ပြန်ဖြေတာတွေကို ဘယ်တော့မှ လက်မခံဘူး။ ကျွန်တော့်အဖေလည်း အောင်မြင်ခဲ့တယ်။ ဒါပေမဲ့ သူဘယ်တော့မှ လူတော မတိုးဘူး။ ဒါနဲ့ပတ်သက်ပြီး ဘာမှပြောစရာမရှိဘူး"

ဖိုတေသည် ၁၉၈၆ ခုနှစ်တွင် မာရီယာ ရစ်စီဆိုသူနှင့် လက်ထပ်ခဲ့သည်။ အသက် ၄၀ ကျော်မှ အသက် ၂၁ နှစ်အရွယ် အီတလီသူလေးကို လက်ထပ်ခဲ့ခြင်းဖြစ်သည်။ မာရီယာသည် ထင်ရှားသည့် ရောမက ပါမောက္ခ ဆရာဝန်ကြီး ဂျီအော်ဗန်နီ ရစ်စီ၏ သမီးဖြစ်သည်။ ယခုအခါ သူတို့တွင် သားသမီးသုံးဦးထွန်းကားနေပြီး သားသမီးများကလည်း ဖခင်၏လုပ်ငန်းများကို ဆက်ခံရန် လုပ်ငန်းထဲတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်။

ဖိုတေက ထရိုင်သလွန် ပြိုင်ပွဲတစ်ခုတွင် ပြောသွားသည့် စကားတစ်ခွန်းရှိသည်။

"ပြိုင်ပွဲက ကျွန်တော့်ကို စိတ်ကျေနပ်နှစ်သိမ့်မှုပေးတယ်။ ကျွန်တော့် လုပ်ငန်းအတွက် စိတ်ကူးအားတွေ ဖြစ်စေတယ်။ ဒါ့အပြင် ကျွန်တော့်ကို ကျန်းမာကြံ့ခိုင်စေပြီး အင်အားတွေလည်း ပိုဖြစ်စေတယ်။ ပြိုင်ပွဲတစ်နှစ်ပြီးသွားပေမယ့် နောက်တစ်နှစ် ငါပြိုင်ရဦးမှာပါလားဆိုတဲ့ စိတ်ကိုဖြစ်စေတယ်။ ကျွန်တော် ဆက်ပြီးတော့ လေ့ကျင့်နေရဦးမယ်" ■

# ပုန်းရည်ကြီးဘဲဥ

ပုန်းရည်ကြီးကို အမျိုးမျိုးလုပ်စားကြတယ်၊ တချို့ကလည်း ဝက်သားနဲ့ ချက်စားကြသလို တချို့ကလည်း ပုန်းရည်ကြီးကို ကြက်သွန်နီနဲ့ သုပ်စားကြတာတွေရှိတယ်။ ဒီတစ်ပတ်တော့ ကိုယ့်ရဲ့အိမ်မှာပဲ အလွယ်တကူချက်စားနိုင်မယ့် ပုန်းရည်ကြီးဘဲဥချက်နည်းကို ပြောပြချင်တယ်။



အရင်ဆုံး ဘဲဥကို ရေဆေးပြီး ဒယ်အိုးတစ်လုံးထဲမှာ ရေနဲ့ ဘဲဥကို ရောပြုတ်ပေးပါ။ ဘဲဥကိုခွာရတာ ကောင်းအောင် ဆားအနည်းငယ်ထည့်ပြီး ပြုတ်ပေးပါ။ ရေပွက်ပွက်ဆူလာရင်တော့ ဘဲဥကိုဆယ်ပေးပြီး အခွံတွေ ခွာပေးပါ။ ပြီးရင်တော့ ဘဲဥကို ဓားနဲ့မွန်းပေးပြီး အရသာအတွက် ဆား၊ ဝေ့ချမ်ဟင်းရွက်ဟင်းချိုမှုန့်တို့နဲ့ နယ်ပေးပါ။ ဒယ်အိုးတစ်လုံးနဲ့ ဆီအနည်းငယ်ထည့်ပြီး ခုနအရသာနယ်ထားတဲ့ ဘဲဥကို ကြော်ပေးပါ။ ပြီးရင် ပန်းကန်တစ်ချပ်နဲ့ ဘဲဥကို ဖယ်ထားပါ။ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကိုပါးပါးလှီးပြီး ငရုတ်ဆုံထဲမှာ ခုနလှီးထားတာတွေနဲ့ ငရုတ်သီးမှုန့်တို့ကို ရောထောင်းပေးပါ။ ပြီးရင်တော့ ဒယ်အိုးတစ်လုံးမှာ ဆီအနည်းငယ်ထည့်ပြီး ခုနလှီးထားတွေကို ရောဆီသတ်ပေးပါ။ ဆီမွှေးလာရင်တော့ အသင့်ဝယ်လို့ရတဲ့ ပုန်းရည်ကြီးကိုထည့်ပြီး ရေအနည်းငယ်ထပ်ထည့်ကာ ချက်ပေးပါ။ ပုန်းရည်ကြီး ပွက်ပွက်ဆူလာရင်တော့ အရသာနယ်ထားတဲ့ ဘဲဥတို့ကို ထပ်ချက်ပေးပါ။ ဘဲဥအသား ခပ်မာမာ စားချင်ရင်တော့ ရေအနည်းငယ် ထပ်ထည့်ပြီးချက်လိုက်တာနဲ့ ကိုယ်တိုင်ချက်ထားတဲ့ ပုန်းရည်ကြီးဘဲဥဟင်း စားနိုင်ပါပြီ။

## ပါဝင်ပစ္စည်း

ဘဲဥ၊ ပုန်းရည်ကြီး၊ ဆီ၊ ဆား၊ ဝေ့ချမ်ဟင်းရွက်ဟင်းချိုမှုန့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ငရုတ်သီးမှုန့်တို့ ပါဝင်ပါတယ်။




# Photo Essay

# ကျိုင်းတုံ စော်ဘွားဈေး

ဓာတ်ပုံ - ရန်နိုင်

**ရှမ်း** စော်ဘွားများအစဉ်အဆက်အုပ်ချုပ်ခဲ့တဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့က စော်ဘွားဈေးနေ့မြင်ကွင်းတွေကို ဖော်ပြပေးလိုက်ပါတယ်။



★ စော်ဘွားဈေးအနီးမှာရှိတဲ့ စော်ဘွားများနဲ့ဆွေတော်မျိုးတော်များ သင်္ချိုင်းဂူက စော်ဘွားဈေးနေ့ရောက်မှဖွင့်တဲ့အတွက် ဒေသခံတွေဟာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတွေနဲ့ ပူဇော်ကန်တော့ခွင့်ရကြပါတယ်။



★ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ တစ်ခုတည်းသာကျန်ရှိတော့တဲ့ ရှေးဟောင်းမြို့အဝင်တံခါးမကြီး အပါအဝင် အလှမယ်၊ အလှမောင်တွေနဲ့ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်မယ့် နေရာတွေကိုလည်း မြို့မ မြို့ဖတွေက ၂၀၁၆ ခုနှစ်ကစပြီး စီစဉ်ပေးထားပါသေးတယ်။



★ တစ်နှစ်မှာ တစ်ရက်၊ တစ်ရက်မှာ တစ်မနက်သာ ကျင်းပတဲ့ စော်ဘွားဈေးနေ့မှာ ဈေးဝယ်ထွက်ရင် ကျန်းမာရေးကောင်းပြီး စိုက်ပျိုးသီးနှံတွေဖြစ်ထွန်းအောင်မြင်တယ်လို့ ယုံကြည်ကြတဲ့အတွက် အိပ်ရာထဲလဲနေတဲ့ နာတာရှည်လူနာတွေကလွဲရင် သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေအပြင် နိုင်ငံခြားသားခရီးသွားတွေပါ လာရောက်ဝယ်ယူတတ်ကြပါတယ်။



★ ဒေသထွက်စိုက်ပျိုးရေးနဲ့လက်မှုပစ္စည်းများရောင်းချကြသလို အိမ်နီးချင်း ထိုင်းနဲ့တရုတ်တို့က တင်သွင်းတဲ့ ပန်းမျိုးစုံကိုပါ ရောင်းချကြပါတယ်။



★ ကျိုင်းတုံမြို့ဆိုတာကလည်း အိမ်နီးချင်းတွေဖြစ်တဲ့ တရုတ်၊ ထိုင်းနိုင်ငံတို့နဲ့ထိစပ်နေတဲ့အတွက် တရုတ်နိုင်ငံသုံးယွမ်ငွေ၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေတွေကို မြန်မာကျပ်ငွေနဲ့ လဲလှယ်ပေးနေတဲ့ဆိုင်တွေကိုလည်း တွေ့ရမှာပါ။



★ ကျိုင်းတုံစော်ဘွားကြီးစဝ်စစ်ပန်းတူ(ခ)သတ္တပန္နရာဇာလက်ထက် အေဒီ-၁၃၆၈ ခုနှစ်က ဈေးအဖြစ်သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ စော်ဘွားကို သူ့ရဲ့အထိန်းတော် သတ်လိုက်တဲ့ ၁၃၈၇ နှစ် နောက်ပိုင်းမှ ဈေးနေ့ကျင်းပနိုင်ခဲ့တာကြောင့် အခုချိန်မှာဆိုရင် ၆၂၈ နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။ နှစ်စဉ်တပေါင်းလဆုတ်(မရက်ကျတဲ့နေ့နဲ့ ) ကတ်တောင်ဈေးနေ့နဲ့ တိုက်ဆိုင်တဲ့နေ့မှာ စော်ဘွားဈေးနေ့အဖြစ် ကျင်းပကြတာဖြစ်ပါတယ်။





★ ဈေးရောင်းချမယ့်သူတွေဟာ စော်ဘွားဈေးမကျင်းပခင် တစ်လခန့်အလိုကတည်းက ရှေးဟောင်းမြို့အဝင် ပါလျှံတံခါးမနဲ့ ဈေးဟောင်းနေရာကို ဗဟိုပြုပြီး မိန်းလမ်းမကြီးတွေနဲ့ လမ်းသွယ်တွေမှာ နေရာဦးထားတာကြောင့် ဈေးနေ့မှာဆိုရင် ဈေးသည်တွေနဲ့ ဈေးဝယ်သူတွေ ပြည့်နေတတ်ပါတယ်။



★ စော်ဘွားဈေးအနီးက အောင်မြေနတ်နန်းနဲ့စော်ဘွားသင်္ချိုင်းမှာ ဆုတောင်းမေတ္တာပို့ကြပြီး ဈေးသည်တွေနဲ့ ဈေးဝယ်သူတွေဟာ ကျေးငှက်တိရစ္ဆာန်တွေကိုလည်း ဘေးမဲ့လွှတ်ကြပါတယ်။

# သူတို့ဆီက ဒေါက်တာဘွဲ့အကြောင်း

မောင်ခေတ်



Liberty University

အမေရိကန်ပြည်ထောင်စုမှာတော့ ဒေါက်တာဘွဲ့ဆိုတာကို အမြင့်ဆုံးဘွဲ့တစ်ခုအနေနဲ့ သတ်မှတ်ထားကြတယ်။ သူတို့ ဒေါက်တာဘွဲ့ပေးတာ နှစ်မျိုးတွေ့ရတယ်။

- Research (Ph.D.) Programs
- Professional Doctorates

အများရင်းနှီးပြီးဖြစ်တာက Ph.D ဆိုတဲ့ ဒေါက်တာဘွဲ့မျိုးတွေပါ။ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းတစ်ခုခုနဲ့ ဆက်စပ်နေပြီးတော့ နယ်ပယ်တစ်ခုခုကို လက်ရှိအနေအထားထက် ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်သူ၊ သုတေသနပြုနိုင်သူလို့ သတ်မှတ်ပြီး ပေးအပ်ကြတဲ့ဘွဲ့ ဖြစ်ပါတယ်။ သူလေ့လာတတ်သိထားတာတွေကို ပညာရှင်က ကိုယ်တိုင်လည်း ထုတ်ဖော်တယ်၊ သူများက ပြန်ပြီးတော့ အဆင့်မြင့်ကာ လုပ်ဆောင်သွားနိုင်အောင် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နိုင်သူတွေ၊ ပညာရှင်တွေလို့ သတ်မှတ်ပြီးတော့ Ph.D ဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းလည်း ဖြစ်ပါတယ်။

Professional Doctorates ဆိုတဲ့ ဒေါက်တာဘွဲ့မျိုးကတော့ ကိုယ်သင်ထားတဲ့ ပညာရပ်မှာ ကိုယ်ဟာ ဘယ်လောက်ကျွမ်းကျင်စွာ တတ်မြောက်ပိုင်နိုင်ပြီး လုပ်ဆောင်နိုင်စွမ်းရှိတယ်ဆိုတာတာ ထုတ်ဖော်ပြနိုင်တဲ့သဘော ဖြစ်ပါတယ်။ သူတို့ကတော့ သူတို့ဘွဲ့နဲ့ သူတို့ အသက်မွေးဝမ်းကျောင်းကို ဆက်စပ်ထားတယ်။ သူတို့ဟာ လုပ်ငန်းခွင်နယ်ပယ်တွေထဲကို ဝင်ပြီးတော့ ကိုယ်သိထားတာတွေနဲ့ ပိုပြီးတီထွင်မှုတွေ လုပ်ဆောင်ပြကြရတယ်။ စွမ်းဆောင်မှုတွေ၊ အားထုတ်မှုတွေကို လုပ်ကြရတယ်။ လက်တွေ့ဘဝတွေမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို မိမိတို့တတ်ကျွမ်းထားတဲ့ ပညာရပ်တွေနဲ့ ဖြေရှင်းပေးနေကြတဲ့ ဒေါက်တာတွေလည်း ရှိတာပဲ။

ပညာရပ်ဆိုင်ရာကိစ္စတစ်ခုအတွက် တက္ကသိုလ်တွေ၊ သုတေသနဌာနတွေမှာ အချိန်ကုန်နေကြတဲ့ ဒေါက်တာတွေနဲ့ အသက်မွေးမှုဆိုင်ရာ လုပ်ငန်းခွင်တွေထဲမှာ ကျင်လည်နေကြတဲ့ ဒေါက်တာတွေ နှစ်ပိုင်းကွဲသွားတယ်။ ပညာရှင်တွေတော့ သုတေသနသက်သက် လုပ်နေတဲ့ ပညာရှင်တွေနဲ့ ငွေရှင် ကြေးရှင် လုပ်ငန်းရှင်ကြီးတွေအတွက် အလုပ်လုပ်ပေးနေသူတွေ ဆိုပြီးတော့ ကွဲသွားတယ်။

အမေရိကန်ပြည်ထောင်စုမှာ အများဆုံး ခေတ်စားလာတဲ့ဒေါက်တာတွေကတော့ ဒုတိယအမျိုးအစား ဒေါက်တာတွေပဲဖြစ်တယ်။ သူတို့ဟာ ကုမ္ပဏီကြီးတွေ၊ စက်ရုံကြီးတွေမှာ အလုပ်သမားတွေ ဝန်ထမ်းတွေအနေနဲ့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြတယ်။ သူတို့ကို ငွေပံ့ပေးထားတဲ့ လုပ်ငန်းကြီးတွေမှာ သူတို့စွမ်းရည် သူတို့တတ်ကျွမ်းထားတာတွေကို အစွမ်းထုတ်ပြီး ရှင်သန်နေကြတဲ့ ဒေါက်တာတွေပေါ့။

တက္ကသိုလ်တွေမှာပြန်ပြီးတော့ သုတေသနလုပ်နေကြတဲ့ ဒေါက်တာတွေကတော့ လုပ်ငန်းခွင်ဝင်သွားတဲ့ဒေါက်တာတွေလို ဝင်ငွေကောင်းမှာလည်း မဟုတ်ဘူး။ ချမ်းသာနိုင်စရာအကြောင်းလည်း မရှိပါဘူး။ ပညာသင်ရင်း ပညာထပ်ရှာနေတဲ့ ပညာရှင်တွေဖြစ်နေတာကြောင့် ဖိအားတော့မရှိဘူး၊ စိတ်ချမ်းသာစွာနဲ့ သုတေသနလုပ်ငန်းတွေ လုပ်ဆောင်နိုင်ကြတယ်။ ဒါပေမဲ့ ဘာကြောင့် ဒေါက်တာဘွဲ့တွေ ယူနေကြသလဲဆိုတာကို ပြန်ပြီး ဆန်းစစ်ကြည့်လိုက်တော့

**(၁)လုပ်ငန်းခွင်အတွက်တကယ့်ကိုသက်ရောက်မှုရှိတယ်**

ပရော်ဖက်ရှင်နယ်တွေက ကိုယ်ကြိုက်တဲ့နယ်ပယ်ကို ကူးပြောင်းပြီး လေ့လာသုတေသန ပြုလုပ်နိုင်တယ်။ ဒါကြောင့် သူတို့ဟာ လုပ်ငန်းရှင်ကြီးတွေ စိတ်ကြိုက်၊ ငွေကြေးပံ့ပေးမယ့်သူတွေရဲ့သဘောကျကြိုက်တဲ့နယ်ပယ်ကို ပြောင်းပြီးတော့ လေ့လာသုတေသနလုပ်နိုင်တယ်။ သူတို့လုပ်မယ့် သုတေသနလုပ်ငန်းတွေက အလုပ်ခိုင်းတဲ့သူတစ်ဦးရဲ့ လိုချင်တဲ့ ရလဒ်အတိုင်း ဖော်ဆောင်ပေးဖို့သာ ဖြစ်တယ်။ များသောအားဖြင့် လုပ်ငန်းရှင်တွေခိုင်းစေတဲ့ သုတေသနလုပ်ငန်းတွေဆိုတာလည်း စီးပွားရေးနဲ့ လူမှုရေးကိစ္စတွေမှာ အများကြီးသက်ရောက်မှုရှိနေတော့ အောင်မြင်အောင် တီထွင်နိုင်ရင် ချက်ချင်းနာမည်တက်ပြီး ထင်ရှားစေတယ်။

**(၂) အမြင့်ကို ချက်ချင်းရောက်နိုင်တယ်**

နာမည်ကျော် ဒေါက်တာကြီးတွေဟာ တကယ့်နာမည်ကျော်မယ့် သုတေသနနယ်ပယ်ကောင်းတွေကို လုပ်ဆောင်လေ့ရှိကြတယ်။ သူတို့ဟာ ကုမ္ပဏီအဖွဲ့အစည်းကြီးတွေမှာ အဓိကအဆုံးအဖြတ်ပေးရတဲ့ နေရာ သို့မဟုတ် မန်နေဂျာကြီးတွေရဲ့တာဝန်တွေကိုလည်း ရယူလေ့ရှိကြတယ်။ သူတို့ပညာ၊ သူတို့ဆုံးဖြတ်လုပ်ပိုင်ခွင့်တွေကို အသုံးချပြီး ထိပ်တန်းကို ရောက်သူတွေလည်း ဖြစ်သွားကြတယ်။ အားလုံးဟာ သူယူခဲ့တဲ့ ဒေါက်တာဆိုသောဘွဲ့မှာ အခြေခံနေတယ်ဆိုတာ သတိပြုသင့်တယ်။ ဒေါက်တာဆိုတဲ့ဘွဲ့ကြောင့် နေရာရတယ်။ ဒေါက်တာဖြစ်လို့ လုပ်ပိုင်ခွင့်တွေရသွားတယ်လို့ မြင်စေချင်ပါတယ်။

ဒေါက်တာဘွဲ့ ရထားသူတစ်ဦးဟာ သာမန်သူလို ငါလိုလူတော့ မဟုတ်ဘူးဆိုတာ သိထားစေချင်ပါတယ်။ သူ့ကို သူနဲ့ဆိုင်တဲ့နယ်ပယ်မှာ အကောင်းဆုံးတွေး၊ အကောင်းဆုံး ဖြေရှင်းနိုင်သူလို့ သတ်မှတ်ပြီးသားဖြစ်နေလို့သူ့မှာ အမြင့်ကိုတက်လှမ်းဖို့အခွင့်အရေးကောင်းတွေရှိနေတယ်။

**(၃) ကိုယ့်အလုပ်ကို အမြင့်ဆုံး လုပ်ပြနိုင်တယ်**

ဒေါက်တာဘွဲ့ရထားသူတစ်ဦးဟာ ဂုဏ်ကို ဖော်ထုတ်ပြရုံသက်သက် ခတ်ပုံကြီးကို အိမ်မှာချိတ်ထားရုံသက်သက်မဟုတ်ဘူး။ သူဟာ သူနဲ့ဆိုင်တဲ့နယ်ပယ်မှာ အရေး၊ အဖတ်၊ သုတေသန၊ ခွဲခြမ်း စိတ်ဖြာနိုင်စွမ်းအားလုံး သူများထက်သာလွန်နေတယ်ဆိုတာကိုလည်း သက်သေထူထားတာ ဖြစ်နေတယ်။

ပညာရပ်ဆိုင်ရာနယ်ပယ်တွေမှာ ထိပ်ဆုံးရောက်လေ ခက်ခဲလေပဲ။ ဒါကြောင့် ခေတ်နဲ့ အလျော်ညီဆုံးဘာသာရပ်နယ်ပယ်ကိုလည်း ရွေးချယ်နိုင်ရတယ်။ ထူးချွန်ပေါက်မြောက်အောင်လည်း လုပ်ပြကြရတယ်။ သူတို့ဘာတွေ လုပ်နိုင်ခဲ့တယ်ဆိုတာ အဖြေပဲ။ သူတို့ကို လာပြီးလက်တွဲမယ့် လုပ်ငန်းရှင်တွေကလည်း သူတို့ ဘာတွေလုပ်ဆောင်ခဲ့သလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး သူတို့ကို ခေါ်ယူကြလေ့ရှိတယ်။

ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့တွေလို အလွယ်တကူရထားတဲ့ ဒေါက်တာဘွဲ့မဟုတ်တော့ ကိုယ်တိုင်က ဒီဘွဲ့ကိုရအောင် ဘယ်လောက်ခက်ခဲစွာ ကြိုးပမ်းခဲ့ရတယ်ဆိုတာ ရယူခဲ့သူတိုင်း သိတယ်။

**(၄) ကိုယ့်လုပ်ငန်းနယ်ပယ်အတွက် ကွန်ရက်ကောင်းကောင်း ချိတ်ဆက်မိစေတယ်**

ပရော်ဖက်ရှင်နယ် ဒေါက်တာဘွဲ့ရထားသူတစ်ဦးအနေနဲ့ ကိုယ်သာမဟုတ်ဘူး ကိုယ်နဲ့အတူတူ အတန်းတက်ဘွဲ့ကို ယူခဲ့ကြသူတွေကပါ ခေသူမဟုတ်ဆိုတာကို နားလည်ထားကြတယ်။ သူတို့အချင်းချင်း သိတယ်။ ချိတ်ဆက်မှုတွေက ကျောင်းမှာ သုတေသနလုပ်ငန်းတွေမှာ၊ ခတ်ခွဲခန်းတွေထဲမှာတင် ရပ်သွားကြတာ မဟုတ်ဘူး။ ဘယ်သူက ဘယ်လိုအရည်အချင်းရှိတယ်ဆိုတာ ကောင်းကောင်းသိနေတာကြောင့် ဒီလိုပဲ အဆက်အသွယ်တွေနဲ့ လှမ်းခေါ်ပြီး နေရာရသွားကြတာလည်းရှိတယ်။

ကျောင်းတက်နေစဉ်ကတော့ ပြိုင်ဘက်တွေဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ဒေါက်တာဆိုတဲ့ ဘွဲ့တွေရသွားပြီးရင် ကိုယ်ဘာလဲဆိုတာ အလိုလိုကြေညာပြီးသား ဖြစ်သွားနိုင်တာကြောင့် အလုပ်အကိုင်အခွင့်အရေးတွေအတွက်လည်း စိုးရိမ်စရာ မလိုပါဘူး။

**(၅) စီးပွားရေးအမြင်နဲ့ သုံးသပ်နိုင်စွမ်းရှိတယ်**

အမေရိကမှာ ဒေါက်တာဘွဲ့ရထားတဲ့သူတွေ သူ့သက်ဆိုင်ရာ နယ်ပယ်အလိုက် အပြင်လောကမှာ လုပ်နေကြတာ အများကြီးပဲ။ ဒေါက်တာဘွဲ့ရထားသူ တစ်ယောက်ဆိုတာ ကိုယ့်ဘဝတက်လမ်းနဲ့ အသက်မွေးမှုအတွက် သာမန်ဘွဲ့ဆိုတာတွေထက် မြင့်မားတဲ့ အခွင့်အရေးကိုပိုင်ဆိုင်ထားသူတစ်ဦးလို့ပြောနိုင်တယ်။

ဒေါက်တာဘွဲ့ရမှ ခန့်မယ်လို့ပြောထားရင် ဒေါက်တာဘွဲ့ မရထားသူတွေ လာလျှောက်လို့မရတော့ဘူး။ ဘွဲ့ရအချင်းချင်း ပြိုင်ရင်တောင် ဒေါက်တာဘွဲ့ရထားသူက ပိုပြီးတော့ အခွင့်အရေးက သာနေပြီ။ ခုဆိုရင် အမေရိကရဲ့အလုပ်ဈေးကွက်မှာ ဒေါက်တာဘွဲ့တွေ ခေတ်စားနေတာ သက်သေပဲ။

ဒေါက်တာဘွဲ့ရထားသူတစ်ဦးဟာ သူတို့နိုင်ငံတွေမှာတော့ အချိန်ရော ငွေပါ အများကြီး ပေးဆပ်ထားခဲ့ရသူတွေပေါ့။ ဒါကြောင့် သူတို့ကို ခေါ်ခိုင်းတဲ့သူတွေကလည်း လစာကောင်းကောင်း ပေးကြရတယ်၊ ဒေါက်တာဘွဲ့ ဘာကြောင့်ယူကြသလဲ။ သူတို့ဆီမှာတော့ ရှင်းနေတာပဲ။ ရင်းနှီးမြှုပ်နှံမှုတစ်ခုပေါ့။ များများလိုချင် များများရင်းနှီးထားပဲ။ ပညာနဲ့ပတ်သက်ပြီး ရင်းနှီးရတာ ဘဝတစ်သက်လုံးအတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်နေလို့ သူတို့ဆီမှာတော့ ဒေါက်တာဘွဲ့ကိုရအောင် ရင်းနှီးမြှုပ်နှံမှုတစ်ခုလို လုပ်ဆောင်နေကြတယ်။

**အခြားအမြင်များ -**

တက္ကသိုလ်တစ်ခုခုမှာ ပညာရပ်တစ်ခုခုကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရင်း ဘဝကို မြှုပ်နှံသွားတဲ့ ဒေါက်တာ ပညာရှင်ကြီးတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ခေတ်သစ်ဒေါက်တာတွေကတော့ သူတို့ကိုယ်တိုင်က စွန့်ဦးတီထွင်သူတွေဖြစ်လာအောင် အခြေခံအဖြစ် ဒေါက်တာဘွဲ့တွေ မရ၊ ရအောင် ကြိုးစားသင်လာကြတာတွေလည်း များလာတယ်။ တစ်နည်းပြောရရင် အမြင့်ဆုံးပညာက အမြင့်ဆုံးတိုးတက်အောင်မြင်မှုကို ဖြစ်လာစေလိမ့်မယ်လို့ လူငယ်တွေကလည်း ယုံကြည်လာကြတာများတယ်၊ ပညာတန်ဖိုးပေါ့။

နောက်တစ်ခုက ဒေါက်တာဘွဲ့လိုချင်သူတွေဟာ သုတေသနလုပ်ရတယ်ဆိုတာ စိတ်ဝင်စားစရာကောင်းတဲ့အချက်ပဲ။ လူငယ်တိုင်း လူကြီးတိုင်း စူးစမ်းလေ့လာရတာကို သဘောကျတယ်။ ကိုယ်မသိတဲ့နယ်ပယ်ကို သိအောင်၊ သိတာကို ပိုပြီးသိအောင် လုပ်ချင်ကြတာ လူ့သဘာဝပဲ။ ဒါကြောင့် သိအောင်လည်း၊ တတ်အောင်လည်းသင်၊ မြင်အောင်လည်းရှုပြီး ပညာရှင် ဒေါက်တာတွေလို့ ဂုဏ်ပြုချီးမြှင့်တာကို ခံချင်လို့ ဒေါက်တာဆိုတဲ့ဘွဲ့ကို ယူနေကြတယ်လို့ဆိုပါတယ်။

■ E01

**(Ref : Professional Doctorate Degree Could Benefit Your Career, Northeastern University, United State of America; Why do a Ph.D?, Ross University)**

# Satire

“လာကြပါဦးရှင်…ကျွန်မသမီးလေးကိုမတရား ကျင့်နေလို့ပါ… ကျွန်မသမီးလေးကို ဟိုအကောင် မတရားကျင့်နေလို့ပါ”

နွေဘက်မို့ ပူပူရှိတာနဲ့ အိမ်မှာမနေဘဲ လမ်းထိပ်က ကွမ်းယာဆိုင်မှာ လေထိုင်ပန်းနေတဲ့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ရပ်ကွက်ထဲက အော်သံစူးစူးတစ်ခုကြောင့် ထိတ်ခနဲဖြစ်သွားတယ်။

“ကိုကြီး…ဒါ…အမေ့အသံပဲ”

ကျွန်တော့်ညီ ပြောစကားအဆုံးမှာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ရော စကားဝိုင်းဖွဲ့နေတဲ့ ရပ်ကွက်ထဲက သူငယ်ချင်းတွေပါ ဝုန်းခနဲထလိုက်ကြတယ်။

ကျွန်တော့်ညီက ကွမ်းယာဆိုင်ဘေးက တုတ်ကိုဆွဲ၊ ကျွန်တော်က အုတ်ခဲကျိုးကိုကိုင်ပြီး ရပ်ကွက်ထဲက ကျွန်တော်တို့အိမ်ရှိရာကို အသားကုန်ပြေးတော့တာပေါ့။ ကျွန်တော်တို့နောက်ကနေ သူငယ်ချင်းတွေကလည်း ရရာလက်နက်ဆွဲပြီး လိုက်လာကြတယ်။ ကျွန်တော်တို့ရှေ့မှာလည်း ရပ်ကွက်ထဲကလူတွေ။ ကျွန်တော်တို့အိမ်ရှိရာ အပြေးအလွှားသွားနေကြတာတွေ့ရတယ်။

တောက်…နေ့ခင်းကြောင်တောင်…ဒီ မတရားလုပ်တဲ့အကောင်တဲ့ သေပြီသာမှတ်။

ဟော့… အိမ်ရှေ့ရောက်တော့ ခြံဝင်းရှေ့မှာ လူတွေအုံနေတယ်။ အမေက အော်နေတုန်းပဲ။ ကမူးရှူးတိုးနဲ့ လူအုပ်ကြားကိုတိုးဝင်ဖို့လုပ်တဲ့ ကျွန်တော့်ကို ကျွန်တော့်ညီက လက်ဖမ်းဆွဲထားလိုက်တယ်။

“နေဦး…ကိုကြီး”

“ဟေ့ကောင်…ဘာနေဦးတုံး… အမေ ဒီလောက်အော်နေတာ မင်းမကြားဘူးလား…နေ့ခင်းကြောင်တောင် ဒီလိုလုပ်တဲ့ကောင်မျိုးကို အရှင်မထားနဲ့”

“နေပါဦးဆိုနေ…ကိုကြီးရာ…အမေ့အော်သံလည်း သေချာနားထောင်ကြည့်ပါဦး…တစ်ခုခုလွဲနေပြီ”

အငယ်ကောင်ပြောတော့မှ အမေ့အသံကို သေချာနားထောင်မိတယ်။

“ကျွန်မသမီးကို ဟိုကောင် ငါးမြွေထိုး မတရားကျင့်နေပါတယ်…လာကြပါဦး…”

ဗုဒ္ဓေါ…။

ဟုတ်ပေသား။ အမေအော်နေတာ ကျွန်မ သမီးတဲ့။

တကယ်တော့ အမေနဲ့ အဖေ့မှာ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ပဲ မွေးထားတာ မဟုတ်လား။

ဘယ်တုံးက သမီးက ပေါ်လာပါလိမ့်။

ကျွန်တော်နဲ့ ကျွန်တော့်ညီတင်မက ဘေးက ပါလာတဲ့ ဆွမ်းကြီးလောင်းမယ့်ဘော်ဒါတွေပါ တွေဝေသွားတယ်။

နောက်တော့ အိမ်ရှေ့မှာ ရယ်ကျဲကျဲလုပ်နေတဲ့ လူအုပ်ကိုကျော်ဖြတ်ပြီး ကျွန်တော်တို့ ခြံထဲကို ဝင်သွားလိုက်တယ်။

တရားခံ တွေ့ပါပြီ။

ပန်ဒါမ ခေါ် ဒါဒါ

အိမ်မှာ ငယ်ငယ်လေးကတည်းက မွေးထားတဲ့ အင်းခွေးမလေး။ ပန်ဒါဝက်ဝံလေးနဲ့တူလို့ဒါဒါလို့နာမည်ပေးထားတဲ့ ခွေးမလေး။

အမေက ချစ်လွန်းလို့ သံကြိုးခတ်ပြီး မွေးထားတဲ့ ခွေးမလေး။ အပြင်ထွက်မှာစိုးလို့ သံကြိုးခတ်မွေးထားတဲ့ ခွေးပျိုမလေးနဲ့ ဖင်ချင်းပူးပြီး သံယောဇဉ်ရှုလူးနေတာက ရပ်ကွက်ထဲက ခွေးလေခွေးလွင့်။

အရောင်က မွဲခြောက်ခြောက်နဲ့မို့ ငါးမြွေထိုးလို့ တစ်ရပ်ကွက်လုံးက ပေးထားတဲ့ ညောင်နာနာ ခွေးကလေကချေ။

ဘယ်ကနေ ဘယ်လို ခြံစည်းရိုးကို အပေါက်တိုးပြီး ဒါဒါကို လာအုပ်နေသည်မသိ။

အမေက စိုးရိမ်တကြီးအော်နေပေမယ့်ကျွန်တော်တို့လည်း ဘာလုပ်ရမှန်းမသိဘူး။

ဒီ ကျူးကျော်စော်ကားသူ ငါးမြွေထိုး ဆိုတဲ့ ခွေးငတိကိုပဲ တုတ်နဲ့ရိုက်ရမလား။ ရဲစခန်းမှာပဲ ၃၇၆ နဲ့ အမှုသွားဖွင့်ရမလား။

မျိုးကောင်းမျိုးသန့် အင်းခွေးစစ်စစ်မကလေးနဲ့ မျိုးမတူတဲ့ စျေးခွေး ငါးမြွေထိုးကိုပဲ မျိုးစောင့်ဥပဒေနဲ့ တရားစွဲရမလား။

ကျွန်တော်တို့မှာ တွေးရခက်ခက်နဲ့ ရယ်ရမလို ငိုရမလိုဖြစ်နေတုန်းမှာပဲ မင်္ဂလာသတို့သား မောင်ငါးမြွေထိုးနဲ့ မင်္ဂလာသတို့သမီး မဒါဒါတို့ဟာ ပိုင်ရှင်နှင့်တကွ ဧည့်ပရိသတ်ရပ်ကွက်သားတွေ ဆုံရာရှေ့မှာ အကြင်လင်မယားအရာ ပြီးမြောက်သွားလေရဲ့ဗျာ။

အမေ့မှာ သူ တသသမွေးပြီး တစ်ပင်တိုင်သံကြိုးနဲ့မွေးထားတဲ့ခွေးမလေးကိုမျိုးမတူဇာတ်ခြား ပဋိက္ခရားခွေးမင်းသားက လာလွန်ကျူးသွားလို့ မျက်ရည်ပါဝဲရတဲ့အထိ။

ဒါဒါက သံကြိုးခတ်ထားတဲ့ကြားကနေ အမေ့ကို လျှာလေးတစ်လစ်နဲ့ မျက်လုံးလေး ပေကလပ်နဲ့ ကြည့်နေလေရဲ့။

မင်္ဂလာသတို့သား မောင်ငါးမြွေထိုးကတော့ မင်္ဂလာကိစ္စပြီးမြောက်ပြီမို့ ခြံဝမှာ အမြီးတနှံ့နှံ့လုပ်နေတဲ့ အောင်နက်၊ ဂျက်ကီ၊ မြီးတို စတဲ့ သူ့သူငယ်ချင်းအုပ်စုနဲ့ ဘတ်ချလာနိုက်အတွက် ချီးတွင်းတစ်ခုခုဆီအောင်ပွဲခံဖို့ ချီတက်သွားလေရဲ့။

တကယ့်ဇာတ်လမ်းက ဒီနေရာကမှ စတာ။

သူ့ခွေးမလေး အပျိုရည်ပျက်သွားလို့ အမေက ဝမ်းနည်းနေပေမယ့် ကျွန်တော်တို့ကတော့ ကျိတ်ဝမ်းသာနေတာ။

တကယ်က ဒါဒါမနဲ့ အာဝါဟ ဝိဝါဟဖို့ သဘောတူပေးထားရတာက ခွေးဘရိတ်ဒန့်စ်အိမ်က ခွေးတစ်ကောင်နဲ့ပါ။

ခွေးဘရိတ်ဒန့်စ် အိမ်ဆိုတာ ရပ်ကွက်ထဲက သညာပြုထားတဲ့ နာမည်။ ဒါပေမဲ့ နောက်ကွယ်ကနေ တိုးတိုးတိတ်တိတ်ပဲ ခေါ်ရဲတာပါ။

ခွေးဘရိတ်ဒန့်စ် အိမ်ဆိုတာ ရပ်ကွက်ထဲမှာ လူတိုင်းကြောက်ရတဲ့အိမ်။

မိုက်တိမိုက်ကန်းညီအစ်ကိုတွေနဲ့ သူတို့တပည့်တပန်းတွေ စုနေကြတာ။ ပိုက်ဆံကလည်းချမ်းသာ။ အကြီးဆုံးအစ်ကိုကြီးက အုပ်ချုပ်ရေးဘက်ကလူတွေနဲ့ ပေါက်တယ်ရောက်တယ်ဆိုလား။

ဒီတော့ ဆင်းတောင့်ဆင်းရဲ လက်လုပ်လက်စားအများစုနေတဲ့ ကျွန်တော်တို့ရပ်ကွက်ထဲက လူတွေခမျာ သူတို့ကို ကြောက်ရတယ်။

မကြောက်လို့လည်း မရဘူး။ ထစ်ခနဲရှိ ဓား၊ လုံ လက်နက်တွေနဲ့ သူတို့ညီအစ်ကို ဆရာတပည့်တစ်သိုက် ထွက်လာတော့တာ။ အမှုဖြစ်ရင်လည်း သွားမယှဉ်နဲ့။ သိတဲ့အတိုင်း ကျားကြီး ခြေရာကြီးတွေ။

အဲ့ဒီအိမ်ကလူတွေက ဘယ်လိုဝါသနာရယ်တော့ မသိဘူး…သူ့ခြံထဲမှာ ခွေးတွေအများကြီးမွေးထားသေးတာ။ ခွေးတွေအများကြီးမွေးထားတယ်ဆိုလို့ အစာဝဝကျွေးတယ်မထင်နဲ့။

လမ်းပေါ်ကခွေးတွေကို အနိုင်ကျင့်ပြီး ကိုယ့်ဘာသာရှာစားကြပဲ။ ရပ်ကွက်ထဲက ဂယားခနဲဟေ့ဆိုတဲ့ ခွေးတိုက်ပွဲတွေဆို သွားမကြည့်နဲ့ သူတို့အိမ်က ခွေးတွေပါပြီးသား။

စားသောက်ဆိုင်တို့၊ ထမင်းဆိုင်တို့လို နေရာကောင်းတွေဆိုလည်း အဲ့ဒီအိမ်ကခွေးတွေက မောင်ပိုင်စီးပြီးသား။ တခြားခွေးတွေ ယောင်လို့တောင် သွားမကပ်နဲ့။

အဲ့ဒီလိုနေရာကောင်းရထားလို့ ဣန္ဒြေရမယ်မထင်နဲ့ဦး။ အရှုံး မောင်သန်း ဓာတ်တိုင်ဘေးပါထားတဲ့ ချီးခြောက်ပုံတွေတောင် ဒင်းတို့အုပ်စုလက်က မလွတ်စေရဘူး…စိတ်ချ။

ရပ်ကွက်ထဲက လူတွေခမျာ အဲ့ဒီလိုအပါးဝနေတဲ့ သတ္တဝါတွေကို ဟင်…ဟမ်လို့တောင် မငေါက်ရဲရှာဘူး။

ဘာလို့လဲဆိုတော့ ခွေးရှင်ကိုကြောက်ရတယ်လေ။ သူတို့မကျေနပ်သူဆို အိမ်ရှေ့ကဖြတ်သွားရင်တောင် ခွေးနဲ့ ရှူးတိုက်တတ်တဲ့လူတွေ။ ဒါပေမဲ့ သူတို့ခွေးက ကိုက်လို့ ရန်တော့သွားမလုပ်နဲ့နော်။ ငါ့ခွေးထိရင် မီးပွင့်ဆိုတာချည်းပဲ။

အဲ့ဒီလို လူတင်မဟုတ် မွေးထားတဲ့ခွေးတွေကပါ ဇော်ကျသမို့ အဲ့ဒီအိမ်ကို အရပ်ထဲက ခွေးဘရိတ်ဒန့်စ်အိမ်လို့ တိုးတိုးတိတ်တိတ် နာမည်ပေးထားတာရယ်။

တစ်ရက်မှာ အဲ့ဒီလိုအဆင့်မြင့် ခွေးဘရိတ်ဒန့်စ်အိမ်တော်ကြီးထဲက ဘုတိုဆိုတဲ့ အမွေးကျွတ်ခွေးအိုကြီးနဲ့ ကျွန်တော်တို့အိမ်က အပျိုမဒန်းမလေး ဒါဒါကို ရွှေဂဟေဆက်ဖို့ ကမ်းတဲ့လှမ်းလာလေရော။

ခွေးရော လူပါ တစ်ရပ်ကွက်လုံးက ဖိမ့်ဖိမ့်တုန်အောင်ကြောက်ရတဲ့ ခွေးဘရိတ်ဒန့်စ်အိမ်ကြီးရဲ့ ကမ်းလှမ်းမှုကို ငြင်းဖို့ရာ ကျွန်တော်တို့ မျက်နှာမွဲမိသားစုလေးခမျာ ဘယ့်နှယ်အင်အားရှိမှာလဲ။

အခုတော့…ဟိုငါးမြွေထိုးက ပန်းဦးလွှတ်လိုက်တာ အိမ်တော်ကြီးက သိသွားပြီမို့ ဘာတွေဆက်ဖြစ်မလဲ ကျွန်တော်ကတော့ ခပ်လန့်လန့်ရယ်ပါ။

သူတို့အိမ်ကြီးကလည်း လမ်းထိပ်မှာဆိုတော့ ကာမဖြစ်မနေ ဖြတ်သွားရတဲ့နေရာဆိုတော့ သတိတော့ထားရတာပေါ့။

အိမ်ကြီးရှင်တွေက ကိုယ်ဖြတ်လာရင် မျက်စောင်းတခဲခဲနဲ့။ သူ့ မြက်နုလေးကို ငါးမြွေထိုးလက်ထိုးအပ်လိုက်တဲ့ ကျွန်တော်တို့ကိုလည်း မွေးကျွတ်ဘုတိုကြီးက မာန်တဖီဖီနဲ့ပေါ့။

တစ်နေ့တော့ ငါ ခွေးနဲ့ ရှူးတိုက်ခံရမယ်ဆိုတာ သိပေမယ့် မသွားမဖြစ်တဲ့လမ်းဆိုတော့ သွားရတာပါပဲ။

တစ်ညတော့ အဲ့ဒီအိမ်ရှေ့ကအဖြတ်မှာ ဘုတိုကြီးခေါင်းဆောင်တဲ့ ခွေးတစ်အုပ် ကျွန်တော့်ကို ထွက်ကိုက်ကြပါလေရော။

အချစ်ရှုံးသမား ဒသဘုတိုကြီးရဲ့ နှလုံးသားဒဏ်ရာအမှတ်တံဆိပ်သွားရာတွေဟာ ကျွန်တော့်ခြေသလုံး ပလွေရိုးလေးမှာ ခြောက်ချက်ကြီးများတောင် ခတ်နှိပ်သွားလေရဲ့။

ရပ်ကွက်ထဲကလူတွေ ရောက်လာတော့ ဘုတိုကြီးတို့ကို ဝိုင်းဖမ်းလိုက်ကြတယ်။ ဟုတ်တယ် ခွေးရူးတွေဆို ရိုက်သတ်သင့် ရိုက်သတ်ရအောင်လေ။

မကြာပါဘူး။ ခြံကြီးရှင်တွေထွက်လာပါတော့တယ်။

“ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ…ကျုပ်တို့ခွေးတွေကိုလည်း ကြိုးနဲ့တုပ်ထားပါလား”

“ဒီမှာ…အစ်ကိုကြီးတို့ ခွေးတွေက ဒီကောင်လေးကို ကိုက်သွားလို့”

“ဟာ… မှန်း ဘယ်ကလေးတွေတုံး…ဩော်… ဘုတိုရယ်၊ အောင်နက်ရယ်၊ ဂျက်လီရယ်ပဲ… ဒီကောင်တွေက ပေါက်စကလေးတွေဗျ…ခွေးပေါက်လေးတို့ဘာသာဘာဝ အစွယ်သွေးတာနေမှာပါ”

“ဟာဗျာ…ခင်ဗျားတို့ကသာ ခွေးပေါက်လေးတဲ့ ဒီမှာ အစွယ်ရာကြီးက အကြီးကြီးဗျ..ခင်ဗျားခွေးကိုလည်းကြည့်ပါဦး…ခေါင်းမွေးတောင်ကျွတ်နေပြီ… ဘယ့်နှယ် ခွေးပေါက်စတုံး”

ကျွန်တော်ဒေါသထွက်ထွက်နဲ့ ပြန်ပြောမိတယ်။ ကျွန်တော့်အသံ နည်းနည်းကျယ်သွားလို့ထင်ပါရဲ့။ ခြံထဲကနေ နောက်ထပ် ဗလကြီးသုံးယောက် ထပ်ထွက်လာတယ်။

“ဒီမယ်ကောင်လေး… ငါတို့ခွေးတွေက လူမကိုက်လောက်ပါဘူး… မင်းကသာ သူတို့ရှေ့မျက်စိနောက်အောင် ဘာသွားလုပ်ပြနေလဲမှ မသိတာ။ ငါတို့ခွေးတွေက လူကိုက်လောက်အောင် မမိုက်မဲဘူးကွ။ မှတ်ထား။ ကဲ… ဟိုကောင်တွေ…ဘုတို…အောင်နက် …ဂျက်လီတို့ကို ခြံထဲသွင်းလိုက်ကွာ…တယ်ဆိုးတဲ့ ကလေးလေးတွေ…ငယ်သေးလို့ အစွယ်သွေးကြတယ်ထင်ရဲ့…ဟား…ဟား”

“ဂျိန်း”

ခြံတံခါးကြီး ပိတ်သွားပြီ။

ရပ်ကွက်ကလူတွေ အကူအညီနဲ့ နန္ဒင်းလေးလိမ်းပြီး အိမ်ကို ထော့နဲ့ထော့နဲ့ ပြန်လိုက်ရတယ်။ မနက်ဖြန်တော့ လမ်းထိပ်ဆေးခန်းမှာ ချက်ပတ်လည်ဆေး ဆယ့်ခုနစ်လုံး ထိုးရပါတော့မယ်။

အေးဗျာ။

အခု နွေရောက်တော့မယ်။ ခင်ဗျားတို့လည်း ခွေးဘရိတ်ဒန့်စ်အိမ်ရှေ့က ဖြတ်လျှောက်ရင် ကြည့်ဖြတ်လျှောက်ကြ။ မျက်စိနောက်အောင် သွားမလုပ်ကြနဲ့။ တော်ကြာ ငယ်သေးလို့အစွယ်သွေးတာပါဆိုပြီး ခွေးဘရိတ်ဒန့်စ်တစ်အိမ်လုံးက ဝိုင်းကိုက်လွှတ်နေမှ ခက်မယ်။

■ ဖြိုးသျှကိုကိုမောင်




“ဒီမယ်ကောင်လေး… ငါတို့ခွေးတွေက လူမကိုက်လောက်ပါဘူး… မင်းကသာ သူတို့ရှေ့ မျက်စိနောက်အောင် ဘာသွားလုပ်ပြနေလဲမှ မသိတာ။ ငါတို့ ခွေးတွေက လူကိုက်လောက်အောင် မမိုက်မဲဘူးကွ။ မှတ်ထား။ ကဲ… ဟိုကောင်တွေ… ဘုတို… အောင်နက် …ဂျက်လီတို့ကို ခြံထဲသွင်းလိုက်ကွာ…တယ်ဆိုးတဲ့ ကလေးလေးတွေ…ငယ်သေးလို့ အစွယ်သွေးကြတယ်ထင်ရဲ့…ဟား…ဟား”


YBS


မြန်မာ့အရေးကလည်း ဟာသတွေများတယ်
သည်းခံ သည်းခံ
သည်းခံ သည်းခံ
သည်းခံ သည်းခံ
ဘာ
အင်း မြန်မာ့အရေး သည်းခံပေး





# ငယ်သည့်ကလေး စည်းကမ်းတွေ ပေးသင့်သလား


Baby Center

ငယ်သေးတဲ့ကလေးတွေကို ပိုးမွေးသလို အရိပ်တကြည့်ကြည့် ထားကြရတယ်။ မိဘတွေရဲ့တာဝန်က ကလေးက ငယ်သေးချိန်မှာ လုံခြုံအောင် စောင့်ရှောက်ခြင်း၊ သူတို့စိတ်တွေကို ပျော်အောင် ကြည်နူးအောင် နှိုးဆွပေးခြင်းတွေ လုပ်ပေးရမယ်။ လေးဖက်တွားသွားနေတဲ့အရွယ်လေးတွေကို ကိုယ်ဖြစ်ချင်တာတွေ မဖြစ်ဖြစ်အောင် အရမ်းလိုက်လုပ်နေလို့ မရဘူး။ အဲဒီအရွယ် လေးတွေမှာ 'အမှား' နဲ့ 'အမှန်' ဆိုတာ ဆင်ခြင်နိုင်စွမ်းမရှိသေးဘူးဆိုတာ မိခင်ဖခင်တို့ သိထားသင့်တယ်။

ဒါကြောင့် ဆရာတွေက တပည့်တွေကို သင်သလို စည်းကမ်းတွေ၊ နည်းလမ်းတွေသင်ဖို့ အချိန်မဟုတ်သေးရင် စောင့်ရမယ်။ ငယ်တဲ့ကလေးတွေကို စည်းကမ်းဆိုပြီး ငိုလည်း အချိန်မကျလို့ နို့မတိုက်သေးဘူး၊ ဒီအချိန်ရောက်ရင် ဒါကို လုပ်ကိုလုပ်ရမယ်ဆိုတာ မျိုးတွေ သွားပြီး သတ်မှတ်လို့ မရပါဘူး။

ကလေးဟာ ငယ်သေးရင် စည်းကမ်းဆိုတာ နားမလည်ပေမယ့် နားလည်သဘောပေါက်နိုင်စွမ်းတော့ရှိပါတယ်။ လေ့ကျင့်ပေးရင် ရပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်တာတွေ ကြီးလေးတာတွေကို မဟုတ်ပါဘူး။

ဥပမာ-ကလေးက မီးကြိုးကိုကိုင်ပြီး ပါးစပ်နဲ့ ကိုက်ဖို့ ကြိုးစားနေတယ်ဆိုရင် မိခင်ဖြစ်သူက

"မလုပ်ရဘူးနော်" ဆိုပြီး ပါးစပ်ကပြောမယ်၊ ကြိုးကို ကိုင်ထားတာက လွှတ်စေမယ်။ ကလေးကို လုံခြုံစိတ်ချရတဲ့ အနေအထားကို ပြန်ထားမယ်။ ကြိုးကို အန္တရာယ်ကင်းတဲ့အနေအထားကို ဖယ်ရှားမယ်။ ကလေးက ဒါမကောင်းဘူး "မလုပ်ရဘူး" ဆိုတာကို ကောင်းကောင်းသိတယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ မှတ်ထားနိုင်ဦးမယ် မဟုတ်ဘူး။ ဒီလိုပဲ မလုပ်သင့်တာမှန်သမျှကို "မကောင်းဘူး" "မလုပ်ရဘူး" ဆိုတာလေးတွေပြောပြောပြီး သင်ရမှာပဲ။ မလုပ်ရမှာကို ရိုက်ပြီးတော့ သင်ဖို့မဟုတ်ပါဘူး။

ကလေးက တစ်ခုခုလုပ်တိုင်း လူကြီးဖြစ်သူက ကိုယ့်စိတ်နဲ့မတွေ့ရင် ရိုက်တာ၊ ခေါင်းခေါက်တာ၊ ဆွဲဆိတ်တာတွေဟာ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေ မဟုတ်ဘူး။ သူတို့က မလုပ်စေချင်တာကို အပြစ်ပေးပြီး အသားနာအောင် လုပ်လိုက်တာဟာ ကလေးကို ငိုစေပြီး ဘာမှပြန်မရနိုင်တဲ့ ဆုံးရှုံးမှုတစ်ခုပဲ။

အချို့ဆိုရင် ကလေးကို ကိုင်လှုပ်တာတို့၊ ဆွဲဆောင့်တာတို့တောင် လုပ်တတ်ကြတယ်။ ကလေးတစ်ယောက်ရဲ့ဦးနှောက်ကို ပျက်စီးစေပြီး အခန့်မသင့်ရင် သေဆုံးနိုင်တယ်။ လူကြီးတွေကိုယ်တိုင်က ဒေါသထွက်နေရင် ကလေးတွေနဲ့ ဝေးဝေးနေရင် အကောင်းဆုံးပဲ။ ဒါမှမဟုတ်လည်း ကလေးတွေကို အန္တရာယ်ကင်းတဲ့ ဆီပို့ထားသင့်တယ်။ လင်မယားချင်း မကျေနပ်လို့ စကားများပြီး ကလေးကို လက်နှိပ်မီးနဲ့ရိုက်လို့ သေသွားတာမျိုးတွေ ရှိနေတာပဲ။ ဘာမှမဟုတ်ဘဲ ကလေးက ကြားကနေ ခံစားခံဖြစ်ရတယ်။

ကလေးနဲ့ ပတ်သက်လာရင် လူကြီးတွေက ဒေါသထွက်လို့ကို မရဘူး။ ဒေါသထွက်စရာကို အကြောင်းမရှိဘူး။ ကလေးက ငိုလွန်းရင် ငိုတဲ့အကြောင်း တစ်ခုခုရှိနေလို့ပဲ။ အကြောင်းကို အဖြေမရှာဘဲ ငိုတဲ့ကလေးကို ဒေါသတွေပုံချနေရင် ကလေးပဲ နစ်နာမယ်။ ကလေးနဲ့ပတ်သက်ရင် စိတ်ကိုတည်ငြိမ်အောင် အမြဲထားနိုင်ရမယ်။

ကလေးဆိုတာ လှုပ်ရှားမယ်၊ လျှောက်သွားမယ်၊ လဲကျမယ်၊ ပြန်ထမယ်၊ ဆော့မယ်၊ ငိုမယ်၊ စားမယ်၊ အိပ်မယ် ဒါတွေဟာ သူတို့သဘာဝပဲ။ ဒါကြောင့် ကလေးတစ်ယောက် အန္တရာယ်မကျရောက်နိုင်အောင် ထိန်းသိမ်းဖို့၊ စောင့်ရှောက်ဖို့၊ တားဆီးကာကွယ်ပေးဖို့ မိဘတွေမှာ တာဝန်ရှိတယ်။

မဖြစ်သင့်တာကို မဖြစ်ရအောင် ကလေးကို အတင်းစည်းကမ်းလိုက်သတ်မှတ်ပေးနေလို့ မရဘူး။ မဖြစ်သင့်တာကို မဖြစ်စေချင်တာကို လူကြီးက ကာကွယ်တားဆီးပေးဖို့ တာဝန်ရှိတယ်။ အန္တရာယ်ရှိနိုင်တာတွေကို ဝေးဝေးထားမယ်။ အန္တရာယ်ရှိနိုင်တဲ့ နေရာတွေကိုမသွားနိုင်အောင် ကာကွယ်ပေးထားမယ်။ "အဲဒီနေရာ မသွားရဘူးလားဆိုတာ မသိဘူးလား" လို့ပြောပြီး အပြစ်ပေးရမှာ မဟုတ်ဘူး။ "အဲဒီနေရာ မသွားနဲ့နော်" လို့ပြောပြီး မသွားနိုင်အောင် အကာအကွယ်ပေးထားရမှာ။

ကလေးကို အတင်းစည်းကမ်းတွေ သတ်မှတ်ပြီး ချုပ်ကိုင်ထားမလား။ ကိုယ့်ကလေးကို ဦးနှောက်မဖွံ့ဖြိုးအောင် ကြောင်တောင်တောင်လေးဖြစ်အောင် လုပ်နေတဲ့သူတွေ ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် မိဘဝတ်ဆိုတာတော့ သိကြတယ်မဟုတ်လား။

'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ' ဆိုတာ လက်ဦးဆရာတွေမှာ တာဝန်ရှိတယ်။ နှိပ်ကွပ်လွန်းရင် မဖွံ့ထွားဘူးဆိုတာ မှတ်ထားကြစေချင်တယ်။

■ E01

(Ref : Should I discipline my baby?, Sandy Bailey)

"အသက် လေးနှစ်အရွယ် သားငယ်က မိခင်ကို မေးလိုက်သည်။
မေမေ ဘုရားသခင်ရှိတယ်ဆိုရင် သား ဘာဖြစ်လို့ မမြင်ရသလဲ၊ သားမြင်ချင်တယ်။
သားရယ် ဘုရားသခင်ဆိုတာ မြင်လို့မရဘူး။ စိတ်ထဲက ခံစားမှ သိနိုင်တာ၊
ဘုရားသခင်ဆိုတာ မေမေတို့ အနီးနားမှာပဲ ရှိနေတာ၊ သား ချစ်တယ်ဆိုတာ
သိတယ်မဟုတ်လား။ စိတ်ထဲက ခံစားရတာလေ၊ မြင်နိုင်တာမှ မဟုတ်တာ၊
မဟုတ်ဘူးမေမေ၊ ချစ်တယ်ဆိုတာ မြင်နိုင်ပါတယ်၊
သားက ဘယ်မှာ မြင်ရလို့လဲ၊
မေမေ့မျက်လုံးထဲမှာလေ"
(Love)


# အခမဲ့ ကြော်ငြာကဏ္ဍ
Classifieds

ဆရာ JV နက္ခာ

မြန်မာပြည်ကျောက်စိမ်းဆိုင်းဆိုင်း
Ph: 09-5147757

Win Bo
(Aircon Sale Service)
1031/ Bo Monue Ba Htoo Road,
World (45), North Dagon
Ph:01-580558,09-5130461

THREE BROTHERS
Air-Con Services
Ph: 09-420030386

သုခစံ ပွဲရုံ
No.B-4,
Ph: 09-73162631

Pink Rose (I)
Hair & Beauty Saloon
Ph: 09-795919500

Chaw Su
(Fitness Center & Beauty Saloon)
No.146(A),
Ph: 09-5160849,09-5024684,
09-73156621

စိန်ငွေနှင့်သားများ

ရွှေပြည့်စုံ ဖဲတာဆိုင်
Ph: 09-73010080

Jet Stin မြန်မာဆိုင်းဆိုင်း
Kun Chan 6th
Ph: 09-450015348

သက်တော်ရှည်
ဆေးဆိုင်
Ph: 09-4202745

တက်နေလင်း (မျိုးစေ့)
Ph: 09-49300233,09-254066797

(သစင်မင်း မွန်လေး)
Ph: 09-250031564,09-798176211

ကိုအောင်ကျော်စိုး ကိုနိုင်ဝင်းဘို
မြန်မာဆိုင်းဆိုင်းနှင့်ထီးဆိုင်း
Ph: 09-31638535

ငြိမ်းချမ်းမောင်
တေးသံစုံဆော့ဖ်ဝဲတီးဝိုင်း
Ph: 09-425329537

စိန်မြင့်ခိုင်၊ မျိုးသက်အောင်
မဏ်လာဆိုင်းဆိုင်း
Ph: 09-421056684,09-250145052

မြန်မာဆိုင်းဆိုင်း
Kun Chan
Ph: 09-5189490,09-421033058

ဒေယျာထွန်းဇေ
တေးသံစုံဆော့ဖ်ဝဲတီးဝိုင်း
Ph:09-250372942

ကိုကျော်မင်းထွန်း
(အောင်ပြည့်တန်ဆာ)
Ph:09-253048995

သမားတော်ကြီး
ဒေါက်တာ ...
Ph:09-5172658

Prakit
Advertising

Blue River
Ph: 09-974776688

United Hair&Salon
No(7),
Ph:09-421133658

ရောင်နီဦး (စားသောက်စုံ)
Ph:09-7810677113

တန်ခူးကြွယ် (ကာစီနှင့်အထေး)
Ph:09-783201962

သမားတော်ကြီး ဦးဘိုကြီး
Ph:01-549043,09-5414111,09-5211621

ဆရာသက်ဝေဖိုး
Ph:01-549043,09-5414111,09-5211621

အောင်သီဟ (ပုံနှိပ်လုပ်ငန်း)
Ph: 09-420013252

SCIENCE

# သင်္ချိုင်းဟောင်းများမှ ထူးဆန်းသော အရိုးစုများ

## အီဂျစ်သင်္ချိုင်းထဲက အရိုးစုများ

အီဂျစ်နိုင်ငံရှေးဟောင်း ဂူသင်္ချိုင်းများကို တူးဖော်တွေ့ရှိရာ၌ ထူးဆန်းသော တိရစ္ဆာန်အရိုးစုများကို တူးဖော်တွေ့ရှိကြရသည်။ ၁၉၇၉ ခုနှစ်တွင် ရှေးဟောင်းသုတေသနပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်က သင်္ချိုင်းကြီးတစ်ခုကို ဟီရာကွန် ပိုလိစ်အရပ်တွင် ရှာဖွေတွေ့ရှိခဲ့ရသည်။


National Geographic

သင်္ချိုင်းကြီးတစ်ခုတွင် အာဖရိက တိုက်မှ ဘာဘွန်းမျောက်ဝံအရိုးစုများနှင့် ခြေထောက်အရိုးပေါင်းများစွာကို တွေ့ရှိကြရသည်။ ခြေထောက်ရိုးများကို အောက်က ခံထားပြီး အပေါ်တွင် မျောက်အကောင်လိုက် အရိုးများကို တွေ့ရှိကြရခြင်းဖြစ်သည်။ ထို့ပြင် ဒဏ်ရာရထားသည့် နွားရိုးများ၊ တောဆိတ်နှင့် ရေမြင်းငယ်လေးများ၏ အရိုးများကိုလည်း တွေ့ရသည်။

အီဂျစ်အထက်တန်းစား သူကောင်းမျိုးတစ်ဦး၏ အလောင်းဘေးတွင်လည်း ဆင်နှစ်ကောင်၊ မိကျောင်းနှစ်ကောင်၊ ကျားသစ်တစ်ကောင်၊ နိုင်ငံရပ်ခြားတွင်သာရှိသော တိရစ္ဆာန် ကိုးကောင်ကိုလည်း ရှာဖွေတွေ့ရှိကြရသည်။ ပညာရှင်များက ဤတိရစ္ဆာန်အားလုံးသည် သေဆုံးသူပိုင်ဆိုင်သောတိရစ္ဆာန်များ ဖြစ်ကြောင်း ခန့်မှန်းကြသည်။ တိရစ္ဆာန်များသည် ထိခိုက်ဒဏ်ရာရထားခြင်းမှာ သူတို့ကို လနှင့်ချီပြီး သင်္ချိုင်းထဲတွင် အရှင်လတ်လတ် ထည့်ထားခြင်းခံရသောကြောင့် ဖြစ်မည်ဟုဆိုကြသည်။

မစ်ချီဂန်တက္ကသိုလ်မှ ပညာရှင် ရစ်ချတ်ရက်ဒင်းက တိရစ္ဆာန်အများစုတွင် ဒဏ်ရာရနေသည့် အနေအထားတွေ့ရခြင်းမှာ ဖမ်းဆီးခေါ်ဆောင်လာစဉ်ကတည်းက ရိုက်နှက်ထားသောကြောင့်ဖြစ်မည်ဟု ဆိုသည်။ အချို့သော သင်္ချိုင်းဂူများတွင် ဒဏ်ရာမရထားသည့် တိရစ္ဆာန်များမှာ ယဉ်ပါးအောင် လေ့ကျင့်ထားသောကြောင့် ဖြစ်မည်ဟု သုံးသပ်ထားသည်။ ■


Journal.com

## တရုတ်နိုင်ငံမှ မြင်းသင်္ချိုင်း

၁၉၆၄ ခုနှစ်တွင် ရှေးဟောင်းပညာရှင်များသည် တန်းစီပြီး သေဆုံးနေသော မြင်းအရိုးစုများကို တူးဖော်တွေ့ရှိကြရသည်။ မြင်း အကောင်ပေါင်း ၂၅၁ ကောင်ရှိသည်။ ကျိုမြို့စားကြီး ကျင်းဆိုသူ၏ သင်္ချိုင်းအတွင်း၌ ပူးတွဲတွေ့ရှိခဲ့ကြရခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် သင်္ချိုင်းများထဲတွင် မြင်းအရိုးစုများကို တွေ့ရှိကြရသော်လည်း ဤမျှလောက် များပြားစွာ မတွေ့ခဲ့ရဟု ဆိုကြသည်။

သုတေသီများ ဆန်းစစ်ချက်အရ မြင်းများကို အရက်တိုက်ထားသည်ဟုဆိုသည်။ အခြား ထူးခြားချက်မှာ မြင်းများ ဦးခေါင်းကို တင်းပုတ်နှင့် ထုထားသဖြင့် မေ့ပြီး အသိပျောက်နေကြသည်။ မြင်းများ အားလုံး ငယ်ရွယ် သောမြင်းများဖြစ်ပြီး အသက် ၅ နှစ်မှ ၇ နှစ်အတွင်းဖြစ်သည်။ ထို့ပြင် သုတေသီများသည် ခွေးအကောင် ၃၀၊ ဝက် ၂ ကောင်နှင့် အခြား အိမ်မွေးတိရစ္ဆာန် ၆ ကောင်၏ အရိုးများကိုလည်း တွေ့ကြရသည်။

ကျင်းမြို့စားကြီးသည် ရှန်ဒေါင်းပြည်နယ် ကျိုမြို့ကို ဘီစီ ၅၄၇ မှ ၄၉၀ အထိအုပ်ချုပ်ခဲ့သူဖြစ်သည်။ ယခုတူးဖော်တွေ့ရှိခဲ့သော မြင်းအားလုံးသည် ကျင်းမြို့စားကြီးပိုင်ဖြစ်ပြီး သူချစ်ခင်မြတ်နိုးခဲ့သော တိရစ္ဆာန်များလည်း ဖြစ်ကြသည်။ ပညာရှင်များ ခန့်မှန်းချက်အရ ဤသင်္ချိုင်းပတ်လည်တွင် အခြားသော မြင်းအရိုးစုပေါင်း ၆၀၀ ခန့် ရှိနိုင်သေးသည်ဟုဆိုသည်။ ■

## မိကျောင်းမံမီ


Ancient Origins

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဒတ်ချ် အမျိုးသားပြတိုက်တွင် သိမ်းဆည်းထားသည့် ရှေးဟောင်းပစ္စည်းများထဲမှ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်ကဟု ယူဆရသည့် မိကျောင်း မံမီရုပ်အလောင်းများကို ထုတ်ပြခဲ့သည်။ ၁၉၉၆ ခုနှစ်က ထိုအလောင်းများကို CT scan ဖတ်ပြီးဖြစ်သည်။ အကြီးဆုံးမှာ ၁၀ ပေခန့်ရှိပြီး ကျန်မိကျောင်းများမှာ ပိုသေးကြသည်။

လက်ရှိ ထိုမံမီများကို 3-D CT scan များနှင့် ထပ်ဖတ်ကြည့်ကြပြန်သည်။ မိကျောင်းအသေးစားပေါင်း ဒါဇင်နှင့်ချီပြီးတော့လည်း တွေ့ရသည်။

အီဂျစ်ရှေးဟောင်းပညာရှင်များ၏ ယူဆချက်အရ မိကျောင်းမံမီအလောင်းများသည် အီဂျစ်ဘာသာရေး အယူအဆများနှင့် ဆက်စပ်နေသည်။ မိကျောင်းသည် လူများကို နှပျိုစေပြီး ပြန်လည်ရှင်သန်ခြင်းနှင့်လည်း သက်ဆိုင်နေသည်။ ဂရိဘာသာရေးအယူအဆတွင် ဆိုဘက်နတ်ဘုရားသည် မိကျောင်းဖြစ်ပြီး မိကျောင်းခေါင်းဆောင်းထားသည့် လူရုပ်များကိုလည်း တွေ့ရှိကြရသည်။

ဆိုဘက်သည် စစ်တပ်ကို ကိုယ်စားပြုသည့် နတ်ဘုရားလည်းဖြစ်သည်။ နိုင်းမြစ်ထဲတွင် ရှိနေသည့် မိကျောင်းများသည် အီဂျစ်ကို အကာအကွယ်ပေးနေသည့်သူများအဖြစ် ယူဆထားပြီး ယုံကြည်ကိုးကွယ်မှုများလည်း ရှိကြသည်။ အကြီးဆုံး မိကျောင်းမံမီကြီးကို သစ်သား၊ ကြိုး၊ လိုင်နင်ချည်စများနှင့် သေချာစွာထုပ်ပိုးထားပြီး အလွန်စနစ်ကျလှကြောင်းလည်း တွေ့ရသည်။

■ Ref: Bizarre Beast Burials

# ကမ္ဘာကျော် သိပ္ပံပညာရှင်များ

## မာရီယာ မစ်ရှဲ

Maria Mitchell (1818-1889)



အမေရိကန် နက္ခတ္တဗေဒပညာရှင်တစ်ဦးဖြစ်သည်။ ကြယ်တံခွန်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိ ပြီး ထိုကြယ်တံခွန်ကိုလည်း မစ္စမစ်ရှဲ ကြယ်တံခွန်ဟူ၍ ဂုဏ်ပြုခေါ်ဆိုခြင်းခံရသည်။ နက္ခတ္တ ဗေဒပညာသမိုင်းတွင် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံး နက္ခတ္တဗေဒ ပညာရှင်တစ်ဦးလည်း ဖြစ်သည်။

သူမ ရှာဖွေတွေ့ရှိခဲ့သော ကြယ်တံခွန်ကို ကွယ်လွန်ပြီးမှသာ သူ့အမည်ဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။ ဒိန်းမတ်နိုင်ငံ၏ သတ္တမမြောက် ဖရက်ဒရစ်ဘုရင်ကြီးကလည်း သူ့ကို ရွှေတံဆိပ်ဆုပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းရွှေတံဆိပ်ပေါ်တွင် “Not in vain do we watch the setting and rising of the stars” ဟူ၍ ရေထိုးထားသည်။ မာရီယာအား သူကိုယ်တိုင်တီထွင်ထားသည့် တယ်လီစကုတ်ကို အသုံးပြုပြီး လူတိုင်း မသိခဲ့သော ကြယ်တံခွန်ကို ရှာတွေ့နိုင်သည်ဆိုသော သဘောဖြစ်သည်။

### အစောပိုင်းဘဝ

မာရီယာ မစ်ရှဲကို မက်ဆာချူးဆက်ပြည်နယ်၊ နန်တပ်ကက်တွင် ၁၈၁၈ ခုနှစ် ဩဂုတ်လကမွေးဖွားသည်။ ဘင်ဂျမင် ဖရင်ကလင်နှင့်လည်း ဆွေမျိုးနီးစပ်တော်သည်။ ဖခင်မှာ ဝီလျံ မစ်ရှဲဖြစ်ပြီး မိခင်မှာ လိုင်ဒီယာ ကိုးမန်း မစ်ရှဲ ဖြစ်သည်။ ငယ်စဉ်ကတည်းက အမျိုးသားများနှင့် ပညာသင်ကြားပိုင် တန်းတူအခွင့်အရေးရှိသည်ဆိုသော မိဘများက မွေးဖွားလာခဲ့ရသောကြောင့် ပညာသင်ကြားခွင့်ရခဲ့ပြီး သိပ္ပံပညာကို မြတ်နိုးလာခဲ့ရသည်။

ဖခင်ကိုယ်တိုင်က ကြယ်တွေအကြောင်း သင်ပေးခဲ့သောကြောင့် နက္ခတ္တဗေဒပညာကို စိတ်ဝင်စားခဲ့သည်။ ဖခင်ကလည်း သူတီထွင်ထားသည့် တယ်လီစကုတ်ကိုပေးပြီး သမီးဖြစ်သူကို ပညာများ သင်ပေးခဲ့သည်။ အသက် ၁၂ နှစ်သမီးအရွယ်တွင် ဖခင်ကိုယ်တိုင်က အားထားရသည့် လက်ထောက်လေးတစ်ယောက်သဖွယ် မည်သည့်အချိန်တွင် လကြတ်မည်ဆိုသည်ကအစ တွက်ချက်တတ်နေပြီဖြစ်သည်။

ငယ်စဉ်က ဆိုင်းရပ်စ် ပီရက်စ်ကျောင်းတွင် တက်ရောက်သင်ကြားခဲ့ပြီး ထိုကျောင်းတွင်ပင် ဆရာမ ပြန်လုပ်ခဲ့ သည်။ ၁၈၃၃ ခုနှစ်တွင် ကိုယ်ပိုင်ကျောင်းတစ်ကျောင်းဖွင့်ပြီး သူ့ကို စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူရန် ဖိတ်ခေါ်ခြင်းခံရသည်။ Nantucket Atheneum စာကြည့်တိုက်တွင် ၁၈ နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။

### လုပ်ဆောင်ချက်များ

၁၈၄၇ ခုနှစ် အောက်တိုဘာလတွင် သူ့အမည်ပေးပြီး ဂုဏ်ပြုခြင်းခံရမည့် ကြယ်တံခွန်ကို ပထမဆုံး ရှာဖွေတွေ့ရှိ ခဲ့သည်။ Caroline Herschel ကြယ်တံခွန်ပြီးလျှင် မာရီယာသည် ဒုတိယမြောက် ကြယ်တံခွန်တစ်ခုကို ရှာဖွေ တွေ့ရှိခဲ့သူလည်းဖြစ်သည်။ “Miss Mitchell’s Comet” ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် သူ့အမည်ကို ကမ္ဘာက သိရှိလာခဲ့ရသည်။ ယနေ့ ထိုကြယ်တံခွန်ကို C/1847 T1 ဟု အမည်သတ်မှတ်ထားခဲ့ကြသည်။

၁၈၄၈ ခုနှစ်တွင် အမေရိကန် ဝိဇ္ဇာနှင့်သိပ္ပံအကယ်ဒမီမှ အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ U.S. Nautical Almanac Office တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပြီး ကျေးကျွန်စနစ်ကို တိုက်ဖျက် ဆန့်ကျင်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။

Vassar ကောလိပ်တွင် နက္ခတ်ဗေဒပညာရပ်များကို လေ့လာနေရာမှ နိုင်ငံရေးဘက်လိုင်းပြောင်းပြီး အမျိုးသမီးများ အခွင့်အရေးအတွက် တိုက်ပွဲဝင်သူဖြစ်လာသည်။ ၁၈၇၃ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည့် အမျိုးသမီးညီလာခံကို တက်ရောက်ခွင့်ရလာခဲ့သည်။

၁၈၆၅ ခုနှစ်တွင် Vassar ကောလိပ်က သူ့ကို ပထမဆုံး ပါမောက္ခအဖြစ် ခန့်အပ်ခဲ့သည်။ ကောလိပ်က ထူထောင်ထားသည့် နက္ခတ်ဗေဒလေ့လာစူးစမ်းရေးဌာန၏ ညွှန်ကြားရေးမှူးရာထူးကို လက်ခံရရှိခဲ့သည်။ ထိုစဉ်က အမျိုးသားပါမောက္ခများထက် သူ့လစာကို နှိမ့်ပေးထားခြင်းကို တိုက်ပွဲဝင်သဖြင့် သူ့ကို လစာ တိုးမြှင့်ပြီး အမျိုးသားများနှင့် တန်းတူပေးခဲ့ရသည်။

သူတာဝန်ထမ်းဆောင်နေသည့်ကာလတွင် ဂျူပီတာနှင့် စေတန်ဂြိုဟ်များကို ကောင်းစွာလေ့လာ နိုင်ခဲ့ရုံမက ကြယ်များအကြောင်းကိုလည်း ဓာတ်ပုံများစွာရိုက်ပြီး မှတ်တမ်းတင်နိုင်ခဲ့သည်။

### နောက်ဆုံးကာလများ

သူလုပ်ရှားနေရသည့်ကာလက အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူအခွင့်အရေးများ ရခဲ့ကြသည် မဟုတ်ပေ။ သို့သော် အမျိုးသမီးတစ်ဦးအနေနှင့် သူ၏ ဆောင်ရွက်ခဲ့မှုများသည် သိပ္ပံပညာအတွက်သာမက သမိုင်းတွင်ပါ တန်ဖိုး မဖြတ်နိုင်ခဲ့ပေ။

၁၈၈၉ ခုနှစ် ဇွန်လ ၂၈ ရက်နေ့ အသက် ၇၀ အရွယ်တွင် မာရီယာကွယ်လွန်ခဲ့သည်။ ကွယ်လွန်ပြီးမှ ထင်ရှားသည့် အမျိုးသမီးကြီးတစ်ဦးအဖြစ် ဂုဏ်ပြုမှုပေါင်းများစွာ ခံရသည်။ အထင်ရှားဆုံးမှာ လပေါ်တွင် မီးတောင် ကျင်းချိုင့်ကြီးတစ်ခုအား သူမအမည်ဖြင့် ‘Mitchell’ ဟု ဂုဏ်ပြုပေးအပ်ခဲ့ခြင်းဖြစ်သည်။

## Today Update News

● လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ ဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းကို အင်အားဖြည့်တင်းရန်အတွက် အပြောင်းအရွှေ့အသုံးစရိတ် အလုံအလောက်ထုတ်ပေးရန် အသင်းတာဝန်ရှိသူများကို တောင်းဆိုလိုက်ကြောင်း Sportmail က ဖော်ပြထားသည်။ နည်းပြ ဂျာဂင်ကလော့ပ်သည် လီဗာပူး၏ လက်ရှိကစားသမားအစုအဖွဲ့မှာ အင်အားနည်းနေသေးကြောင်း ဖွင့်ဟဝန်ခံလိုက်ပြီဖြစ်ပြီး လာမည့်ဘောလုံး ရာသီအတွက် ထိပ်သီးကစားသမားအချို့ ခေါ်ယူနိုင်ရေးကို များမကြာမီအချိန်အတွင်း အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရနိုင်ရန်လည်း ၎င်းဘက်က ပြင်ဆင်ထားပြီဖြစ်ကြောင်း ဂျာဂင်ကလော့ပ်က အသိပေးထားသေးသည်။

● မန်ယူနည်းပြ မော်ရင်ညိုသည် ၎င်း၏နည်းပြဘဝဖြတ်သန်းမှုအတွင်း ရွှေဘောလုံးဆုပိုင်ရှင်အဖြစ် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို မမြင်တွေ့ခဲ့ရသည့်အတွက် ဆုရွေးချယ်သည့်စနစ်ကို လွန်စွာအံ့သြမိကြောင်း ဝေဖန်ပြောကြားသွားခဲ့ပြီး အီဘရာဟီမိုဗစ်၏စွမ်းဆောင်ရည်ပိုင်းဆိုင်ရာမှာ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့်ယှဉ်နိုင်စွမ်းအပြည့်ရှိသည်ဟုလည်း မော်ရင်ညိုက ချီးကျူးစကား ပြောကြားသွားခဲ့သေးကြောင်း The Sun က ဖော်ပြထားသည်။ အီဘရာဟီမိုဗစ်သည် လက်ရှိဘောလုံးရာသီတွင် မန်ယူကို ကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၆ ဂိုး ရယူပေးထားပြီဖြစ်ကာ ၎င်းကို နှစ်ဦးနှစ်ဖက် အကြိုသဘောတူညီထားသည့်အတိုင်း တစ်နှစ်ထပ်မံ သက်တမ်းတိုးနိုင်ရန်လည်း နည်းပြမော်ရင်ညိုက လိုလားလျက်ရှိသည်။

● အာဂျင်တီးနားလက်ရွေးစင်အသင်းနည်းပြ ဘာအူဇာသည် မတ်လနှောင်းပိုင်းတွင် ယှဉ်ပြိုင်ကစားရမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ တောင်အမေရိကဇုန် ခြေစစ်ပွဲများအတွက် လက်ရွေးစင်အသင်းကိုယ်စားပြု ကစားသမား ၂၆ ဦး ရွေးချယ်ရာတွင် မန်ယူနောက်ခံလူ ရိုဂျိုကို ပြန်လည်ထည့်သွင်းနေရာပေးလိုက်ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။ ရိုဂျိုသည် အာဂျင်တီးနားလက်ရွေးစင်အသင်းကို ကိုယ်စားပြုခွင့်မရတော့သည်မှာ လွန်ခဲ့သည့် နိုဝင်ဘာလကတည်းကဖြစ်ပြီး လက်ရှိတွင် မန်ယူနည်းပြမော်ရင်ညိုလက်အောက်၌ ရိုဂျိုက ပုံမှန်ပွဲထွက်ကစားခွင့်များ ပြန်လည်ရရှိလာခဲ့ပြီဖြစ်၍ ၎င်းကို လက်ရွေးစင်အသင်းထံသို့ ပြန်လည်ခေါ်ယူရန် နည်းပြဘာအူဇာက ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

● အဲဗာတန်၊ မန်စီးတီး၊ အာဆင်နယ်နှင့် လီဗာပူးတို့သည် အသက် ၂၂ နှစ်အရွယ်သာရှိသေးသည့် ဆန်းဒါးလန်းအသင်း ပွဲထွက်ဂိုးသမား ဂျော်ဒန်ပစ်ခ်ဖို့ဒ်ကိုလာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့် လှစ်ချိန်တွင် ခေါ်ယူရန် အပြိုင်အဆိုင် စောင့်ကြည့်အကဲခတ်နေကြောင်း The Mirror က ဖော်ပြထားသည်။ ပစ်ခ်ဖို့ဒ်သည် ဆန်းဒါးလန်းအသင်း ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ရမည်ဆိုပါက အသင်းပြောင်းရွှေ့ကစားရန် သေချာလုနီးပါးရှိနေပြီး လက်ရှိတွင် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ဆောက်ဂိတ်ကလည်း ပစ်ခ်ဖို့ဒ်ကို လက် ရွေးစင်အသင်းလူစာရင်းတွင် ထည့်သွင်းနေရာပေးရန် စဉ်းစားမှုများရှိနေပြီဖြစ်သည်။ ■

E-11

## အိမ်ကွင်းပွဲစဉ်တွေဆိုရင် အများအယွင်းကင်းကင်းနဲ့ ကစားနိုင်စွမ်းရှိတဲ့ တိုရီနိုကို သဘောကျမိတယ်

### အီတလီစီးရီးအေပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

ဒီတစ်ပတ်မှာတော့ စီးရီးအေရဲ့ထိပ်သီးစာရင်းဝင်အသင်းတွေဖြစ်ကြတဲ့ ဖီအိုရင်တီးနား၊ အင်တာမီလန်၊ ဂျူဗင်တပ်နဲ့ လာဇီယိုတို့ဟာ အဝေးကွင်းပွဲစဉ်တွေ ယှဉ်ပြိုင်ကစားသွားကြရဖို့ ရှိနေပါတယ်။ နည်းပြပိုင်အိုလီလက် အောက်မှာ ခြေစွမ်းရော စိတ်ဓာတ်ပိုင်းဆိုင်ရာပါ မြင့်တက်လာခဲ့ပြီဖြစ်တဲ့ အင်တာမီလန်ဟာ ပြီးခဲ့တဲ့သီတင်းပတ်တုန်းက ရိုးမားနဲ့ပွဲစဉ်မှာ ကြုံဆုံရင်ဆိုင်ခဲ့ရတဲ့ အရှုံးရလဒ်ကို ချက်ချင်းပဲ ပြန်လည်ချေဖျက်ပြပြီး ဖိအားတွေ အောက်ကနေ ရုန်းထွက်လာနိုင်မလားဆိုတာကို စောင့်ကြည့်ကြရမှာပါ။ ဖီအိုရင်တီးနားကလည်း ခြေတက်နေတဲ့ အတ္တလန်တာကို သတိကြီးကြီးထားပြီး တုံ့ပြန်ရင်ဆိုင်နိုင်မှသာ ရလဒ်ကောင်းတစ်ခုရရှိဖို့ မျှော်လင့်နိုင်ပါလိမ့်မယ်။

### အတ္တလန်တာ - ဖီအိုရင်တီးနား

အတ္တလန်တာက ခြေစွမ်းအတက်ဘက်ဆီ ရောက်ရှိလို့နေပါတယ်။ နောက်ဆုံးခြောက်ပွဲဆက်တိုက် ရှုံးပွဲမရှိ ဖြတ်သန်းနိုင်ခဲ့တဲ့ အတ္တလန်တာဟာ အိမ်ရှင်အခွင့်အရေးကို လက်ကိုင်ပြုပြီး ဖီအိုရင်တီးနားကို ဖိအားပေးသွားမှာပါ။ ဖီအိုရင်တီးနားအတွက် အမြင့်ဆုံးက သရေပါပဲ။ အတ္တလန်တာကို ရွေးချယ်လိုက်ချင်တယ်။

### ကက်ဂလီယာရီ - အင်တာမီလန်

အင်တာမီလန်ဟာ ဥရောပပြိုင်ပွဲပါဝင်ကစားခွင့် တစ်နေရာစာအတွက် အားထည့်ရုန်းကန်လို့နေပါတယ်။ နည်းပြ ပိုင်အိုလီရဲ့ဦးဆောင်မှုအောက်မှာ အင်တာမီလန်က နိုင်သင့်နိုင်ထိုက်တဲ့ပွဲတွေကို အနိုင်ရအောင် စွမ်းဆောင်နိုင် စွမ်းရှိလာတာက အားရစရာပါပဲ။ အင်တာမီလန် ကပ်နိုင်သွားလိမ့်မယ်လို့ ယူဆမိတယ်။

### အူဒီးနီးစ် - ဂျူဗင်တပ်

နောက်ဆုံးသုံးပွဲဆက်တိုက် အရှုံးရလဒ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ အူဒီးနီးစ်ဟာ ဂျူဗင်တပ်ကို ခံစစ်သက်သက်နဲ့ပဲ တုံ့ပြန်သွားရဖို့ ရှိနေပါတယ်။ ဂျူဗင်တပ်ရဲ့ အားသာချက်က ပွဲအလှည့်အပြောင်း ဖန်တီးနိုင်စွမ်းရှိသူ ကစားသမား ပေါပေါများများ ပိုင်ဆိုင်ထားတာပါပဲ။ ဂျူဗင်တပ်နဲ့ပဲ စွန့်စားခန်းဖွင့်လိုက်ပါရစေ။

### တိုရီနို - ပါလာမို

တိုရီနိုက အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းတည်ငြိမ်လွန်းပါတယ်။ ခံစစ်ကြောင်းဟန်ချက်ပျက်နေတာလေးကို ဂရုတ စိုက်နဲ့ ပြုပြင်လိုက်နိုင်မယ်ဆိုရင် တိုရီနိုက ပါလာမိုကို အနိုင်မကစားနိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး။ ပါလာမိုကတော့ လက်ရှိစွမ်းဆောင်ရည်အတိုင်းဆိုရင် တန်းဆင်းဇုန်ထဲမှာ ဝဲလည်ရင်းနဲ့ပဲ အချိန်ကုန်ရတော့မှာပါ။ တိုရီနိုကို ရွေးချယ်လိုက်ပါရစေ။



ပထမအကျော့ရလဒ်များ
ဖီအိုရင်တီးနား ၀ - ၀ အတ္တလန္တာ
ဂျူဗင်တပ် ၂ - ၁ အူဒီးနီးစ်
ပါလာမို ၁ - ၄ တိုရီနို
ဂျီနိုအာ ၀ - ၀ အမ်ပိုလီ
အင်တာမီလန် ၁ - ၂ ကက်ဂလီယာရီ
ဆက်ဆူအိုလို ၂ - ၁ ခရိုတုန်း
လာဇီယို ၁ - ၁ ဘိုလော့ဂ်နာ

### အမ်ပိုလီ - ဂျီနိုအာ

နှစ်သင်းလုံးက ခြေစွမ်းအကျဘက်ကို ရောက်လို့နေပါတယ်။ အမ်ပိုလီဟာ တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ ပါလာမို၊ ခရိုတုန်းနဲ့ ပက်စ်ကာရာတို့ ခြေအတက်အကျ မမှန်တာကြောင့်သာ ကံကောင်းနေတာပါ။ ဂျီနိုအာက အဝေးကွင်းကစားပုံ သိပ်အကောင်းကြီးမဟုတ်လှတဲ့အတွက် ဒီပွဲမှာ အမ်ပိုလီ အခွင့်အရေးရသွားနိုင်ပါတယ်။ အမ်ပိုလီကို အားပေးလိုက်ကြပါ။

### ခရိုတုန်း - ဆက်ဆူအိုလို

ခရိုတုန်းဟာ လက်ရှိခြေစွမ်းအရ တန်းဆင်းဇုန်ထဲကနေ ရုန်းထွက်လွတ်မြောက်နိုင်ဖို့ သိပ်မလွယ်လှပါဘူး။ ဒါပေမဲ့ အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့် ခရိုတုန်းက အနိမ့်ဆုံးအဖြစ် သရေတစ်မှတ် ရယူနိုင်ဖို့ကို ဦးတည်ကစားသွားလိမ့်မယ်လို့ ယူဆမိပါတယ်။ ဆက်ဆူအိုလိုဟာ အဝေးကွင်းကစားပုံ သိပ်အကောင်းကြီး မဟုတ်တဲ့အတွက် ခရိုတုန်း အခွင့်အရေးရသွားမှာပါ။ ခရိုတုန်းကို ရွေးချယ်လိုက်ပါရစေ။

### ဘိုလော့ဂ်နာ - လာဇီယို

လာဇီယိုဟာ ကြားရက်တုန်းက ရိုးမားနဲ့ ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်ပွဲစဉ်ယှဉ်ပြိုင်ကစားခဲ့ရလို့ ပွဲပန်းနေပါလိမ့်မယ်။ ဒါပေမဲ့ လာဇီယိုဟာ ချန်ပီယံလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့် တစ်နေရာစာကို မျှော်မှန်းခွင့်ရှိနေတာကြောင့် အမှတ်ရှာဖွေနေတာကို သတိပြုရမှာပါ။ ဘိုလော့ဂ်နာ အသင်းဟန်ချက်ပျက်နေလို့ လာဇီယိုအခွင့်အရေးကောင်းတွေ ရရှိသွားနိုင်တယ်။ လာဇီယိုကို အားပေးလိုက်ပါ။

■ E-11

## အဝေးကွင်းပွဲစဉ်ဖြစ်ပေမယ့် ဟာသာဘာလင် အနိမ့်ဆုံးသရေရလိမ့်မယ်လို့ ယုံကြည်မိတယ်

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

ဂျာမန်ဘွန်ဒက်စ်လီဂါရဲ့တနင်္ဂနွေညပွဲစဉ်နှစ်ပွဲမှာ ဟမ်းဘတ်နဲ့ ဟာသာဘာလင်တို့ရဲ့ပွဲစဉ်က တကယ့်ကိုစိတ်ဝင်စားစရာပါပဲ။ ဒီနှစ်သင်းရဲ့အခြေအနေဟာ ဒီဘက်ခေတ်မှာတော့ တကယ့်ကို ပြောင်းပြန်အနေအထားဖြစ်သွားခဲ့ပါ ပြီ။ အတိတ်ကာလတုန်းကဆိုရင် ဟမ်းဘတ်ဆိုတာက ဘွန်ဒက်စ်လီဂါရဲ့အသင်းကြီးစာရင်းဝင်ပါ။ ဟာသာဘာလင်ကတော့ ဘောလုံးရာသီစပြီဆိုတာနဲ့ တန်းမဆင်းရရေးအတွက်ကိုသာ ဦးတည်ရလေ့ရှိတဲ့အသင်းဖြစ်ပါ တယ်။ လက်ရှိမှာတော့ ဟာသာဘာလင်က ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာကို စိတ်ကူးယဉ်နေပြီး ဟမ်းဘတ်က တန်းဆင်းဇုန်တိုက်ပွဲ စတင်ဆင်နွှဲနေရပါပြီ။ ဒီနှစ်သင်းရဲ့အားပြိုင်မှုကနေ ဘယ်လိုအဖြေမျိုးထွက်ပေါ်လာလေမလဲဆိုတာက တကယ့်ကို စိတ်လှုပ်ရှားစရာပါပဲ။



### ဖရန့်ဖတ် - ဖရိုင်းဘတ်

ပထမအကျော့ရလဒ် - ဖရိုင်းဘတ် ၁ - ၀ ဖရန့်ဖတ်

ဖရန့်ဖတ်ဟာ သုံးပွဲဆက်တိုက် အရှုံးရလဒ်ကြုံခဲ့ရတာကြောင့် ဖိအားတွေအောက်ကနေ ရုန်းထွက်ဖို့အတွက် ပြန်ကြိုးပမ်းရပါလိမ့်မယ်။ ကစားခဲ့ပြီးတဲ့ အိမ်ကွင်းပွဲစဉ် ၁၀ ပွဲမှာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေရရှိပြီး တစ်ပွဲတည်းသာ ရှုံးနိမ့်ထားတဲ့ ဖရန့်ဖတ်ရဲ့အိမ်ကွင်းကစားအားကို ဖရိုင်းဘတ် တောင့်ခံနိုင်ဖို့ မလွယ်လောက်ပါဘူး။ ဖရန့်ဖတ်နဲ့ စွန့်စားခန်းဖွင့်လိုက်ကြရအောင်။

### ဟမ်းဘတ် - ဟာသာဘာလင်

ပထမအကျော့ရလဒ် - ဟာသာဘာလင် ၂ - ၀ ဟမ်းဘတ်

ဟာသာဘာလင်ဟာ အဝေးကွင်းပွဲစဉ်တွေဆိုရင် သိပ်ပြီး စိတ်မချရပါဘူး။ ဟမ်းဘတ်ကလည်း တန်းဆင်းဇုန်အန္တရာယ်နဲ့ အရမ်းကို နီးကပ်နေပြီဖြစ်လို့ အမှားမခံစတမ်း ကစားသွားတော့မှာပါ။ နှစ်သင်းလုံးအတွက် သရေက အမျှတဆုံးသော ရလဒ်တစ်ခုဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်။ ဟာသာဘာလင်နဲ့ လက်တွဲထားလိုက်ကြရအောင်လား။

■ E-11

# အက်ဖ်အေဖလားပြိုင်ပွဲတွင် ဗီဒီယိုဒိုင်လူကြီး အသုံးပြုမည်၊ ပင်နယ်တီကန်သွင်းသည့်စနစ်ကို အပြောင်းအလဲလုပ်ရန် ညှိနှိုင်း

**လန်ဒန်၊ မတ် ၄**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) သည် လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဗီဒီယိုဒိုင်လူကြီး ထားရှိအသုံးပြုရန် အပြည်ပြည်ဆိုင်ရာ ဘောလုံးအစည်းအရုံး ဘုတ်အဖွဲ့ထံက ခွင့်ပြုချက်ရသွားခဲ့ပြီ ဖြစ်ကြောင်း Mail Online က ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာဘောလုံးအစည်းအရုံးဘုတ်အဖွဲ့သည် လက်ရှိတွင် ဂျာမနီတန်းနိမ့်လိဂ်အမှတ်ပေးပြိုင်ပွဲများ၌ ဗီဒီယိုဒိုင်လူကြီး ထားရှိအသုံးပြုသည့် စနစ်ကို စမ်းသပ်နေပြီဖြစ်ကာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဗီဒီယိုဒိုင်လူကြီး ထားရှိအသုံးပြုခွင့်ရသည့် ပထမဆုံး ထိပ်တန်းပြိုင်ပွဲတစ်ရပ်အဖြစ် မှတ်တမ်းဝင်လာတော့မည်လည်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုသည် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဗီဒီယိုဒိုင်လူကြီးထားရှိသည့် နည်းပညာကို ထည့်သွင်းအသုံးပြုနိုင်ရန် ဆန္ဒရှိနေပြီး ဗီဒီယိုဒိုင်လူကြီးထားရှိသည့် အစီအစဉ်ကို ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲနှင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် စမ်းသပ်သွားဦးမည်ဖြစ်ကြောင်းလည်း အပြည်ပြည်ဆိုင်ရာဘောလုံးအစည်းအရုံးဘုတ်အဖွဲ့က အသိပေးထားသေးသည်။

အက်ဖ်အေဥက္ကဋ္ဌ မာတင်ဂလင်းသည် လာမည့်ဘောလုံးရာသီ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဗီဒီယိုဒိုင်လူကြီး ထားရှိအသုံးပြုခွင့်ရတော့မည်ကို လွန်စွာကျေနပ်အားရဖြစ်လျက်ရှိပြီး ဗီဒီယိုဒိုင်လူကြီးများမှာ အနာဂတ်ဘောလုံးလောကအတွက် အရေးပါသောခြေတစ်လှမ်းဖြစ်လာလိမ့်မည်ဟု မာတင်ဂလင်းက အခိုင်အမာ ယုံကြည်လျက်ရှိသည်။

ဖီဖာသည် ၂၀၁၆ ခုနှစ် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗီဒီယိုဒိုင်လူကြီး ထားရှိသည့်နည်းပညာကို စမ်းသပ်ခဲ့ပြီးဖြစ်ကာ ယင်းပြိုင်ပွဲတွင် ဗီဒီယိုဒိုင်လူကြီးများ၏အကူအညီဖြင့် ကွင်းလယ် ဒိုင်လူကြီးများမှာ ဆုံးဖြတ်ချက်အချို့ကို အမှားအယွင်းကင်းစွာ ချမှတ်နိုင်ခဲ့ကြောင်း ဖီဖာက ကြေညာချက်ထုတ်ပြန်ထားသည်။

အက်ဖ်အေသည် လာမည့် ၂၀၁၇ ခုနှစ် ဘောလုံးရာသီဖွင့် ချာရတီဒိုင်းပြိုင်ပွဲတွင်လည်း ဗီဒီယိုဒိုင်လူကြီး ထားရှိသည့် နည်းပညာကို အသုံးပြုခွင့်ရရန် လိုလားနေပြီး အကယ်၍ ယခုစမ်းသပ်မှုများ အောင်မြင်ခဲ့မည်ဆိုပါက များမကြာမီတွင် ပရီးမီးယားလိဂ်ပွဲစဉ်များ၌ပါ ဗီဒီယိုဒိုင်လူကြီးများကို မြင်တွေ့လာရလိမ့်မည်ဟု မာတင်ဂလင်းက ပြောကြားထားသည်။

အပြည်ပြည်ဆိုင်ရာ ဘောလုံးအစည်းအရုံးဘုတ်အဖွဲ့သည် လက်ရှိကျင့်သုံးနေသော ပင်နယ်တီကန်သွင်းသည့်စနစ်ကိုလည်း အပြောင်းအလဲလုပ်ရန် ပြင်ဆင်နေပြီဖြစ်ကာ စစ်တမ်းများအရ ပင်နယ်တီကန်သွင်းရာတွင် ပထမဆုံးကန်သွင်းခွင့်ရသည့်အသင်းက အသာစီးရတတ်သည့်အခြေအနေများကို ၎င်းတို့က လေ့လာတွေ့ရှိထားပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဘောလုံးအစည်းအရုံးဘုတ်အဖွဲ့သည် တင်းနစ်ပွဲစဉ်များတွင် အမှတ်ပိုယှဉ်ပြိုင်ကစားရချိန်၌ ကျင့်သုံးသည့်စနစ်ကို ပင်နယ်တီအဆုံးအဖြတ် ကန်သွင်းချိန်၌ အသုံးပြုလိုလျက်ရှိပြီး ယင်းစနစ် အကောင်အထည်ပေါ်လာခဲ့ပါက အသင်းတစ်သင်းက ပင်နယ်တီ တစ်ကြိမ်ကန်သွင်းပြီးချိန်တွင် ၎င်း၏ပြိုင်ဘက်အသင်းက နှစ်ကြိမ်ဆက်တိုက် ကန်ရသည့်ပုံစံဖြစ်လာလိမ့်မည်ဖြစ်သည်။ ■

E-11

# မကောင်းဆိုးဝါးမဟုတ်ကြောင်း မော်ရင်ညို အသိပေး၊ လိဂ်ဖလားဗိုလ်လုပွဲတွင် မျက်နှာ မရွှင်မပျဖြစ်ခဲ့ခြင်းကို ရှင်းပြ

**မန်ချက်စတာ၊ မတ် ၄**



မန်ယူနည်းပြ မော်ရင်ညိုသည် ၎င်းမှာ အများသူငါ ထင်မှတ်နေသကဲ့သို့ ဆက်ဆံရခက်သော၊ စိတ်ကြီးဝင်သော၊ မာန်တက်သော အရိုင်းအစိုင်း မကောင်းဆိုးဝါးတစ်ဦး မဟုတ်ကြောင်း ဖွင့်ဟအသိပေးလိုက်ပြီး မည်သူနှင့်ဖြစ်စေ လိုက်လျောညီထွေနေထိုင်လိုသည်မှာ ၎င်း၏စရိုက်မှန်ပင်ဖြစ်ကြောင်းလည်း မော်ရင်ညိုက ဆက်လက်ပြောကြား သွားခဲ့သေးသည်ဟု Sportmail က ဖော်ပြထားသည်။

မော်ရင်ညိုသည် မန်ယူအသင်းကို ၎င်းတာဝန်ယူရန် ဆုံးဖြတ်လိုက်ချိန်၌ အများသူငါက မန်ယူအသင်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ အသင်းကစားသမားများ၊ အသင်းတာဝန်ရှိသူများနှင့် ၎င်းအကြားတွင် ဆက်ဆံရေး အဆင်ပြေလိမ့်မည်မဟုတ်ဟု တွက်ဆထားခဲ့သည်များကို ၎င်းအနေနှင့် အကောင်းဆုံး ချေဖျက်ပြနိုင်ခဲ့ပြီဟု ပြောကြားသွားခဲ့ပြီး လက်ရှိတွင် ၎င်းနှင့်အလုပ်တွဲလုပ်ရသည်ကို ကာရင်တန်လေ့ကျင့်ရေးကွင်းနှင့် ဆက်နွှယ်ပတ်သက်သူများအားလုံးက ပျော်ရွှင်မှုအပြည့်ရှိနေကြပြီဖြစ်ကြောင်းလည်း မော်ရင်ညိုက အသိပေးသွားခဲ့ သေးသည်။

မော်ရင်ညိုသည် မန်ယူအသင်းပရိသတ်များ၊ အသင်းကစားသမားများ၊ အသင်းပိုင်ရှင်များနှင့် ဒါရိုက်တာဘုတ်အ ဖွဲ့ဝင်များအားလုံးက ၎င်းအပေါ်တွင် ယုံကြည်မှုအပြည့် ထားရှိလာခဲ့ကြပြီဟု ဖွင့်ဟပြောကြားသွားခဲ့ကာ လာမည့်ဘောလုံးရာသီအတွက် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ရန်ကိုလည်း အသင်းအမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝါးဒ်နှင့် တိုင်ပင်ထားပြီးဖြစ်ကြောင်း မော်ရင်ညိုက အသိပေးသွားခဲ့သည်။

မော်ရင်ညိုသည် လိဂ်ဖလား ဗိုလ်လုပွဲအပြီးတွင် မန်ယူအသင်းအနိုင်ရဗိုလ်စွဲချိန်၌ မျက်နှာမရွှင်မပျ ဖြစ်နေခဲ့ရသည့် အကြောင်းရင်းကိုလည်း ရှင်းပြသွားခဲ့ပြီး အသင်းအနေနှင့် အကောင်းဆုံးသောစွမ်းဆောင်ရည်မျိုးကို ထုတ်ဖော်ပြသ၍ ချန်ပီယံဖြစ်ခဲ့ခြင်း မဟုတ်သည့်အတွက် စိတ်မကောင်းဖြစ်ကာ မျက်နှာမသာမယာ ဖြစ်ခဲ့ခြင်းဖြစ်သည်ဟု မော်ရင်ညိုက အသိပေးသွားခဲ့သည်။

မော်ရင်ညိုသည် မန်ယူက ဆောက်သမ်တန်ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အဆိုပါလိဂ်ဖလား ဗိုလ်လုပွဲတွင် ကံကြမ္မာ၏ မျက်နှာသာပေးမှုကြောင့်သာ ၎င်းတို့အနေနှင့် ချန်ပီယံဖြစ်ခွင့်ရခဲ့ခြင်းဖြစ်သည်ဟု ဖွင့်ဟဝန်ခံထားပြီး အချိန်ပိုသာ ဆက်လက်ယှဉ်ပြိုင်ခဲ့ရမည်ဆိုပါက ပွဲအခြေအနေမှာ ဆောက်သမ်တန်ဘက်သို့ ကူးပြောင်းရောက်သွားနိုင်ကြောင်း မော်ရင်ညိုက မှတ်ချက်ပြုပြောကြားသွားခဲ့သည်။

ရုပ်သံလွှင့်ဌာနများသည် လိဂ်ဖလားဗိုလ်လုပွဲတွင် မန်ယူအသင်း ဆုဖလားဆွတ်ခူးရရှိချိန်တွင် မော်ရင်ညို မပျော်ရွှင်နိုင်ဖြစ်နေသည်ကို အချိန်အတန်ကြာ ရိုက်ကူးပြသခဲ့ပြီး ပရိသတ်များကလည်း အသင်းချန်ပီယံဖြစ်ချိန်တွင် မော်ရင်ညို မည်သည့်အတွက် မျက်နှာမသာမယာဖြစ်နေခဲ့သည်ကို လွန်စွာစိတ်ဝင်စားခဲ့ကြသည်။ ■

E-11

# မန်ယူအသင်း ဝင့်လည်တော့မည်ဖြစ်ကြောင်း ကာရေဂါ ဖွင့်ဟ

**မန်ချက်စတာ၊ မတ် ၄**




လီဗာပူးနောက်ခံကစားသမားဟောင်း ကာရေဂါသည် လွန်ခဲ့သည့် ၂၀၀၁ ခုနှစ်က ၎င်းတို့ကို မန်ယူပရိသတ်များ လှောင်ပြောင်ခဲ့သည်ကို သတိရမိကြောင်း ဖွင့်ဟပြောကြားလိုက်ပြီး လက်ရှိတွင် မန်ယူမှာ ယင်းဝင့်ပြန်လည်နေပြီဖြစ်ကြောင်း ကာရေဂါက သုံးသပ်မှတ်ချက်ပေးသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

လီဗာပူးသည် ၂၀၀၀-၂၀၀၁ ဘောလုံးရာသီတွင်လိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ယူအီးအက်ဖ်အေဖလား ပြိုင်ပွဲတို့၌ အနိုင်ရဗိုလ်စွဲကာ ဘောလုံးရာသီတစ်ရာသီအတွင်း ဆုဖလားသုံးလုံး ဆွတ်ခူးရရှိခဲ့ဖူးပြီး ယင်းသို့ လီဗာပူးအသင်း အောင်ပွဲခံခဲ့သည်ကို မန်ယူပရိသတ်များက ၁၉၉၈-၉၉ ဘောလုံးရာသီတွင် ၎င်းတို့ ဆွတ်ခူးရရှိခဲ့ဖူးသော ဖလားသုံးလုံးစံချိန်နှင့်ချိန်ထိုး၍ ချိုးနှိမ်လှောင်ပြောင်ခဲ့ကြဖူးသည်။

မန်ယူပရိသတ်များသည် ၂၀၀၀-၂၀၀၁ ဘောလုံးရာသီတွင် လီဗာပူးအသင်း ဖလားသုံးလုံးချန်ပီယံဖြစ်ခဲ့သည်ကို မက်ကီမောက်စ်ဆုဖလားများကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်ဟု လှောင်ပြောင်ခဲ့ဖူးပြီး လက်ရှိဘောလုံးရာသီတွင်မူ မန်ယူမှာ ၎င်းတို့ဆွတ်ခူးရရှိခဲ့သည့် မစ်ကီမောက်စ်ဆုဖလားများကို ရယူနိုင်ရေးအတွက် အသည်းအသန် ရုန်းကန်နေရပြီဖြစ်ကြောင်း ကာရေဂါက အသိပေးသွားခဲ့သည်။

မန်ယူသည် လိဂ်ဖလားပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီးဖြစ်ကာ အက်ဖ်အေဖလားနှင့် ယူရိုပါလိဂ်ပြိုင်ပွဲတို့တွင် ဆုဖလားလမ်းကြောင်းထက်၌ ဆက်လက်ရပ်တည်နေနိုင်ဆဲဖြစ်ပြီး လက်ရှိ မန်ယူအသင်း၏ စုဖွဲ့မှုမှာ ၂၀၀၀-၂၀၀၁ ဘောလုံးရာသီတွင် ဆုဖလားသုံးလုံးပိုင်ရှင်ဖြစ်ခဲ့သော လီဗာပူးအသင်း၏ စုဖွဲ့မှုကဲ့သို့ ကောင်းမွန်ခြင်းမရှိသည့်အတွက် အက်ဖ်အေဖလားနှင့် ယူရိုပါလိဂ်တို့တွင် ချန်ပီယံဖြစ်ရေးမှာ ခက်ခဲနိုင်သည်ဟု ကာရေဂါက ထောက်ပြထားသည်။

လီဗာပူးအသင်းသည် ၂၀၀၀-၂၀၀၁ ဘောလုံးရာသီတွင် ဇန်နဝါရီလ ၁ ရက်မှ မေလ ၁၉ ရက်အတွင်း ပြိုင်ပွဲအရပ်ရပ်တွင် ပွဲစဉ်ပေါင်း ၃၄ ပွဲ ယှဉ်ပြိုင်ခဲ့ရပြီး ယင်းပွဲစဉ် ၃၄ ပွဲတွင် လီဗာပူးအသင်းမှာ လေးပွဲတည်းသာ အရေးနိမ့်ခဲ့ဖူးသည်။

မန်ယူသည် လက်ရှိတွင် လီဗာပူးသင်း၏ ဆုဖလား ၄၁ လုံး ဆွတ်ခူးရရှိသည့်စံချိန်ကို လိုက်မီသွားပြီဖြစ်ကာ မန်ယူအသင်းပရိသတ်များကမူ အဓိက ဆုဖလားဆွတ်ခူးရရှိမှုတွင် မန်ယူက လီဗာပူးအသင်းထက် သာလွန်သည်ဟု ထောက်ပြမှုများလည်း ရှိနေသည်။ ■ E-11

# အာရှဘိလိယက်ပြိုင်ပွဲဝင်မည့် ကစားသမားစာရင်းထွက်ပေါ်

**ရန်ကုန်၊ မတ် ၄**

အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှချန်ပီယံရှစ် ဘိလိယက်ပြိုင်ပွဲဝင်မည့် ကစားသမားသုံးဦးကို ရွေးချယ်လိုက်ပြီ ဖြစ်သည်။

ဧပြီလ ၈ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာရှချန်ပီယံရှစ် ဘိလိယက်ပြိုင်ပွဲအတွက် လက်ရွေးစင်ကစားသမားရွေးချယ်ပွဲကို အောင်ဆန်းအားကစားရုံတွင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကစားသမားများ၏ ရလဒ်များအပေါ်မူတည်ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က အတွင်းရေးမှူး ဦးခင်မောင်ဦးက ပြောကြားသည်။

အာရှချန်ပီယံရှစ် ဘိလိယက်ပြိုင်ပွဲအတွက် ရွေးချယ်ခံခဲ့ရသည့် ကစားသမားများမှာ ချစ်ကိုကို၊ နေသွေးဦး၊ မင်းစည်သူထွန်းတို့ဖြစ်သည်ဟု ယင်းအဖွဲ့ချုပ်က မတ်လ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့အနေနှင့် ကာတာနိုင်ငံ၌ ဧပြီလအတွင်း၌ ပင်ကျင်းပမည့် လက်ရွေးစင်အဆင့် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

မလေးရှားဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့အတွက် ကစားသမားရွေးချယ်ပွဲ ထပ်မံပြုလုပ်မည်ဖြစ်သည်။ ■ J-04



## အသက် ၉၉ နှစ်ကျမှ ထောင်ကျချင်တယ်ဆိုလို့ ရဲတွေက ကူညီလိုက်ရတဲ့ ဘွားဘွား

အသက် ၁၀၀ နီးပါးရှိလာပေမယ့် ဘဝမှာ မကြုံဖူးသေးတဲ့ ခံစားချက်တစ်ခုခုကို လိုချင်တဲ့သူတစ်ဦး ရှိပါတယ်။

နယ်သာလန်နိုင်ငံက ဘွားဘွားတစ်ဦးဟာ အသက် ၉၉ နှစ်ရှိပါပြီ။ အချုပ်ခန်းထဲမှာ နေဖူးချင်တယ်ဆိုတဲ့ သူ့ရဲ့တောင်းဆိုချက်ကြောင့် ရဲတွေခမျာ ကူညီပေးလိုက်ရပါတယ်။

ရာဇဝတ်မှုတစ်စုံတစ်ရာ မကျူးလွန်ထားခဲ့ပေမယ့် နယ်သာလန်နိုင်ငံ နစ်ဂျ်မီဂန်မြို့မှာရှိတဲ့ ရဲတွေက ကူညီတဲ့အနေနဲ့ ဘွားဘွားကို အချုပ်ထဲထည့်ထားပေးခဲ့တာဖြစ်ပါသတဲ့။

ပိုပြီးယုတ္တိရှိ လက်တွေ့နဲ့တူအောင်လို့ အချုပ်ခန်းထဲ ခေါ်ဆောင်သွားရာမှာ လက်ထိတ်လည်း ခတ်သွားခဲ့ပါသေးတယ်။

ရဲတပ်ဖွဲ့ဟာ အမှတ်တရနေ့ရက်လေးလို့ နာမည်ပေးပြီး ဒီဓာတ်ပုံကို Facebook ပေါ် တင်ထားခဲ့ပါတယ်။

အန်နီလို့ အမည်ရတဲ့ ဘွားဘွားရဲ့ စိတ်ကူးယဉ်အိပ်မက်ကို ပြည့်ဝအောင်လုပ်ပေးခဲ့တဲ့ရဲတွေကို ဒေသခံပြည်သူတွေက ကျေးဇူးတင်နေကြပါတယ်။

■ F-02

## ရုရှားအင်ဂျင်နီယာတွေ တီထွင်လိုက်တဲ့ လေပေါ်ပျံတဲ့ မော်တော်ဆိုင်ကယ်

ရုရှားအင်ဂျင်နီယာ အဖွဲ့တစ်ဖွဲ့ဟာ လေပေါ်ပျံဝဲဆိုင်ကယ်လ် Hoverbike ရဲ့ နောက်ဆုံးမော်ဒယ်ကို ထုတ်လုပ်လိုက်ပါပြီ။

အဆိုပါယာဉ်ပျံကို မောင်းသူမဲ့ယာဉ်နည်းပညာကို သုံးပြီးတည်ဆောက်ထားတာဖြစ်ပါသတဲ့။

ကင်းမြီးကောက် 3 Scorpion 3 လို့ အမည်ပေးထားတဲ့အဆိုပါယာဉ်ပျံကို ရုရှားတွေက YouTube မှာ တင်ထားပါတယ်။ စက်ဘီးတစ်စီးလို စီးနိုင်ရုံသာမက ဇိမ်ခံပစ္စည်းအဖြစ် ပိုင်ဆိုင်နိုင်တဲ့ လေပေါ်ပျံတဲ့ယာဉ်လည်း ဖြစ်ပါသတဲ့။

ပို့ဆောင်ဆက်သွယ်ရေးမှာလည်း အသုံးပြုနိုင်သလို စွမ်းအားမြင့်အားကစားတစ်ရပ်အဖြစ်လည်း သုံးနိုင်တယ်လို့တီထွင်တဲ့ အင်ဂျင်နီယာအဖွဲ့ကပြောကြားပါတယ်။

အဆိုပါ Scorpion နည်းပညာကို သုံးပြီးတော့ ကားပျံများ၊ တက္ကစီပျံများ၊ အထုပ်အပိုး သယ်ယူပို့ဆောင်ခြင်းတွေကို လုပ်မယ်လို့သူတို့က ပြောကြားထားပါသေးတယ်။

■ F-02



## ရယ်စရာမောစရာသတင်းအချက်အလက်ကမ္ဘာ

★ ပန်းချီဆရာ မာရီယုဇ်ကတ်ဒီယာစကီးဆိုတဲ့ ပန်းချီဆရာတစ်ယောက်ဟာ လက်ဖျံအောက်ပိုင်းမပါဘဲနဲ့ မွေးလာသူဖြစ်ပါတယ်။ ဒါပေမဲ့ သူဝါသနာပါတဲ့ ပန်းချီဆရာဖြစ်လာခဲ့ပါတယ်။ မိမိအိပ်မက်နောက်ကို လိုက်ဖို့အတွက် လက်မရှုံ့ခဲ့ပါဘူး။ သူဟာ ဆုတံဆိပ်ပေါင်းများစွာရတဲ့ ပန်းချီဆရာတစ်ယောက်လည်း ဖြစ်လာခဲ့ပါသတဲ့။







★ တစ်ခါက မက္ကဆီကန်အမျိုးသမီးကြီးတစ်ဦးဟာ လမ်းဘေးခွေးတွေကို အစာကျွေးပြုစုတာ ပုံမှန်လုပ်လေ့ရှိပါသတဲ့။ တစ်ရက်သူမကွယ်လွန်တော့ နာရေးကို ခွေးတွေအများကြီး တက်ရောက်လာကြပါတယ်။ ပိုပြီးထူးဆန်းတာက ထိုအမျိုးသမီးကြီးရဲ့နာရေးကို တခြားမြို့မှာ ပြုလုပ်တာဖြစ်နေပါသတဲ့လေ။




★ လေ့လာကြည့်ထားတဲ့ ရလဒ်တွေအရ အစားအသောက်ဟာ ကိုယ်တိုင်ချက်ထားတာမဟုတ်ဘဲ တခြားသူချက်ထားတာကမှ ပိုပြီး ကိုယ်ချက်တာထက် စားချင်စဖွယ် ဖြစ်နေတတ်ပါသတဲ့။ အသားညှပ်ပေါင်မုန့်ဆိုလည်း ကိုယ်တိုင်လုပ်ထားတာထက် သူများလုပ်ပေးတာက ပိုပြီး စားကောင်းနေတတ်ပါသတဲ့။ အစားအသောက်ကို ကိုယ်တိုင်လုပ်နေတဲ့အချိန်မှာ ဒီအစားအသောက်က ထွက်လာတဲ့အနံ့ကို ရနေပြီးတော့ တကယ်တမ်းလည်းစားရောသူ့ရဲ့အနံ့က ကိုယ့်ကို မဆွဲဆောင်နိုင်တော့တာဖြစ်ပါသတဲ့။

★ ရုရှားနိုင်ငံမြို့တော် မော်စကိုမှာရှိတဲ့ လမ်းဘေးခွေးတွေဟာ ဘယ်လောက်တောင် ပါးနပ်သလဲဆိုရင် ရထားကိုတောင် ကောင်းကောင်းမွန်မွန် စီးတတ်ပါသတဲ့။ မနက်အစောကြီး ရထားပေါ်တက်ပြီးတော့ မြို့လယ်ကို လာကြတယ်။ စားသောက်ဆိုင်တွေ၊ အိမ်တွေက စွန့်ပစ်တဲ့ အစားအသောက်တွေက ပိုရှာလို့ကောင်းသတဲ့။ ညဘက်အိပ်ဖို့ကျတော့ မြို့ထဲမှာ အဆင်မပြေပါဘူး။ ဒါနဲ့ ခွေးတွေဟာ ရထားစီးပြီး ဆင်ခြေဖုံးဆီကို ပြန်သွားကြပါတယ်။

